www.burmeseclassic.com

အောင်မြင်စာပေ

မတ်တင့်



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
ဖတ်တင့်ငုံ/နတ်ရွာမိုး။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၄၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ----ဦးအောင်မြင့်။ အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး----အောင်မြင်စာပေ။ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)။



# နတ်ရွာမိုး



www.burmeseclassic.com

www.burmeseclassic.com

ဗမာစကားမှာ
"စပ်တင့်ငုံ" ဆိုတာ ရှိတယ်။
ရေပ်သီးနည်းသွားတယ်ထင်တာပဲ။
ခုဟာက
"ဖတ်တင့်ငုံ"
ဘာနည်းသွားလဲ မသိဘူး...
(သိချင် ဖတ်ကြည့်နော်)
ကောင်းခန်းကျမှ
ရှေ့လမျှော်ပါတဲ့...
နောက်လဆက်ဖတ်ပါတဲ့...
ရှေ့နဲ့နောက်
အဲ့ဒီမှာ လာညပ်နေတယ်
ဖတ်ရတာ ဘယ်လိုကြီးလဲ
ဖတ်တင့်ငုံနဲ့။ ။
(အဲ့လို ဖြစ်ဖူးကြတယ်မှတ်လား)







# အခန်း(၁)

## မေပူးမော်

ကောက်လမ်းက အထွတ်အထိပ်နားရောက်လာနေပြီ။ လပေါင်းများစွာ ကွဲကွာနေခဲ့ရသောချစ်သူ၊ သူမရှိရာ တောင်ပေါ်မြို့ကလေးသို့ လွန်ခဲ့သော သုံးနာရီခန့်က ပြန်ရောက်လာခဲ့ပြီး . ။

သူမချစ်သူ . ၊ အပွင့်လင်းဆုံးပြောရလျှင် ချစ်သူလည်း မကတော့သော အတူနေချစ်သူသည် သူမျှော်လင့်စွာ ကျားကုတ်ကျားခဲ ကြိုးစားယူခဲ့ရသော ခွဲစိပ်ပါရဂူဘွဲ့ကို အောင်မြင်စွာရယူ၍



www.burmeseclassic.com

www.burmeseclassic.com



သူမရှိရာမြေသို့ ပြန်ရောက်ခဲ့ပါပြီ။

ချစ်သူအတွက် သူမအစစအရာရာ အနစ်နာခံခဲ့ရပါသည်၊ ပညာသင်ထောက်ပံ့ကြေးက စာအုပ်စာတမ်းဖိုးသာသာ ရခဲ့သော ချစ်သူကို သူမရှိသမျှ ပိုင်သမျှ ထုခွဲရောင်းချ၍ စရိတ်ထောက်ခဲ့ရပါသည်။ ကုန်ပြီ. . ။

နောက်ဆုံး ကလေးထိန်း၊ အဝတ်လျှော် အိမ်ဖော်ဘဝနှင့် ရသမျှငွေကြေးကို မောင် ပါရဂူဘွဲ့ရရေးအတွက် သူမအားလုံး ပို့ပေးခဲ့သည်။

အေးမြလွန်းသော တောင်ပေါ်ဆောင်းကို မောင့် ကုတ်အင်္ကျီအဟောင်း၊ ဆွယ်တာအဖါတစ်ရာများနှင့် သူမ ကြံ့ကြံ့ခံ အံတုခဲ့ရသည်။

ခြေအိပ်အပေါက်အပြဲများ တစ်ထပ်ပြီးတစ်ထပ် စွပ်ကာ မောင့်တောစီးဘွတ်ဖိနပ်ဟောင်းနှင့်ပင် ဆောင်းတွေကို သူမ ဖြတ်သန်းခဲ့သည်။

အမေ့အိမ်၌ ဘယ်တုန်းကမှ သူမ,မစားခဲ့သော ငါးသလောက်ဆားနယ်နှင့် ပေါင်မုန့်ကြမ်းကို လချီ၍ ဝမ်းဖြည့်ခဲ့ရသည်။ ကော်ဖီတစ်ခွက်ကိုပင် နှစ်ခွက်စာ၊ မနက်ည ခွဲ၍ သောက်ခဲ့ရပါသည်။

ခါတ်ငွေ့တောင် ဈေးကြီး၍ မီးမဖိုနိုင်၊ ထင်းရှူးတောထဲက သစ်ကိုင်းခြောက်၊ ထင်းခြောက်တွေနှင့်သာ မီးဖိုချက်ပြုတ်ခဲ့ပါသည်။ မီးဖိုခန်းသည်ပင် မီးခိုးမှိုင်းများနှင့် မွဲညစ်နေခဲ့သည်ကို. . မောင်





ကြေကွဲမည်စိုး၍ သန့်ရှင်းရေးလုပ်နေတုန်း. . . သိမ့်ခနဲ မြေတုန်ခဲ့ခြင်းဖြစ်သည်။

မကြာခင် မြို့အဝင်နားက သတ္တုမိုင်းတွင်း ပြိုသောသတင်း သူမမီးဖိုထဲအထိ ဝင်လာသည်။ ညကြီးမင်းကြီး မောင်လာမှာက မြို့နယ်သို့ သတ္တုသွားပို့သည့် တစ်ပါကားနှင့်. . တဲ့။

ဘုရား. . . ဘုရား. . . မောင်များအဲ့သည်ကားနှင့် ပြန်လာခဲ့ပါက. . .

ဖြစ်နိုင်သည်။ သည်ကားတစ်စီးပဲ လမ်းကြုံရှိတယ်။

အလကားစီး၍ရသဖြင့် ဟိုးတစ်နှစ်ကလည်း သည်လိုကားနှင့်ပင် မောင် ညကြီးမင်းကြီး ပြန်လာနေကျ. . . ။

'သည်ညအရောက်ပြန်လာမယ်'ဟုလည်း ဖုန်းထဲက မောင် ပြောခဲ့သည်။

သူမဖုန်းက ဘီလ်မဆောင်နိုင်၍ အဖြတ်အတောက်ခံခဲ့ရတာ ကြာပြီ။ တစ်ဘက်အိမ်ကို အပြေးထွက်ခဲ့သည်။ အနွေးထည်က ခပ်ပါးပါးတစ်ထပ်သာ ဝတ်လာသည်။

တံခါးဝ အရပ်၌ပင်. . . ဖုန်းလိုင်းတွေ ပြတ်နေသည်တဲ့။

သူမ အားသွန်ပြေးလာမိသည်။ လူခြေတိတ်စပေမယ့် လူတချို့လည်း မြို့ပြင်က သတ္တုမိုင်းတွင်းဆီ ပြေးနေကြသည်။ မိသားစုဝင်တွေ. . . မိုင်းထဲတွင် ညဥ့်ဂိုဏ်းဆင်းနေသူများဖြစ်မည်။

မြေတုန်သွား၍ အိပ်မှုန်စုံမွှား နိုးလာသူတွေလည်း စုံစမ်းရန် တံခါးဖွင့် ထွက်ကြည့်နေကြသည်။ သူမကတော့ ဘာကိုမှ မကြည့်



www.burmeseclassic.com

www.burmeseclassic.com



အား ဒရောသောပါး ရှေ့သို့သာကြည့်၍ ရှိသမျှအားကုန် ပြေးလာမိသည်။

နှင်းပါးပါးထဲ မိုးမှုန်တွေပါသဖြင့် အနွေးအကျႌပါးသည် ချက်ချင်းစိုစွတ်လာသည်။ အတွင်းက ချွေးကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ပြေး. . . ပြေး. . . အဝေးကပင်. . .

"အစ်မလေး မိုးရွာမယ်ထင်တယ် မှန်တင်လိုက်ပါလား"

". . . . . . . . . . . . . . ."

အလင်းရောင်တစ်ပိုင်းတစ်စကျနေသော ဂိတ်တံခါးဝကို လှမ်းမြင်လိုက်ရပြီ။ အနီးရောက်မှ ကျောက်လမ်းလေးက ဦးမော့နေသေးသည်။ ရှန်းအတက်တွင် ယက်ကန်နေသော ခြေလှမ်းတွေက ယိမ်းထိုးလာသည်။ လဲလို့မဖြစ်။ ဖျစ်ညှစ်အားထည့်ပြေးသည်။

သတ္တုတွင်းရုံးထဲတွင် တစ်ပါကား လေးငါးစီးနှင့် ဝန်ထမ်းသုံး လင့်ရှိဗာကားတွေ ရပ်ထားသည်ကို လှမ်းမြင်ရသည်။ ဂိတ်ဝ၌ ကာတန်းထားသောမောင်းတံနား သူမ ပထမဦးဆုံး ပန်းဝင်လားခြင်း ဖြစ်သည်။

ဝင်ခွင့်မပေးသော်လည်း မြို့ပြန်တစ်ပါ စောစောကပင် ရောက်ကြောင်းနှင့် မိုင်းမန်နေဂျာနှင့်မောင် ရောက်ရောက်ချင်းပင် တွင်းပြိုသဖြင့် မိုင်းထဲဆင်းသွားကြောင်း သူမရင်ပွင့်မတတ် သိလိုက်ရသည်။

ခဏအကြာ၌ မြို့ခံလူထုက ဂိတ်တံခါးကို ချိုးဖောက်ဝင်ရောက်ကြသဖြင့် သူမပါရောပါလာပြီး. . . တဝုန်းဝုန်းအသံတွေ ပွဲ





တင်ကန်ထွက်နေသော မိုင်းတွင်းအဝမှာ ဘုရားတ၍. . သူမအရုပ်တစ်ရုပ်လို လေထဲတဖျတ်ဖျတ် အဝတ်တွေလွင့်၍ ရပ်နေခဲ့သည်မှာ သုံးနာရီကျော်လာခဲ့ပြီ ဖြစ်သည်။

မိုင်းဆင်းခါတ်လှေခါး ပြိုတဲ့ထဲ ပါသွားပြီ. . တဲ့။

စက်သီးနှင့်လူနာတွေ တွဲလောင်းတက်လာသည်။

ခြောက်ယောက်မြောက်လား. . ခုနစ်ယောက်လား. . ပွန်းပဲ့အက်ကြေ၍ တစာစာအော်သံတွေ သူမအကြားအာရုံ၌ လျှံနေသည်။

ဝုန်း!. . . ဝုန်း!. . . ။

"အစ်မလေး မိုးမပက်ဘူးလား. . တံခါး"

"ဩော်. . အေး. ."

သူမအကြားအာရုံထဲ စကားသံတွေ အဝေးကလာသလို ဝင်လာပြန်သည်။

"မန်နေဂျာနဲ့ ရုံးဝန်ထမ်းတွေက အတင်းဝိုင်းတားနေတဲ့ကြားက. . အဲ့ဒီဆရာဝန်က အတင်းဆင်းသွားတာ". . တဲ့။

"သူ့လက်ထဲ ဆေးအိပ်တစ်အိပ်ပဲ ပါသွားတာ. . တဲ့၊ မန်နေဂျာ တားမရလို့ သူပါလိုက်သွားတာ". . တဲ့။

"ကျုပ်ရှေ့တွင်ပြောတာ နားနဲ့ဆတ်ဆတ်ကြားတာဗျ၊ မန်နေဂျာ ခင်ဗျားကို အောက်ကလူတွေ မလိုအပ်ဘူး. . နေခဲ့၊ သူတို့ခုချက်ချင်း လိုအပ်နေတာက ကျုပ်ဗျ". . တဲ့။

"အဲ့ဒါမှ သူရဲကောင်းဆရာဝန်ကွ"



www.burmeseclassic.com

www.burmeseclassic.com



မြေအောက် မီတာတစ်ရာကျော်အနက်၌ မောင်ရှိနေသည်။ ထိုမြေအောက်ဆီကပင် တဝုန်းဝုန်းပြိုသံများကလည်း ရပ်လိုက်. . ထွက်လာလိုက်. . ။

အပေါ်သို့တက်လာသော လူနာတချို့၌ ပတ်တီး သို့မဟုတ် ကြပ်စီးထားသည်ကို မြင်ရသည်။

မောင် အသက်နှင့်လဲ၍ ဟိုးအနက်ကြီးထဲမှာ အလုပ်လုပ်နေသည်။ သည်လူနာတွေကို မောင်ကုသ၍ အပေါ်ရောက်အောင် တင်ပေးနေသေးသည်။

ဒါဆို မောင်ရှိနေသေးသည်။

စက်သီးပုခက်က တကျွိကျွိ မြည်သံနှင့်အတူ အမှောင်တွင်းထဲ ဆင်းသွားနေသည်။ ထိုစဉ်. . .

ဝုန်း!. . .

သူမခြေအောက်ရှိ မြေသည်. . သိမ့်ခနဲ. . ။

"အစ်မလေး ကံကောင်းတယ်၊ ကားဝင်းထဲဝင်ကတည်းက မိုးစဲသွားတယ်. . ဘယ်ဂိတ်လဲ"

"နေဦးကွဲ့ ဟိုရှေ့ကမုန့်ဆိုင်ရှေ့ ခဏရပ်ကွာ ဗိုက်ဆာသလိုလိုပဲ ကွတ်ကီးတော့ ဝယ်ဦးမှ. . ."

စာအုပ်ပိတ်သည်။ စာအုပ်ကို ကျောပိုးအိတ် အပြင်အိတ်ထဲ ထည့်သည်။ လိုရမယ်ရ မိုးကာဂျာကင်ထုတ်၍ အပေါ်က ထပ်ဝတ်သည်။ ပိုက်ဆံအိတ်ထုတ်သည်။ ကားခပါတစ်ခါတည်း ရှင်းပေးလိုက်ရင်း. . .





"မုန့်ဝယ်ပြီး ကားဂိတ်ကိုလမ်းလျှောက်သွားတော့မယ်၊ မင်းသွားလို့ရပြီ. ."

"အစ်မလေး စာဖတ်နေလို့ ဝင်းထဲဝင်ကြေး ကျွန်တော်ပဲ ပေးလိုက်တယ်"

"လေးထောင့်ငါးရာဆို. . အဲ့သမှာ ငါးထောင်ပြန်မအမ်းနဲ့တော့. . ."

"ကျေးဇူးပဲ၊ အစ်မလေး သူတော်ကောင်းနဲ့ တွေ့ပါစေဗျာ"

"အေး. . အေး. . တွေ့ချင်ပါတယ်ကွယ်"

ဂျိတ်!. . ဝူး!!. . . ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၂)

မိုး ရေတွေ ရွဲရွဲစိုနေသည့်ကြားက. . လေအေးက သူမ အရေပြားကို အပ်ဖျားပေါင်းထောင်သောင်းနှင့် ထိုးစိုက်နေသလို စူးဝင်နေ၏။ ရင်အပူက ရင်ထဲက လောင်ကျွမ်းမှုနှင့် ပြန်လည်တွန်းကန်ထားသည်။ အေးလို့အေးမှန်းမသိ။ နှာခေါင်းဖျားတွေ လက်ဖျားတွေက ထိသိအာရုံ ပျောက်နေသည်။

သူမဆုံးဖြတ်လိုက်သည်။ သည်တစ်ခါ စက်သီးပုခက်နှင့် လူနာတက်လာမည်။ စက်ဘီးပြန်ဆင်းလျှင် ဖြစ်သည့်နည်းနှင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဆီ ဆင်းလိုက်သွားမည်။ အတူတူပင် သေချင်လည်းသေရော့။

သူမကားဂိတ်ထဲက ခုံတန်းလျားတွင် စာဖတ်ရင်း ကွတ်ကီး စား၍ ကားထွက်ချိန်ကို စောင့်နေခြင်းဖြစ်သည်။ သူမကြိုက်သော ရွှေပုဇွန်ကွတ်ကီးက အပြင်ထက်ဈေးကြီးသော်လည်း ဆီချေးစော်နံ မနေဘဲ Exp: Date က မလွန်သေးသဖြင့် အရသာရှိလှသည်။

သူမ ကွတ်ကီးထုပ်ကိုဘေးချရင်း ဘယ်လက်က စာအုပ်ကို ကိုင်၍. . ညာလက်က တစ်ခုပြီးတစ်ခု နှိုက်စားရင်း မိုးအေးအေးဖွဲဖွဲ ထဲ စာအုပ်ထဲ စိတ်စွဲနေသည်။

ကြွပ်ခနဲ ကွတ်ကီးအိတ်က ထမြည်သည်။

စာဖတ်နေသော မျက်စေ့ထောင့်ကနေ ကွတ်ကီးအိတ်ပေါ်က ရုပ်သိမ်းသွားသော လက်တစ်ဘက်ကို ရိပ်ခနဲမြင်လိုက်သည်။

အို!. . . ဘယ်လိုလူလဲဟ!. . သူများမုန့်ကို. . . ။

သူမညာဘက် တစ်တောင်လောက်အကွာ၌ ထိုင်နေသူဆီ ဖျတ်ခနဲ အကြည့်ရောက်သွားသည်။

ဆံပင်အရှည်ကို စုစည်း၍ ကျောနောက်ချထားသည်။

မဟာနဖူးနှင့် လက်ခနဲနေသော စိန်နားကပ်အသေးလေး နှင့် ဖြူဖွေးနေသောမျက်နှာပိုင်ရှင်. . ။ တီရှပ်အဖြူနှင့် ဂျင်းဘောင်း ဘီနှင့် ဦးချွန်ရှူးဖိနပ်အကောင်းစားနှင့်. . ။

သူမကွတ်ကီးကို ရှေ့က ကလေးငယ်ကို လှမ်းပေးနေသည်။ ကလေးချီထားသော မိခင်က မြင်ပုံမရ။ ချစ်စဖွယ် ကလေးငယ်က ကွတ်ကီးလှမ်းယူသည်။ ပြုတ်ကျသည်။ ဖတ်ခနဲ သူကပြန်ဖမ်း၍





နှစ်ခြမ်းခွဲကာ ကလေး၏ ဘယ်ညာလက်နှစ်ဘက်စလုံးကို မိအောင် အသေအချာထည့်ပေးသည်။

သူလည်းသာဂျာကင်အညိုကို ပေါင်ပေါ် တင်ထားရာက. . သူမဘေးက ကွတ်ကီးထုပ်နား လာချသည်။

ကလေးလေးမျှော်နေလို့ သူယူကျွေးတာပဲလေဟု စိတ်ဖြေ ရင်း. . ခွင့်မတောင်းဘဲ သူများဟာကို ခြေမြန်လက်မြန် လုပ်တတ် သော ဓလေ့ရှိသူကိုတော့ နှာနည်းနည်းတင်းသွားသည်။

ကွတ်ကီးထုပ်ကလည်း နေရာပြောင်းဖို့ ခုံတန်းလျားက ပြည့် နေသည်။ သူမကိုယ်တိုင် နေရာပြောင်းထိုင်ဖို့ကလည်း အပြင်ကမိုးဖွဲ ကြောင့် ဂိတ်ထဲ၌ခရီးသည်တွေက အပြည့်ထိုင်လို့၊ အချို့က မတ် တပ်ပင် ရပ်နေကြရသေးသည်။ တင်းနေသောစိတ်က စာအုပ်ထဲ အလိုလိုပင် ပြန်ဝင်လာသည်။

စာအုပ်က Dr. A.J CRONIN ၏ CITADEL ဖြစ်သည်။ လက်ကမချချင်အောင် ကောင်းသော စာအုပ်ဖြစ်သည်။ သူမ၏ ဓလေ့စရိုက်အတိုင်း စာအုပ်ထဲစိတ်ရောက်နေလျှင် ဘေးဘီကိစ္စတွေ မေ့လျော့မြဲဖြစ်သည်။

ခုလည်း ခွင့်မတောင်းဘဲ သူ့ကွတ်ကီးကို ကလေးလေးယူ ကျွေးပစ်သည်ကို မေ့သွားပြန်ပါသည်။ လက်ကတော့ ပါးစပ်ထဲကုန် လျှင်. . အလိုလို (ညာလက်က) မုန့်ထုပ်နှိုက်စားရင်း ဆက်ဖတ်နေ သည်။

သို့သော် သူမသုံးခါနှိုက်ပြီးသောအခါ ထပ်မံသတိထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘေးကလူလည်း သူမတစ်ခုနှိုက်လျှင် သူလည်းတစ်ခုနှိုက်၍ ဝါးနေပုံရသည်။

ဘောလုံးဂျာနယ်ကို ခပ်သေးသေးဖြစ်အောင် ခေါက်၍ဖတ်ရင်း ပါးစပ်လှုပ်နေသည်။ ဂျာနယ်ကိုင်ထားသည်က ညာလက်. . ဘယ်လက်ကို ပက်လက်လှန်ပြီး ပေါင်ပေါ် တင်ထားသည်။

သေချာသည်။ လက်မ လက်ညှိုး၌ မုန့်အစအနများ ပေကျံနေသည်။ သူမ ထောင်းခနဲဒေါသထွက်၍ သူ့မျက်နှာကို စေ့စေ့ကြည့်နေမိသည်။ ကိုယ်တော်ချောက ရိပ်မိပုံတောင်မပေါ် . . ။

သူ့ဂျာနယ်ကိုသာ သဲသဲမဲမဲ ရှုနေသည်။

သူမဘာလုပ်ရင် ကောင်းမလဲ. . ။

ဒီဘာမဟုတ်တဲ့ မုန့်လေးယူစားတာလောက်နှင့်လည်း. . လူကြားသူကြား စကားထများရမှာ ရှက်နေမိသည်။ မုန့်ထုပ်ကိုလှမ်းယူပြီး ပေါင်ပေါ် တင်ရအောင်လည်း ပေါင်ပေါ် မှာက ကျောပိုးအိတ်ရှိနေသည်။ ကျောပိုးအိတ်ပေါ် မုန့်ထုပ်တင်ပြန်လျှင်လည်း တစ်ဖက်တည်းနှင့် လှမ်းနှိုက်ပါက ပြုတ်ကျမည်။

မျက်စိကို စာအုပ်ဆီပဲရွှေ့တာ ကောင်းပါသည်။

စားကောင်းနေ၍ တစ်ခုတော့ နှိုက်လိုက်သည်။

မထင်မှတ်ဘဲ သူမမိုင်းတွင်းထဲ ပြန်ချမည့် စက်သီးကြိုးဆီတိုးသွားရင်း တွင်းထဲက ဆရာဝန်ဟာ ကျွန်မချစ်သူ၊ ကျွန်မပါ တွင်းထဲဆင်းပြီ သူ့ကိုကူပါရစေဟု အတင်းတောင်းဆိုတော့သည်။

ဘယ်သူမှခွင့်မပြု. . . ။





အင်အားကောင်းသော ယောကျ်ားလုပ်သားကြီးများနှင့်သူမ တွင်းဝတွင် ဝရုန်းသုန်းကား တွန်းတိုးဆွဲငင်မှု ဖြစ်တော့သည်။

ကျွန်မ မောင့်အတွက် အသက်ရှင်နေတာပါ။ မောင်မရှိရင် ကျွန်မဘဝဟာ ရုပ်ခန္ဓာအခွံချည်းသက်သက်နဲ့ အသက်ရှင်နေရမယ့်ဘဝပါ။ ဘာအနှစ်သာရမှ မရှိမယ့်အတူတူ. . .

သူမဘယ်လက်က စာအုပ်ကို လက်ညှိုးညှပ် ပိတ်ကိုင်၍ ညာလက်က ကွတ်ကီးထုပ်စီ စမ်းလိုက်သောအခါ. . ။

ဟင်!. . မရှိတော့ပါလား။ ဪ. . အိပ်ထောင့်မှာ တစ်ခုကပ်ကျန်နေပါသေးလား။ သူမ နှိုက်၍ ဘေးကပုဂ္ဂိုလ်ကို ဖျတ်ခနဲ မျက်နှာတင်းတင်းနှင့် ကြည့်လိုက်မိသည်။

ဖွေးလက်နေသော သွားတန်းတွေနှင့် ဖြီးပြသည်။

မုန်းဖို့ကောင်းလိုက်တာ. . . သူချည်း စားပစ်လိုက်တယ်ထင်တယ်။ မသထာရေစာကို ဒင်းပဲ. . ဆက်ပြီး မျိုဆို့. . ။

ဖေါက်ခနဲပင် အသံမြည်အောင် နောက်ဆုံးကွတ်ကီးလေးကို သူမအိတ်ထဲ ပြန်ပစ်ချလိုက်သည်။ မျက်စောင်းလည်း ထိုးပစ်လိုက်မိသည်။ စိတ်ထဲကလည်း ကျိန်ဆဲလိုက်မိသေးသည် ထင်၏။

မျက်နှာရှူး၊ မျက်နှာပြောင်ကများ ငါ့လာပြုံးပြနေသေးတယ်. . . လဲသေလိုက်. . ။

ဟိုက်ခနဲ နိမ့်ကျသွားသော စက်သီးကြိုးပုခက်ဆီ သူမ ခုန်ဆင်းရန် ရုန်းကန်၍ ရှေ့တစ်လှမ်းထွက်လိုက်သည်။ ပြုတ်တူလိုလက်ကြီးတစ်ဘက်က သူမလက်မောင်းကို ဆုပ်ကိုင်၍ ဆွဲ့ခနဲနောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲရင်း မိုးထဲလေထဲ အော်ပြောသည်။

"နောက်ဆုံးလူနာကပြောတယ်မိန်းကလေး. . သူမြင်ခဲ့တယ်တဲ့၊ သူ့သူငယ်ချင်းလက်ပိနေလို့ ဆရာဝန်က အရင်းကနေဖြတ်ပြီး လူကိုအရယူနေတယ်တဲ့၊ အဲ့ဒီလူနာဟာ နောက်ဆုံးပဲတဲ့"

ထိုစဉ်. . .

ဝုန်း!. . . အုန်း!. . .။

"ဒီ. . ဒီမှာခင်ဗျ"

ကွတ်ကီးလက်ကျန်ကိုပြ၍ တစ်ခြမ်းစီဖွဲ့ရင်း. . . သူမဆီ တစ်ခြမ်းလှမ်းပေးနေသော အပြစ်ကင်းဟန်အပြည့် ထည့်ပြုံးနေသည့် ကွတ်ကီးအငတ်၏မျက်နှာ. . .။

သူမလှမ်းယူ၍ သူ့မျက်နှာကို ပစ်ပေါက်လိုက်တော့မည့်ဆဲဆဲ. . .

"ကျိုက်ထို ဆယ့်နှစ်ခွဲကားနဲ့ လိုက်ပါမယ့်ခရီးသည်များ ကားပေါ်တက်လို့ ရပါပြီခင်ဗျာ"

ကြေငြာသံကြောင့်. . . သူထိုးပေးလာသော ကွတ်ကီးကိုယောင်ရမ်းလှမ်းယူစဉ် သူကလည်း သူ့ဂျာကင်ကိုကောက်၍ မုန့်တစ်ခြမ်းကို ပါးစပ်ထဲထည့်လိုက်ပြီး ချာခနဲ သန့်စင်ခန်းဘက် ထွက်သွားတော့သည်။

ပစ်ပေါက်မည့် ကွတ်ကီးကိုလည်း နှမြောသွား၍ သူမပါးစပ်ထဲသို့ပင် ပစ်ထည့်လိုက်ပြီး ကျောပိုးအိတ် ကောက်လွယ်ရင်း မတ်တပ်ရပ်လိုက်သည်။





မိုးမရွာတော့၍ မိုးကာဂျာကင်ကိုချွတ်မည် ကြံသေးသည်။ ကားပေါ်မှာ အဲယားကွန်းအေးလွန်းရင် ဝတ်ထားတာက နည်းနည်းအဆင်ပြေသေးသည်လေ။

အင်း. . သူလည်း ဒီကားပဲလားမသိဘူး၊ ဒီလိုမျက်နှာရှူး. . ငတ်ကြီးကျနဲ့မှ တကားတည်းကျရတာ ငါကံခေတာပဲ။

ဩော်. . တက္ကစီသမား ဆုတောင်းက ပြောင်းပြန်ကို ဖြစ်တော့တာပဲ. .။ ကွတ်ကီးခိုးစားမှတော့ ဘယ်လိုမှ သူတော်ကောင်းဖြစ်ဖို့ အလားအလာမမြင်. . .။

ဥပမိရုပ်နဲ့ သောက်ကျင့်က လားလားမှအံမဝင်၊ ခေတ်မီလူရည်သန့်ဖြစ်ပြီး အောက်တန်းကျလိုက်ပုံက. . ဟွန်း. .။

သူမခုံတွင် ဝင်ထိုင်မိသည်အထိ ဒေါသကမပြေသေး။ သူမခုံနံပါတ်က(၂၀)။

ဟမလေး. . . ငါ့ဘေးများ သူလာကျနေမလား။

(၁၉)မရောက်လာသေး။ လူအတော်ပြည့်အောင် တက်လာသည်. . . (၁၉)မလာသေး။

သူမစာအုပ်လည်း ခဏပိတ်၍ သူမရှေ့က ပိုက်ကွန်အိတ်လေးထဲ ထိုးထည့်ထားမိသည်။ လည်တဆန့်ဆန့်နှင့် ဟိုမျက်နှာရှူးတက်လာမလား၊ အဝင်တံခါးကို မျှော်နေမိသည်။ သူမဘေးက (၁၉) အပြင်၊ ရှေ့နားကနှစ်ခုံ (၇) (၈) ဖြစ်မည်။ ဒါပဲလွတ်တော့သည်။

ကားထွက်ရန်(၁၅)မိနစ်အလိုအထိ. . ကိုယ်တော်ချောပျောက်နေ၏။ သူမ နေမထိထိုင်မထိ ဖြစ်လာသည်။ (၇)တွင် ဘူး



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးတစ်ပါး ဝင်ထိုင်သည်ကို လှမ်းမြင်ရသည်။

သူသာ(၁၉)၌ လာထိုင်ပါက ကားသမားကို နေရာလဲပေးဖို့ သူမ အပြင်းအထန်တောင်းဆိုရန် မောင်းတင်ထားသည်။

မိုးအုံ့နေ၍ဖြစ်မည်။ ကားက အဲယားကွန်းမဖွင့်ထားချေ။

မိုးကာဂျာကင်ကြောင့် အိုက်စပ်စပ်ဖြစ်လာသည်။

ထိုစဉ် အသက်ကြီးကြီး လူကြီးတစ်ယောက် လမ်းလျှောက်လာနေသည်။ ခုံတွေရေတွက်လာသည်။ ခေါင်းမွေးဖြူဖြူ ကော်လံကတုံးလက်တိုနှင့် ပလတ်စတစ်အိတ်မည်းဆွဲ၍ ခရီးဆောင်အိတ်လွယ်ထားသည်။

"သမီးခုံနံပါတ် ဘယ်လောက်လဲကွယ်"

"နှစ်ဆယ်ပါ ဦးဦးက"

"ဆယ့်ကိုး"

"ဒီနံပါတ်ပဲ. . ထိုင်ပါရှင် ဘယ်ကိုသွားမှာလဲ"

"ကျိုက်ထိုပါ"

သူမသက်ပြင်းချလိုက်မိသည်။ ရင်ထဲကအလုံးလည်း ခုမှပင် ကျသွားသည်။ လူကြီးက သူ့အိတ် စင်ပေါ်တင်သည်။ ပလတ်စတစ်အိတ်မည်းကိုတော့ အောက်မှာသာချထားသည်။

သူမက ကျောပိုးအိတ်တင်ပြီးဖြစ်၍ လူကြီးဝင်ထိုင်လျှင် အထွက်ခက်မည်မို့. . .

"ဦး ခဏနေဦး၊ သမီးကျောပိုးအိတ်ထဲ ဒီဂျာကင်ထည့်ချင်လို့"

သူမ အလည်လျှောက်လမ်းထွက်၍ မိုးကာဂျာကင်ကိုချွတ်





သည်။ ကျောမှီပေါ် ခဏတင်သည်။ ကျောပိုးအိတ်ချသည်။ ဇစ်ဖွင့်သည်။ ကျောမှီပေါ်က မိုးကာဂျာကင်ကို ကုပ်ကဆွဲဆန့်၍ လက်တွေအပြားလိုက်ကပ်ပြီး ခေါက်သိမ်းမှ. . ကြွပ်ကြွပ်. . ကြွပ်ကြွပ်. . မြည်၍ ဂျာကင်ဘေးအိတ်က ဖုတုတုဖေါင်းတောင်းတောင်းဖြစ်နေသည်။

ဘာပါလိမ့်!. . ဘာလဲဟ!. . ။

ဂျာကင်ကို ပြန်ဆန့်ချ၍ အိတ်ထဲနှိုက်ကြည့်လိုက်မှ. . .

တစ်ပိုင်းတစ်စ ထွက်လာမှ. . .

"ဟင်!. . . "

သူမပါးစပ်က ခပ်ကျယ်ကျယ်ထွက်ကျလာသော အာမေဋိတ်သံကြောင့် ဘေးဘီကပင် ဝိုင်းကြည့်လာသည်။ သူမတစ်ကိုယ်လုံးရှိသွေးတွေ တပြိုင်နက်ပင် ဖြန်းခနဲ ထပွတ်သွားသည်ထင်သည်။

ဆံပင်တွေ ထထောင်လာသည့်ကြားက ကယောင်ချောက်ချား ရွတ်မိသည်။

"လက်စသပ်တော့ ငါ့ကွတ်ကီးထုပ်က ငါ့ဂျာကင်အိတ်ထဲမှာပါလား၊ ဟား. . သွားပြီ. . ၊ အခုနက. . ငါစားခဲ့တာ. . ဟာ. . ဟာ. . ငါ. . ငါ. . ငါ. . "

ရပ်ထားသော (စက်တောင်မနှိုးရသေးသော) အဝေးပြေးဘတ်စကားကြီး ရှုပ်ယှက်ခတ်ကုန်ချော့ပင် ... 





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

ကြည့်စမ်းပါဦး. . .

ဘာမပြောညာမပြောနဲ့ သူ့မုန့်တွေ ငါသွားနှိုက်စားနေမိခဲ့တာပါလား။ ငါ ဟိုမကြည့်ဒီမကြည့် နှိုက်စားတာ သူမြင်မြင်ချင်း ဘယ်လိုစထင်သွားမှာပါလိမ့်. . .။

ဟာ!. . ဘာလဲဟ. . ဒီအမျိုးသမီး ဝတ်စားပြင်ဆင်ထားတာက အပုံစား၊ ရုပ်ကလည်း သနားကမား၊ ဖတ်နေတာက အင်္ဂလိပ်စာအုပ်၊ လုပ်နေပုံက. . ဘာလဲဟ၊ အတည်ပေါက်နဲ့ ငါ့မုန့်တွေ သော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကိစားနေပုံလား၊ ပြီးတော့ မသိချင်ယောင်ဆောင်နေလိုက်သေး။

အင်း. . . အဲ့လိုပဲ သူတွေးတော့မှာပေ့ါ၊ ငါရှက်လိုက်တာ ငါ့ဘဝမှာ ဒီလောက်ရှက်ဖူးတာမျိုး ဒီတစ်သက်မှာ ဒီတစ်ခါပဲ ဖြစ်ဖူးသေးတာပါ။

သူလည်း ခေတ်မီလူရည်သန့်တစ်ယောက်ပဲ။ ဒါကြောင့်. . ဘာမှမပြောတာနေမှာ သူ့မှန့်ဖြစ်ကြောင်း သူက သတိပေးတဲ့အနေနဲ့ ရှေ့က ကလေးလေးကို စိမ်ပြေနပြေ ဖွဲ့ကျွေးပြနေခဲ့သားပဲ. . ငါကိုက လျှမ်းတာ. . ငါ့ကိုက စာအုပ်ငမ်းငမ်းတက်နေခဲ့တာ. . . ။

ဆက်တိုက်ပင်တွေးရင်း အလည်လျှောက်လမ်းတွင် ကျောပိုးအိတ်တွဲလောင်းဆွဲရင်း သူမ ခပ်ကြောင်ကြောင်ရပ်နေမိဆဲဖြစ်သည်။

သူမဘေးက ဦးလေးကြီးကလည်း အိတ်ကိုအပေါ်မတင်သေးဘဲ သူမရပ်နေ၍ သူမဘေးနားက အလိုက်သင့်ပင် ရပ်ပေးနေသည်။ သူမဝင်ထိုင်မှ ဦးလေးကြီးလည်း ဝင်လို့ရမည်လေ။ သူမကို ကြည့်နေသည်ကို သတိထားမိမှ. . .

"ဪ. . ဆောရီးဦးလေး၊ သမီးပစ္စည်းတစ်ခု ပါရဲ့လားလို့ တွေးနေမိလို့"

စိတ်ရှုပ်ထွေးသေးသိမ်နေမှုက နောက်ထပ်မုသားတစ်ခုကို မလိုအပ်ဘဲ ဒိုင်းလိုသုံး၍ ကာမိလိုက်ပြန်ပါသည်။

"ရပါတယ်ကွယ်၊ အိပ်တင်လေ လေးလို့လား ဦးတင်ပေးရမလား"





"ရပါတယ်ရှင့်. . မိန်းကလေးအဝတ်အစားတွေဆိုတော့ လူကြီးသူမတွေခေါင်းပေါ် ကောင်းပါ့မလားလို့ တွေးနေမိတာလည်းပါပါတယ်"

"ခရီးသွားတာပဲကွယ်၊ ရန်ကုန်မှာ တိုက်တန်းလျား လေးငါးခြောက်ထပ်တောင် အောက်ထပ်တွေ ရဟန်းသံဃာ ဝင်ရသေးတာပဲ စိတ်သာအဓိကပါ"

သူမအိတ်ထဲ ဂျာကင်မထည့်ခင် ကွတ်ကီးမုန့်ထုပ်ကိုတော့ ထုတ်ထားလိုက်သည်။ ဂျာကင်ထည့်သည်။ ဇစ်ပိတ်၍ အိတ်ပစ်တင်လိုက်သည်။ စင်ရှိအဖုံး ပြန်ပိတ်သည်။

သက်ပြင်းချရင်း သူမျှား ကားပေါ်တက်လာပြီးလား လှမ်းကြည့်လိုက်သေးသည်။ တစ်ခုံလွတ်နေသေးသည်။ (၈) ဖြစ်သည်။

တက်မလာသေး။ ကားထွက်ရန် (၅)မိနစ်ခန့်သာ လိုတော့သည်။

သူမဝင်ထိုင်သည်။ မုန့်ထုပ်ကို ရှေ့က စာအုပ်ထည့်သည့် ပိုက်ကွန်အိတ်ထဲ ထိုးထည့်လိုက်သည်။ စာအုပ်ကိုလှမ်းယူ၍ ကျောမှီကို ခလုတ်နှိပ်ဆန့်ရင်း စာထဲ စိတ်ကိုပြန်ပို့ရန်ပြင်သည်။

သို့သော်. . . သူဘာလို့ ကားပေါ်တက်မလာသေးတာပါလိမ့်ဟူသော အတွေးစိတ်က ရှိနေသည်။ ထွက်မည့်ကားက ဂိတ်ကိုထောင့်မှန် အနေအထား ဘယ်ခြမ်းနှင့် ရပ်ထားသည်။

သူမခုံက ကားညာဘက် မှန်ပြူတင်းနားမှာမို့ ဦးခေါင်းမတ်၊ ကျောဆန့်၍ လှမ်းကြည့်လျှင် ဂိတ်နှင့်ခရီးသည်နားခန်းကို လှမ်းမြင်

www.burmeseclassic.com



နေရသည်။ သူမခါးဆန့်၍ လှမ်းကြည့်သည်။ သူ့အရိပ်အယောင်ကို မမြင်ရ။ ရေအိမ်ထဲ ဒီလောက်ကြာအောင် ဘာဝင်လုပ်နေပါလိမ့်။

ဈေးသည်နှင့် အခြားခရီးသည်များ ရှုပ်ရှက်ခတ်နေသည့်ကြားက. . ဘယ်နေရာကများ သူထွက်လာမလဲဟု သူမဖင်တကြွကြွရင်တမမ ရှာဖွေနေမိသည်။

နေစမ်းပါဦး. . သူက ဒီကားပေါ် တက်လာပြီး ဟိုးက ဘုန်းကြီးဘေးက ခုံလွတ်မှာ ဝင်ထိုင်နေပါပြီတဲ့. . . ငါကဘာလုပ်မလဲ။

"ဆောရီးနော်. . အခုန ကျွန်မများပြီး. . နှိုက်စားနေမိတာရှင့်မုန့်ထုပ်မှန်း သိကိုမသိလို့ပါ. . .၊

ဟင်း. . ဟင်း. . စာဖတ်မိရင် ကျွန်မက အဲ့လိုပဲ ဖြစ်တတ်တယ်ရှင့်. . သိလား. .၊ ဘေးဘီကို ခဏမေ့နေတတ်တယ်. . .၊

ဖြစ်ချင်တော့ ကျွန်မဝယ်လာတဲ့ကွတ်ကီးနဲ့ အတူတူပဲလေ၊ ဒါကြောင့် ကျွန်မများပြီး ငါ့ဟာပဲဆိုပြီး စားနေမိတာရှင့်၊ အခု ကားပေါ်ရောက်မှ ဂျာကင်အိတ်ထဲမှာ ဖေါက်ကိုမဖေါက်ရသေးတဲ့ ကျွန်မမုန့်ထုပ် သွားတွေ့တာ. . .၊

ဟင်း. . ဟင်း. . အားနာလိုက်တာရှင်၊ ကျွန်မကို ရှင်ဘယ်လို ထင်သွားလဲမသိဘူး၊ ကျွန်မ ရှက်လည်း အရမ်းရှက်မိပါတယ်ရှင်တကယ်ပါပဲ. . .၊

ကျွန်မ သူများကိုခွင့်မတောင်းဘဲ ဘယ်တုန်းကမှ နှိုက်မစားဖူးပါဘူး၊ မိတ်ဆွေသူငယ်ချင်းအရင်း ဖြစ်နေပါစေ စေတနာပါပါနဲ့မကျွေးရင် မစားတတ်ပါဘူး၊ ကျွန်မကသာကျွေးစရာရှိရင် ကျွေးခဲ့





တာချည်းပါပဲ. .၊

ကျွန်. . ကျွန်မ. . ဘယ်လိုတောင်းပန်ရမှန်းတောင်. ."

"နာမည်နဲ့ မှတ်ပုံတင်နံပါတ်လေး တဆိတ်"

"နာမည်ရော၊ မှတ်ပုံတင်နံပါတ်ရော ပေးပြီး တောင်းပန်ရမယ်. . . ဟုတ်လား၊ ဘာဆိုင်လို့လည်းရှင်"

"မဟုတ်ဘူးလေဗျာ၊ ဒါက ထုံးစံမို့ပါအစ်မလေးရယ်၊ ခရီးသည် အဝင်အထွက်ကို စခန်းကသိနေအောင်. . ."

ကားစပယ်ယာလေးကရှင်းပြလာမှ အပြင်ကိုငေးရင်း အတွေးလွန်နေသောသူမ ပိုက်ဆံအိတ်ထဲက မှတ်ပုံတင်ကတ် ထုတ်ပေးလိုက်ရသည်။

ဒုက္ခပါပဲ. . . ငါဘာဖြစ်နေပါလိမ့်. . .။

"လွှမ်းစရာဆွေးစရာ ကျန်ခဲ့တဲ့သူ အတွေးပျက်အောင် လုပ်မိတဲ့ ကျွန်တော်ကပဲ တောင်းပန်ပါတယ်ခင်ဗျာ၊ ရော့. . အစ်မလေးမှတ်ပုံတင်"

စပယ်ယာလေးကို သူမအခုနပြန်ပြောလိုက်မိသော စကားထဲ တောင်းပန်တဲ့ကိစ္စ ရောပါသွားလိမ့်မည်ထင်သည်၊ သူပြန်ပြောသွားပုံကိုထောက်၍. . .။

ဘေးကဦးလေးကြီးကတော့ ပလတ်စတစ်အိပ်မည်းထဲက ထွက်နေသော ရေပိုက်လေး ကုန်းစုပ်ရင်း ပြန်ချထားသည်ကို သတိပြုမိသည်။

ကားထွက်ရန် အချိန်ကပြနေပြီ။ သူတက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်မောင်းပင် သူနေရာဝင်ထိုင်၍ စက်မနှိုးခင် သူ့ခွင်ထဲ လိုအပ်သည်များကို ပြင်ဆင်နေရာချနေပြီဖြစ်သည်။

အင်း. . . ငါ ဒီကားပေါ်တက်သွားတာ သူကကောသိပ့်မလား၊ သူက သန့်စင်ခန်းထဲရောက်နေတာ. . .

သူတကယ်လို့ ဒီကားပေါ်တက်လာရင်ကော ငါရှိနေတဲ့ဆီ လှမ်းကြည့်မှာတဲ့လား၊ ငါ့ကိုလိုက်ရှာမယ်လို့ သေချာသလား၊ သူ့ခုံနှစ်ခုံကျော် နောက်တည့်တည့် ပြူတင်းပေါက်ဘေးက ထိုင်နေတဲ့ ငါ့ကိုကော သူမြင်မှာတဲ့လား၊ ငါက အခုနမိုးကာအဝါနဲ့လေ. . သူ အရောင်ကိုပဲမှတ်ထားပြီး မျက်စိဝေ့ကြည့်ရင် ငါက အခုဖြူဖွေးနေတဲ့ အင်္ကျီနဲ့. . သူရုတ်တရက်ဘယ်လိုမှ မမှတ်မိနိုင်ဘူး. . .။

သူက မထိုင်ခင် ခုံပေါက်စေ့တော့ မျက်နှာတွေ လိုက်ဖတ်နေမယ့် အတန်းအစားမျိုး မဟုတ်လောက်ပါဘူး၊ သမန်ကာရှန်ကာ ကြည့်ပြီး ဘုန်းကြီးဘေး ဝင်ထိုင်မယ့်သူပါ။

သူ ဘုန်းကြီးကို ဘယ်လိုကျော်ထိုင်မလဲ. . .။

လက်အုပ်လေးချီပြီး. . .

"တပည့်တော်ဝင်ထိုင်ရမှာမို့ အရှင်ဘုရားခဏလောက် သီတင်းသုံးရာက ထပေးပါဘုရား. . "လို့ တောင်းပန်ရမှာပဲ. .၊ သူ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ယဉ်ကျေးသိမ့်မွေ့သူသာ တကယ်လို့ဖြစ်ရင်ပေါ့. . .။

သူဟာ လူယဉ်ကျေးလား. . .။

အဲ. . သူ ယဉ်ကျေးသူသာဖြစ်ခဲ့ရင်တော့ ငါက လုံးဝမယဉ်





ကျေးသူစစ်စစ်ပဲပေါ့၊ တော်ကြီးကျမပေါ့၊ သူမုန့်လည်း ရောယောင်နိုက်စားသေး ဟိုကပြုံးပြတာကိုတောင် မျက်နှာထိမျက်နှာထားနဲ့ ပြန်ကြည့်လိုက်မိသေး. . .။

သူ့မုန့်သူ ကလေးချစ်တတ်လို့ ကျွေးတာတောင် ငါက ဘာမဆိုင်ညာမဆိုင် စားမာန်ခုတ်ပြီး မျက်စောင်းဝင်ထိုးပစ်ခဲ့မိသေး. .၊ ငါဘယ်လောက် အောက်တန်းကျသွားလဲ. . .။

ကလေးလေးနဲ့ဖက်ပြီး စားမာန်ခုတ်တတ်တဲ့ အကျင့်စရိုက်ရှိသူလို့ သူ့ဘက်ကထင်သွားရင်. . .

သိမ့်ခနဲဖြစ်သွား၍ အတွေးစပြတ်တောက်သွား၏။

ကားကြမ်းခင်းက စက်နှိုးပြီးဆိုတဲ့ အထိအသိကို သူမဝတ်ထားသော (ခွါအနည်းငယ်မြင့်သည့် အီတလီလုပ်) ဖိနပ်ကတဆင့် သတင်းပေးသည်။

ခြေကျင်းဝတ်ရှိ ရွှေဖြူဆည်းလည်း သေးသေးလေးတွေကလည်း တုန်ခါအချက်ပေးသည်။

ကားထွက်တော့မည်။ သူဘာဖြစ်လို့ ကားပေါ်မတက်သေးတာလဲ။

နေပါဦး ကားပေါ်တက်လာပါပြီတဲ့. . သူ ဘုန်းကြီးဘေးမှာ ဝင်ထိုင်ပါပြီတဲ့. . ငါကသူ့ကို ဘယ်လိုလုပ်ပြီး သွားတောင်းပန်မလဲ၊ သူနဲ့ လျှောက်လမ်းမှာမတ်တပ်ရပ်နေတဲ့ ငါ့ကြားမှာ သံဃာတစ်ပါးက ခေါင်းမော့ပြီး ကြည့်နေမယ့်အနေအထား. . .။

ဟို. . ဟိုလေ. . ဆရာတော်ကိုတော့ ကန်တော့ပါဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဒီ. . ဒီက. . သူ့ကို တောင်းပန်စရာလေး ရှိလို့ပါဘုရား၊ ဂိတ်ထဲ ကားစောင့်နေတုန်းက တပည့်တော်ဘေးချထားတဲ့. . သူ့. . သူ့မုန့်တွေကို မှားပြီး ယူစားနေမိခဲ့ပါတယ်ဘုရား. ၊

အဲ့. . အဲ့ဒါ. . ငါးပါးသီလနဲ့ဆို အဒိန္နဒါနာ မြောက်နေတဲ့အတွက် ဝေရာမဏီ သိက္ခာပဒံထားတဲ့. . တ. . တပည့်တော်. . .

အဲ့. . . ငါ့ကိစ္စက ဘုန်းကြီးနဲ့ဘယ်လိုမှ မပတ်သက်ဘဲနဲ့ ဘုန်းကြီးကို ပုဏ္ဏားတိုင်လုပ်ပြီး တောင်းပန်နေသလိုကြီး ဖြစ်နေပြီ ဟုတ်သေးပါဘူး. . . ။

အင်း. . နောက်တစ်နည်း. . .

ရော့. . အင့်. . အခုန ရှင့်ကွတ်ကီးကို မှားစားတာ၊ အခု အိတ်ထဲကပြန်တွေ့လို့ အစားပြန်ပေးတာ မကျေနပ်လည်း. . နေလဲသေလိုက်. . .

အဲ!. . ဒါကရှက်ရမ်းရမ်းတာပဲ။

ဒါက ဆယ်ကျော်သက်ကောင်မလေးတွေ လုပ်တာမျိုးပဲ။ ငါကဘွဲ့ရပညာတတ် မြို့နယ်လှယဉ်ကျေးမယ်လည်း ရဖူးထားသူ ယဉ်ကျေးရမယ်၊ ကိုယ့်အမှားကို ဝန်ခံရဲတာလည်း သတ္တိတစ်မျိုးပဲ။

ဘယ်လိုသွားဝန်ခံရင် အဆင်အပြေဆုံးဖြစ်မလဲ၊ အင်း. . သူ့ပုံစံကလည်း အလန်းစားပေမယ့် ငါနဲ့သက်တူရွယ်တူလောက်ပါ၊ ကြီးရင်လည်း လပိုင်းလောက်ပဲ ကြီးမှာပါ. . ၊ သူလည်း ခေတ်မီသူ ယဉ်ကျေးသူပါ. . . ။

အခုန. . တို့လေ. . စာထဲစျာန်ဝင်နေလို့၊ တို့လည်း. .





အဲ့လိုကွတ်ကီးပဲ ဝယ်လာတာဆိုတော့ အမှတ်တမဲ့ တို့ဟာပဲထင်ပြီး ကောက်စားနေမိခဲ့တာ. . .

ဟင်း. . ဟင်း. . တို့ နမော်နမဲ့နိုင်တာပါ။ ဆောရီးကွာ. . တို့ကွတ်ကီးကို ဂျာကင်အိတ်ထဲပြန်တွေ့တော့မှ တို့လေ သူ့ကိုအရမ်းအားနာသွားမိတာ တကယ်ပါပဲ၊ တို့ကိုခွင့်လွှတ်နော်. . အဲ့ဒါလာပြောတာ. . . ၊

ဟဲ့. . . နေပါဦး၊ အဲ. . အဲ့ဒီအချိန်မှာ ကားက တရိပ်ရိပ်ပြေးနေလောက်ပြီလေ၊ မတော်တဆများ ဘရိတ်အုပ်လိုက်ရင်. . ဗုဒ္ဓေါ. . ကွပြီ၊ လျှောက်လမ်းပေါ် ငါတရွတ်တိုက်ကြီးကို ပိုးလို့ပက်လက် ဖြစ်မယ့်အရေးပါလား. . . ။

ထူးပါဘူး. . ကားက အင်းတကော် ရပ်မလား၊ ပဲခူးအဝင်တစ်ဆိုင်ဆိုင်ရပ်မလား မသိဘူး၊ ရပ်မှပဲ သူ့အရိပ်အကဲကြည့် ရှူးချင်ယောင်ဆောင်ပြီး သူ့စားပွဲဝင်ထိုင်ရင်း. . .

ဟင်း. . ဟင်း. . မျှားက ခင်လို့ကြည်စားတာ. . ငှဲငှဲ. . သူသဘောကောင်းလား သိချင်လို့ ရော့. . တို့များကွတ်ကီး. . ရော့. . တစ်ယောက်တစ်ဝက်စားမယ် ကြေရောနော်. . .

အဲ့လိုပေါချလိုက်ပြီး ခေါ်မလားမခေါ်ဘူးလားဆိုပြီး လက်ကွင်းလေး ထိုးပေးလိုက်ရ၊ ဟာဟ. . အတော့်ကို အမြင်ကပ်စရာကောင်းတဲ့ ဗမာဟာသကားထဲက ခပ်ချာချာကလိထိုးကွက်မျိုး ဖြစ်သွားမှာပဲ. . . ဟား. . ဟား. . ဟား. . . ။

အဲ့လိုသွားလုပ်နေသော သူမကိုယ်သူမလည်း မျက်စိထဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်လာ၍ ရယ်နေမိသည်။

အသံက ထွက်ကျသွားသည် ထင်သည်။

"သမီးနေကောင်းပါတယ်နော်. . ၊ အဲ. . နေရထိုင်ရတာ အဆင်ပြေပါတယ်နော်"

"ဩော်. . ဟုတ်ကဲ့ အဆင်ပြေပါတယ်ရှင့် ဘာဖြစ်လို့လဲ"

"သိပါဘူးကွယ် ခုနအိတ်ကို မတင်သေးဘဲ အကြာကြီးရပ်နေတာရယ်၊ ခုလည်း စာအုပ်ကိုင်ပြီး ငိုင်တယ်၊ ထရယ်တယ်ဆိုတော့. . ."

"ဩော်. . ဒါလား၊ ဒီစာအုပ်က ဟာသစာအုပ်လေ၊ အရမ်းရယ်ရတယ်. . . ဒါကြောင့် တွေးပြီးရယ်နေတာ"

"သြ. . သြ. ."

ဝူး!. . . ။

ကားစက်လီဗာတင်သံ ကြားရသည်။ သုံးလေးမိနစ်မက အချိန်ကလည်း ကျော်လာပြီဖြစ်သည်။

နာမည်မှတ်ပုံတင်က ကောက်၍မပြီးသေး. . ။ ဈေးတက်ရောင်းနေသော ဈေးသည်တွေကလည်း မဆင်းသေး။ အမေနေမကောင်း၍ ဆေးဘိုးဝါးခ ထည့်ဝင်ဒါနပြုပါရန် စာရွက်လိုက်ဝေနေသော မနှစ်က ကလေးမလေးကလည်း စာရွက်တွေ လိုက်သိမ်းဆည်းဆဲပင် ရှိသေးသည်။

ပုံမှန်ထွက်ချိန် အတိအကျထွက်လျှင် ရိုးရာပျက်မည်စိုးသည်ထင့်၊ ကားကအချိန်ကျော်အောင် တမင်လုပ်နေသလား၊ တစ်





ယောက်ကျန်သေး၍ သူ့ကိုစောင့်နေသလား မဆိုနိုင်တော့. . . ။

နေရာတကာ၌ စည်းကမ်းပျက်သလိုဖြစ်တာ ရိုးအီနေသော အရပ်ဒေသမှာ ငါကကော ဘာပြုလို့ နိုင်ငံကြီးသားပီပီသသ သွားတောင်းပန်နေရမှာတုန်း. . . ပြီးပြီပဲ. . . ၊

ခပ်ချောချောခပ်လန်လန် အဆင့်ရှိရှိ ကောင်မလေးတစ်ယောက် နမော်နမဲ့မှားပြီး သူမုန့်နိုက်စားနေတာ သူကဘာမှမပြောဘဲ တစ်ခုကျန်နေတာကိုတောင် တစ်ဝက်ခြမ်းပြီး စခန်းသိမ်း ကျွေးခဲ့သေးတာပဲ. . . ငါကဘာလို့ အစသွားထပ်ဆွဲနေဦးမှာလဲ. . . ၊

ဟုတ်တယ်. . .

ပြီးပြီးပျောက်ပျောက်ပေါ့. . ဦးနှောက်ထဲဘာလို့ လေးလေးပင်ပင်ဖြစ်အောင် ထည့်နေတာလဲ၊ ဟုတ်ပ. . မေ့လိုက်. . သူကကော ဒီကားနဲ့အတူ လိုက်ပါမယ်လို့ ညည်းကိုဘယ်သူက ပြောထားလို့လဲ မိဖူးမော်. . . ။

ကဲ. . စာဖတ်၊ စိတ်ဖြတ်စမ်း၊ ခရီးသွားတာပဲ ပေ့ါပေ့ါပါးပါးပေ့ါ. . . ။

ဝူး!. . . ။

ကားက ဂီယာသွင်းပြီဖြစ်သည်။

အပြင်၌ မိုးဖွားလှလှလေးတွေ ကျလာသည်။

နေခြည်လဲ့လဲ့ထဲ၌ ကြည့်ကောင်းလှသည်။

ကားဘီးစအလိမ့်. . . အရှိန်စအတင်. . .

ဝူး!. . . ။



www.burmeseclassic.com

www.burmeseclassic.com



ဟယ်တော့!. . . ။

ဂိတ်ထဲကနေ လည်သာဂျာကင်နှင့် ဟင်းဘက်ချ်အိတ်ဆွဲ၍ မိုးဖွားတွေထဲ အပြေးထွက်လာနေသောသူ. . ၊ မြင့်သောအရပ်နှင့် ဖြည်ချထားခဲ့ပြီဖြစ်သော ဆံပင်တွေက ဖွါးဖွါးလွင့်လွင့်. . . ။

"ဟိုးထား!. . ဟိုးထား!. . ဟိုမယ်. . တစ်ယောက်ကျန်ခဲ့တယ်ရှင့်"

ကားကတုံ့ခနဲဖြစ်သွား၊ ခရီးသည်တွေရော စပယ်ယာလေးပါ သူမထံအော်၍ လက်ညှိုးလှမ်းထိုးရာ ဝိုင်းကြည့်နေကြသည်။

သူမကိုယ်တိုင်လည်း သူမခုံကနေ မတ်တပ်ထ၍ အော်လိုက်မိခြင်း ဖြစ်သည်။ ယာဉ်မောင်းက. . .

"ဟော့ကောင်. . အောင်ဝင်း၊ မင်းပြောတော့ ခုံပြည့်ပြီဆို"

"ပြည့်ပြီလေဆရာရဲ့"

သူမက ဝင်ပြောမိပြန်သည်။

"ဟိုမှာ နံပါတ်ရှစ်လွတ်နေသေးတယ်လေ၊ ဂိတ်ထဲက လူတစ်ယောက်လည်း. . ဟိုမယ် အပြေးလာနေတာ မမြင်ဘူးလား"

ပြောပြောဆိုဆို ကားဆရာဆီကအကြည့်ကို သူမ သူ့ဆီဖတ်ခနဲပြန်အရွှေ့၌. . .

"ဟယ်!. . အဲတော့"

အားလုံး မြင်ကွင်းရှင်းနေ၏။

သူက ထိုးဆိုက်၍ တံခါးပွင့်လာသော Landcruiser အဖြူကြီးပေါ် ခွေ့ခနဲတက်၍ ဂျိတ်ခနဲ တံခါးဆွဲပိတ်လိုက်လေသည်။





ပြုံးသူပြုံး ရယ်သူရယ် ဖြစ်နေသည့်ကြားက အသံတစ်သံက. . .

"တချို့လည်း. . နှလုံးသည်းပွတ်တွေ ကျန်ခဲ့ကြတယ် ထင်တယ်ဗျ". . တဲ့။ စပယ်ယာက. . .

"ခွန်,ရှစ်က ဆရာတော် တွဲလျက်ဝယ်ထားတာဗျ". . တဲ့။

အခုနရှက်နေတာက. . .

ပုန်းရှက်. . အုံ့ပုန်းရှက်. . . ။

အခုမှ တစ်ကားလုံးသိသွားတဲ့. . .

ပွင့်ရှက်. . အုံ့ပွင့်ရှက်. . . ။

ဟက်တက်ကြီးကို ဖြစ်တော့သည်။

အံ့မလေးဟဲ့. . ငါ့နှယ်နော်. . .

ဩော်. . ဖြစ်ပုံများ ပြောပါတယ်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၄)

## စုထားသူ

"စုထားကိုမှ ရွေးပြီး စိတ်ဝင်စားတယ်၊ စုထားအကြောင်း ဝတ္ထုရေးချင်တယ်ဆိုလို့ ပြောပြမှာနော်၊ ဒါပေမယ့်. . နာမည်နဲ့ နေရာတွေတော့ လွှဲရေးပေါ့နော့၊ အဖေကတော့ သိပ်အရေးမကြီးဘူး အမေနဲ့အစ်ကိုသိသွားရင် စုထားကိုသတ်မှာ၊ အစ်ကိုက ရပ်ကွက်လူမိုက်. . ."

စုထားမသိအောင် အသံဖမ်းခလုတ် နှိပ်ထားသော Digi-



www.burmeseclassic.com

www.burmeseclassic.com



tal Recording စက်လေးကတော့ ဆက်တီစားပွဲအောက်၌ သူ့အလုပ်သူ လုပ်နေပြီဖြစ်သည်။

အသံဖမ်းနေမှန်းသိလျှင် တချို့ကအဖြစ်မှန်အတိုင်း မပြောတော့ဘဲ နားထောင်ကောင်းအောင်. . အပိုစာသားတွေ ထည့်ပြောလေ့၊ ကိုယ်ရည်သွေးတီးလုံး ထည့်လေ့ရှိသည်လေ. . .။

"စုထားနေတာက မြို့သစ် ဗိုအိုင်ပီရပ်ကွက်က ဟည်းထနေတဲ့တိုက်ကြီးနဲ့ တိုက်သေးနှစ်လုံးမှာ နေတာလေ၊ ခြံဝင်းက ပေတစ်ရာပတ်လည်ကြီး အကျယ်ကြီးပဲ၊ အိမ်တွေက အားလုံးမဆောက်ရသေးဘူးလေ၊ ဟိုတစ်ကွက် ဒီတစ်ကွက်ပေါ့၊ ခြံကွက်လပ်တွေလည်း အများကြီးပဲဆိုတော့ နေ့လည်နေ့ခင်းဆို တိတ်ဆိတ်ပြီး အရမ်းပျင်းဖို့ကောင်းတယ်၊

အစ်ကိုက ဝပ်ရှော့သွားတယ်၊ အမေကမြို့ထဲက အလှပြင်ဆိုင်မှာ တောက်တိုမယ်ရ သွားလုပ်တယ်၊ အဖေက. . သူ့ မာလီအလုပ်ရှိတယ်၊ နှစ်လမ်းကျော်က သူ့တပ်ရင်းမှူးဟောင်းက တစ်အိမ်လုံး အဖေ့ကိုအပ်ထားတာလေ၊

ဟုတ်တယ်. . အဖေက ခြေထောက်ဂမ်းရှော့နဲ့ ဆာတာတာ ဖြစ်နေတဲ့ ပင်စင်စားပေါ့၊ အဖေက အိမ်မှာထမင်းပြန်စားတယ်ဆိုရုံပါပဲ၊ တရားထိုင် ခြံစောင့်ပေါ့. . ခွေးတစ်ကောင်နဲ့. . ."

"စုထားတို့ အခုနေနေတဲ့တိုက်ကြီးက အမေ့သူဌေးမက ပေးနေတာလေ၊ အမေ့ဘောစိမက ငယ်ငယ်လေး. . အလန်းလေး၊ စုထားထက် လေးနှစ်ပဲကြီးတယ်၊ အလှပြင်ဆိုင်ပိုင်တယ် သူ့နာမည်





က အင်ဂျလင်းတဲ့၊ သွားထည့်မရေးနဲ့နော် သူ့ဘိုးတော်နဲ့ ကွိုင်ကုန်လိမ့်မယ်၊ ဒီတိုက်က အဲ့ဒီဘိုးတော်နဲ့သူ လာလာနေဖို့ တမင်ကို ဘိုးတော်က ဆောက်ပေးထားတာ၊ ဘိုးတော်နိုင်ငံခြားသွားရင်တော့ မမအင်ဂျလင်းက ဒီမှာ ပါတီလာလုပ်တတ်တယ်၊ တိုက်တံခါးပိတ် ခြံတံခါးပိတ်ပေါ့၊

တိုက်က အသံလုံစနစ် ပါတယ်လေ၊ မြေအောက် ကားဂိုဒေါင်က ကားလေးစင်းဆန့်တယ်၊ အဲဒီတစ်တိုက်လုံးသော့တွေ စုထားမှာရှိတယ်၊ အဲ. . မီးခံသေတ္တာသော့ကလွဲရင်ပေါ့၊ ဒါတော့. . ဘယ်ပေးထားမလဲနော. . "

စုထားက ချကျွေးထားသော ဂျေဒိုးနတ်မုန့်တွေကို နှုတ်ခမ်းပန်းနားပေရေအောင်ပင် ကလေးတစ်ယောက်လို ပလုပ်ပလောင်းစားရင်း လက်ညှိုးလက်မပါ စုပ်နေလိုက်သေးသည်။

လက်ကို ဂျင်းစကပ်နှင့်သုတ်ရင်း. . .

"ဘယ်သူမှမရှိရင်၊ ဘယ်သူမှ လာစရာအကြောင်းမရှိဘူးထင်ရင် စုထားတစ်ယောက်တည်း အဲ့ဒီအိမ်ထဲ ထင်တိုင်းကြဲနေလို့ရတယ်လေ၊ အဲယားကွန်းတွေအကုန်ဖွင့်၊ ကာရာအိုကေဆို၊ စိတ်ကြိုက်ခုန်ပေါက်ကလို့ရတယ်၊ မမအင်ဂျလင်းက ချစ်ဖို့ကောင်းတယ် သူပါတီလုပ်တာကို ဘိုးတော်ကို ပြန်မပြောလို့ထင်ပါရဲ့. . .

စုထားတဲ့. . ညည်းက နဂိုကလည်းရှိတော့ အေရိုးဗစ်ကစားရင် ကိုယ်လုံးရှယ်ဖြစ်သွားမယ်တဲ့. . အခြေခံသင်ပေးတယ်၊ သူမအားတော့ အဲ့ဒီအခွေတွေကြည့်ပြီး လိုက်လုပ်တဲ့၊ အခွေတွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြီးပဲ၊ ဒါကြောင့်. . မြင်တယ်မှတ်လား စုထားဘော်ဒီ တော် ရုံမော်ဒယ်ဂဲလ်တော့ ဆောရီးပဲ၊ ပေကြိုးထုတ်လိုက်. . ရှူးရင်ကုပ်ခွ စီးကြေး၊ ဟင်း. . . ဟင်း. . . ဘော်ဒီကတော့ ယှဉ်ရဲပါတယ်. . . ရုပ်သာ. . . ”

ငယ်ငယ်က ကျောက်ပေါက်ဖူးသည်တဲ့၊ နှာခေါင်းအရင်းနှင့် နားထင်တွင် ကျောက်ပေါက်မာ သုံးလေးနေရာရှိသည်။ သွားလေး နည်းနည်းခေါသည်။ မပြုံးမရယ်ဘဲ ခပ်တည်တည်လေးနေပါက ရွှက်ကြမ်းရေချိုမျက်နှာက ရေချိုဘက်ကိုပိုပါသည်။

(၂၂)နှစ်သမီးက ဆယ့်သုံးလေးနှစ် မြီးကောင်ပေါက်အ တွေးမျိုး စကားမျိုးသာ ပြောဆိုပြုမူနေတတ်သဖြင့်. . သိပ်ကျပ်မ ပြည့်ဟုထင်လိုက ထင်နိုင်ပါသည်။ အိုင်ကျူနိမ့်ချင်လျှင် နိမ့်နေတတ် ၍၊ သူမတူသောဉာဏ်နှင့် အမြင်မျိုးလည်း ရှိနေတတ်သော (Simi Hyper) ဖြစ်သည်။

ဝတ်စားဆင်ယင်ပုံကတော့ဖြင့် (အင်ဂျလင်းဆိုသူနှင့် အလှ ပြင်ဆိုင်မှာလုပ်သော သူ့အမေကြောင့်ဖြစ်မည်။) ခေတ်စကားနှင့် အလန်းစား၊ အကောင်းစားတွေချည်း ဖြစ်သည်။

“မမအင်ဂျလင်းအကျႌတွေလေ၊ အမေ့ဘောစိမကပေးတာ သူက နည်းနည်းဝသွားပြီမှတ်လား၊ ဒီမယ်. . တံဆိပ်ကြည့်. . အ ကောင်းစားတွေလေ ကိုယ်မဝတ်ဖူးသေးရင် ဒါဟာအသစ်ပဲပေါ့၊ အမေကလည်းနပ်တယ် အဟောင်းဆိုင်ကောင်းကောင်းတွေသိ တယ်၊ သူတို့သွားရောင်းရင် လိုက်လိုက်သွားရင်း သိတာလေ၊ တချို့





မင်းသမီးတွေ အထင်မကြီးနဲ့ အဲ့ဒီကဝယ်တာ. . .

မမအင်ဂျလင်းဆို ရုပ်ရှင်ကြည့်ရင်. . . ဗမာကားပြော တာနော်. . ဟယ်. . ဟယ်. . ငါ့အကျႌတော် အဲ့ဒီဟာမဝတ်ထား တာ၊ ဖါထားတဲ့ ဘိုးတော်စီးကရက်မီးပေါက်ရာ ကုပ်မှာမြင်လားဟဲ့”

ခင်မင်ကာစမှာပင် အထင်သေးသေးကြီးကြီး ဂရုမစိုက်. . စုထား အဲ့သလိုပြောဖူးသည်။

ကဲ. . စုထားကို ကျပ်မပြည့်ဟု ပြောမလား။

ရိုးသားပွင့်လင်းခြင်းဟု ပြောမလား။ စဉ်းစား. . . ။

ခုလည်း. . ပြောပုံလေးက. .

‘ဘော်ဒီကတော့ ယှဉ်ရဲပါတယ်. . . ရုပ်သာ’တဲ့။

ရုတ်တရက်မသိသာတဲ့ ကျောက်ပေါက်မာလေးတွေနဲ့ သူ သွားနည်းနည်းခေါတာကို သူ့ဟာသူသိနေပုံပါ။ တစ်ခါတစ်ခါ အဲ့ဒီ အတွက် အားငယ်ရှက်ရွံ့နေတတ်ပေမယ့်၊ ပြုံးစရာရယ်စရာ ရှိလာ ပြန်ရင်လည်း ဟောဟောဒိုင်းဒိုင်း ပြုံးရယ်တတ်ပြန်ပါရော. . ။

တချို့ သွားကြောင့်. . အုပ်,ကာပြီး ရယ်တာတို့ မပွင့်တပွင့် အလှမပျက်အောင်ပြုံးတာတို့ သူ့မှာမရှိပြန်ချေဘူး။ ဟက်ဟက် ပက်ပက် ဖွင့်ရယ်တတ်သူလေးပါ။

စုထားက မူယာမာယာ သိပ်မလုပ်တတ်ဘူးနော်လို့. . . တစ်နေ့မှာ လွှတ်ခနဲပြောဖူးသည်။

“အွန်!. . . လုပ်တတ်တာပေါ့”

အိမ်ကြီးပေါ်က ရေချိုးကြွေဇလားထဲ စိတ်ကြိုက်ရေချိုး ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိမ်းဝတ်စားပြီး စုထား ညနေတိုင်း ကားဂိတ်နားက စာအုပ်ဆိုင်သွားတယ်။ ကော့ပျံမွှေးကြိုင်နေရောပဲ. . .

ဟဲဟဲ. . အဲ့ဒီအချိန် စာအုပ်ဆိုင်ထိုင်တဲ့ ရခိုးလေးက အရမ်းချောတယ်လေ၊ သူ့အစ်မတွေက အပေါက်ဆိုးတွေ. .၊ စုထားနဲ့ မျက်နှာကြောသိပ်မတည့်ဘူး၊

သူနဲ့က ရွယ်တူလောက်ပါပဲ၊ ဒါပေမယ့် သူက မမတဲ့. .၊ ကိုယ်ကလည်း မမ သွားသွားလုပ်ရတာပေါ့. . .၊

မမ. . ချန်ခိုင်းထားတဲ့ ဖက်ရှင်စာအုပ်ရပလား၊ မမ. . ဒီနေ့ ပိုက်ဆံအိတ် မေ့နေခဲ့တယ် ဘာညာပေါ့၊ သူကလည်း ငါးဆယ်ကျန် တစ်ရာကျန် နောက်နေ့မှ ပေါင်းပေးဆိုပြီး ဘယ်တော့မှ မတောင်းဘူး၊ ဟင်းဟင်း. . သူစထိုင်ခါစကာ မူယာမာယာလား ဘာလားတော့မသိဘူး စုထား တမင်လုပ်ထားတဲ့အကွက်ထဲ သူဝင်လာတာလေ. . .၊

သူက ပိုက်ဆံအစုတ်အပြတ်ဆို သိပ်ချေးများတတ်တာ မြင်မြင်နေရတယ်၊ အဟုတ်ပဲ. . လဲမပေးရင် လက်နဲ့တောင် အစုတ်ကို မကိုင်ဘူး၊ အံဆွဲထဲ စာအုပ်နဲ့ယက်ထည့်တတ်တယ်. . .၊

ရွံတာဖြစ်မှာပေါ့. . ဟိုလူကိုင်ဒီလူကိုင်ရတဲ့အထဲ စုတ်ပြတ်နေတာကိုး. . .၊ ဒီတော့ စုထားဘာလုပ်လဲသိလား. . .၊

ငါးရာတန်၊ နှစ်ရာတန်၊ ရာတန်၊ ငါးဆယ်တန်က အစပေါ့လေ. . အသစ် ဒါမှမဟုတ် ခပ်လတ်လတ်နဲ့ နွမ်းဖတ်စုတ်ပြတ်နေတဲ့ နှစ်ရွက်၊ နှစ်ရွက်ပူးပြီး ပိုက်ဆံအိတ်ထဲ အမြဲလိုထည့်ထားတယ်၊





သူ့ကို စာအုပ်ငှားခ ပေးတော့မယ်ဆိုရင် သူ့စားပွဲ လူရှင်းနေချိန်ကို ရွေးတယ်၊ ဘယ်လောက်ကျလဲ မောင်လေးဆို. . သုံးရက်လေးရာ့ ငါးဆယ် ဆိုပါတော့. . .၊

ငါးရာတန်အဟောင်းနဲ့အကောင်းကို ထပ်ပြီးထုတ်တယ်၊ နှစ်ရွက်ကို တစ်ရွက်စီကိုင်ပြီး. . သူ့ကို ကောင်းတဲ့အသစ်ရွက် ပေးလိုက်တယ်၊ သူသဘောကျတာပေါ့၊ လူတိုင်းက အဟောင်းပဲပေးပြီး အကောင်းအသစ်ပဲ ကိုယ့်အိတ်ထဲ ပြန်ထည့်ကြတာလေ. . .၊

ဟင်!. . အမ်းစရာ ငါးဆယ်တန်လည်းမရှိဘူး၊ ရော့ပါ. . လေးရာပဲယူပါ့မယ်ဆိုပြီး ရာတန်လတ်လတ်လေး ပြန်အမ်းတယ်၊

ဟင်း. . ဟင်း. . စုထားပဲကွယ် ဘယ်ရမလဲ. . .

နေဦး. . နေဦး. . မမမှာ ငါးဆယ်တန်ပါတယ်ထင်တယ်၊ ကြည့်လိုက်ဦးမယ်ပေါ့၊ အသစ်နဲ့အဟောင်း နှစ်ရွက်ထပ်ပြီး ထည့်လာတာ ပါပြီးသား. . .၊

ဟယ်. . ပါတယ်ဟဲ့. . ဟောဒီမှာဆိုပြီး. .

အစုတ်နဲ့အသစ်ကလေးနှစ်ရွက်လုံးမြင်အောင် ပြပြီး. .

ဟဲဟဲ. . အသစ်ကလေးကို ရွတ်ခနဲ နှုတ်ခမ်းနဲ့နမ်းပြီးမှ သူ့လက်ထဲ ထည့်ပေးလိုက်တာပေါ့. .၊ သူ့စိတ်ထဲ ဘယ်လိုနေသွားမလဲ တွေးသာကြည့်ကြပေတော့၊ ရုပ်ချောချော အလန်းဇယားတွေနဲ့ စုထားက တူကိုတူမနေဘူးမှတ်လား. . .၊

စုထားပစ်တာ. . သူထိသွားရော. . .၊

ကြာလာတော့ 'မမက စိတ်ထားလှတယ်နော်' တွေဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာပေါ့. . . ဟား. . ဟား. . ဟား”

အဲ့သလိုနဲ့. . ရည်းစားဖြစ်သွားကြသေးလားဟု မေးကြည့်သောအခါ. . .

“လမိုက်ညဉ့်တွေ ညဉ့်ပိုင်းဆိုင်သိမ်းပြီးရင် ရုပ်ရှင်ရုံဘက်လမ်းလျှောက်ကြရအောင်တဲ့. . ဟင်းဟင်း. . .

စုထားတို့ရပ်ကွက်က ဆိတ်ငြိမ်ရပ်ကွက် ဖြစ်ရုံမကဘူး ညဉ့်ဆို လမသာရင် ဆိတ်ကွယ်ရပ်ကွက်လေ သိတယ်မှုတ်လား၊ လမ်းမီးက ခပ်ဝေးဝေးခရမ်းချဉ်သီးလေ. . .

ဘယ်လိုနေမလဲ ထွက်တော့ထွက်ကြည့်မလို့ဘဲ အမေက ဖက်ပြီးတီဗွီကြည့်ရုံမကဘူး. . ဖက်ဖက်အိပ်တာလေ. . .

ဒါပေမယ့်တစ်ညဉ့် အိမ်နားက ကလေးမလေးနဲ့ မောင်ကြီးမည်းကြီးထဲ ကိုးပါးဆေးသွားဝယ်တယ်၊ အမေနေမကောင်းလို့ ကားဂိတ်နားက အုတ်ခုံမှာ သူတို့ ဂီတာတီးနေတာ အဝေးကြီးက ကြားရတယ်၊ အမှောင်ထဲမှာဆိုတော့ သူတို့အာရုံနဲ့သူတို့ စုထားတို့ကို အာရုံမရောက်ဘူးလေ၊ အနားရောက်တော့ ဂီတာတီးနေတာရပ်ပြီး သူပြောနေတဲ့စကားကို နားနဲ့ဆတ်ဆတ်ကြား လိုက်ရတော့တာပါပဲ၊ စုထားကို သူကဘောစိပဲ ထင်နေတာ. . အဲ့ဒီတိုက်ကြီးမှာနေတာ သူသိတယ်၊ နောက်က တိုက်လေးမှာ ကပ်နေတာကိုသိပုံမရဘူး၊

သူ့အစ်မကားနဲ့ သူပါသွားတာ လေးငါးခါရှိနေပြီကွ ငါ့ကို မမြင်ဘူး၊ မြင်လည်းအရေးမကြီးဘူး. . ၊ လမျက်နှာတို့ ခေါ်တာတို့လည်း အရေးမကြီးပါဘူးကွ. . အဓိကက. . အဓိကပါပဲ၊ လုံချည်နဲ့





မျက်နှာအုပ်ထားသင့် အုပ်ရမှာပဲ. . ဟားဟားဟား. . နဲ့ ရယ်နေလိုက်တာလေ. . . ၊

အပျိုပေါက်ကောင်မလေး အေးသီတာ ဘေးကပါနေလို့. . နို့မို့. . ဟင်း!. . နင်ကလားဆိုပြီး မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်မှာ၊ အသားကို တဆတ်ဆတ်တုန်လာရော. . .

သူ့ဆီလည်း စာအုပ်မငှာတော့ဘူး ပြတ်ရော. . .

ဩ. . သူက ကြင်နာသနားစိတ်နဲ့ လူကိုဆက်ဆံချင်တာမှမှုတ်တာ. . . လိင်ဆက်ဆံချင်နေတာလေ”. . . တဲ့။

တားနေသည့်ကြားက ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်တွေ မီးဖိုထဲသွားဆေးပြီး စုထားပြန်ထွက်လာတာမြင်မှပင် စားပွဲအောက်က အသံဖမ်းခလုတ်ကို ပြန်နှိပ်၍ မသိမသာ လက်ပြန်ရုတ်ရသည်။

ဆိုဖါပေါ် ထိုင်ထိုင်ချင်းပင်. . .

“စုထားဇာတ်လမ်းက ခုမှစမှာ. . . ”

ပြောရင်း. . အံသွားကြား ညပ်နေပုံရသော မုန့်အကြွင်းအကျန်ကို လက်ညှိုးနှင့် ထိုးကလော်၍ လက်ညှိုးနှင့်လျှာကို ပွတ်ခနဲစုပ်လိုက်သေးသည်။ လူရှေ့သူရှေ့ မလုပ်သင့်သော အမူအကျင့်ဖြစ်ကြောင်း ပြောပြရန် တေးထားလိုက်သည်။

“အဲ့ဒီနေ့က စုထားလေ့ကျင့်ခန်းလုပ်၊ ရေမိုးချိုးထမင်းစား၊ ပြီးရင်. . လုပ်နေကျအလုပ်ပေါ့နော့. . မုန့်ပြောင်းပြေးကိုင်တာလေ၊

ဘိုးတော်ငှက်ကြည့်တဲ့ အကောင်းစားမုန့်ပြောင်းကို ချောင်းတာလေ. . အရမ်းပျော်စရာကောင်းတယ်. . ၊



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးကတစ်ခုခု . . ကိုယ့်မျက်စိရှေ့နား ရောက်လာတာလေ. . အသံဖမ်းစက်လည်းရှိတယ်၊ နိုင်ငံခြားကားတွေထဲကလိုမျိုးလေ စလောင်းသေးသေးလေးနဲ့၊ ဓါတ်တိုင်သုံးလေးတိုင်လောက် အဝေးကလူ ဘာပြောနေတယ်ဆိုတာကို လှမ်းချိန်ပြီး နားထောင်လို့ရတယ်၊ နားကြပ်နဲ့ပေါ့. . .

ဘိုးတော်ဟာတွေပါ။ ခိုးကိုင်ရင်း လုပ်တတ်သွားတာ၊ စုထားက တစ်ယောက်တည်းသမားဆိုတော့ အဲဒါတွေနဲ့ပဲ ကစားနေရတာ၊ အဲ့ဒီနေ့က ရာစုသစ်ဆိုတဲ့ ခြံကြီးဆီလှမ်းကြည့်ဖြစ်တယ်၊ အရင်ကလည်း လှမ်းကြည့်နေကျပါ။ စုထားတို့ခြံက လမ်းမကြီးကို မျက်နှာမူပြီး လမ်းသွယ်ကို ညာဘက်ခြံစည်းရိုးလုပ်ထားတဲ့ ထောင့်ကွက်ပါ။ အဲ့ဒီ ရာစုသစ်ခြံကြီးက လမ်းသွယ်ထဲကို ဝင်ရတယ်၊ လမ်းထိပ်အကွက်တစ်ကွက်ပြီးမှဆိုတော့ သိပ်မနီးပေမယ့် သိပ်လည်းမဝေးဘူး၊ ဒီတိုင်းကြည့်ရင် လူလုံးကွဲတယ်ပေါ့. . တစ်ခေါ်မကြားတကြားပေါ့၊ ပေနဲ့ကိုက်နဲ့တော့ စုထားလည်း မမှန်းတတ်ဘူး အဲ့ဒီခြံက လမ်းဟိုဘက်အခြမ်းလေ. . .၊

ခြံကို သံဆန်ခါပဲ ကာထားတယ်၊ နှစ်ထပ်တိုက်တစ်လုံး ဆောက်ထားတယ်၊ သိပ်အကောင်းစားတော့ မဟုတ်ဘူး၊

မြို့ထဲကသူဌေးသားတစ်ယောက် သူ့ဘော်ဒါတွေနဲ့ လာနေဖူးတယ်၊ စုထားအစ်ကိုနဲ့လည်း သောက်ဖေါ်သောက်ဖက် အဖွဲ့ကျတယ်၊ ဂြိုလ်တုစလောင်းတပ်ဆင်ရေး လာလုပ်တာ. . တစ်နှစ်လားကြာတယ် လုပ်ငန်းရပ်သွားတယ်၊ ပျော်ပါးနေကြတာကိုး. . .



ဟင်းဟင်း. . ယောက်ျားလေးတွေချည်းပဲ နေတဲ့တိုက်ကို မှန်ပြောင်းနဲ့ မသိအောင်ချောင်းရတာပဲ အပျင်းပြေစရာတစ်မျိုးပါပဲ၊ ဘာညာကိစ္စတွေတော့ မပါ,ပါဘူး. . .၊

အဲ့. . အဲ့ဒီနေ့က. . မမြင်တာကြာပြီဖြစ်တဲ့ သူဌေးသား ဇေယျာကျော်ရဲ့ကား ဝင်လာလို့ လှမ်းကြည့်မိတာလေ. . .၊

အဲ့ဒီကားပေါ်မှာ ဂီတာအိပ်အကောင်းစားကြီးနဲ့ အထုတ်တစ်ထုပ် ကျောပိုးအိပ်တစ်လုံးနဲ့ပါလာတာ ကိုကိုပါပဲ၊ ဇေယျာကျော်က စုထားထက် တစ်နှစ်လောက်ကြီးလိမ့်မယ်၊ ကိုကိုက ဇေယျာကျော်ထက် နှစ်နှစ်သုံးနှစ်လောက်တော့ ကြီးမယ်ထင်တာပဲ၊

ဆံပင်စုတ်ဖွားး တီရှပ်နွမ်းနွမ်း ဂျင်းဘောင်းဘီအတိုက စုတ်တိစုတ်ပြတ်နဲ့ အသားကတော့ ဝင်းနေတာပဲ. .၊ မုတ်ဆိတ်ကျင်စွယ်တွေ ထိုးထိုးထောင်ထောင်နဲ့ပေမယ့် သွားလေးတွေကတော့ ဖွေးလက်နေတယ်၊ နှုတ်ခမ်းကရဲရဲ မျက်စိကရဲရဲ မျက်နှာက အစ်အစ်မို့ သောက်စားလာပုံရပါတယ်. . .၊

အိမ်နဲ့ခြံကို ဂီတာကြီးလွယ်ပြီး ကားပေါ်ကဆင်းဆင်းချင်း အကြာကြီးကြည့်နေတယ်၊ ဇေယျာကျော်က တံခါးဖွင့်ဝင်ပြီး မနေတာကြာလို့ လှဲကျင်းနေပုံရပါတယ်၊

ဒါဆို. . ဇေယျာကျော် လေးစားရမယ့်သူဆိုတာ စုထားအကဲခတ်လို့ရတယ်၊ ဇေယျာကျော်က တံမြက်စည်းကိုင်တဲ့လူမျိုး မဟုတ်ဘူးလေ. . အခန့်သား လက်ညှိုးထိုးခိုင်းတတ်တဲ့ ဘောစိကိုး. . .၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကို အိမ်ထဲမဝင်သေးဘဲ နေရိပ်ရတဲ့အိမ်ရှေ့နားက ဒန်းလေးမှာဂီတာထုတ်ပြီး ကြိုးညှိနေတယ်၊ ဇေယျာကျော်က ကိုကို့အိတ်တွေ ကားပေါ်ကပစ္စည်းတွေ ကိုယ်တိုင်သယ်ပြီး အိမ်ထဲသွင်းနေတယ်. . .၊

စုထား မှန်ပြောင်းအသာချပြီး အသံဖမ်းစက်နဲ့ အလုပ်စရှုပ်ပါတော့တယ်. . .

အသံဖမ်းမိမိချင်းမှာပဲ စုထားတစ်ခါမှ မကြားဘူးတဲ့ သီချင်းတစ်ပုဒ်ကို တိုးတိုးလေးညည်းနေတယ်၊ အသံဖမ်းစက်နဲ့ နားကြပ်က အရမ်းကောင်းတော့ စုထားအနီးနားမှာ လာဆိုနေသလိုပဲ. . အက်အက်ရှရှနဲ့ ရင်ထဲကလာတဲ့ အသံလေး. . စုထားရင်ထဲ လှိုက်ခနဲကိုဖြစ်သွားတာ၊ စလောင်းလေးကို အသေအချာ သံပန်းမှာငြိမ်အောင်ချိန်ပြီး မှန်ပြောင်းနဲ့ကြည့်လိုက်တော့ သူလေ ကိုကိုလေ. . ဆိုရင်း မျက်ရည်တွေဝဲလာနေတာ အတိုင်းသားမြင်ရတယ်၊

အလွမ်းသီချင်းကို နှုလုံးသားနဲ့ဆိုနေမှန်း သိသာတယ်. .၊ အဲ့ဒီအချိန်မှာ စုထား ရှူးအရမ်းပေါက်ချင်လာနေပြီ. . သူ့သီချင်းကိုဆုံးအောင် အောင့်အည်းနားထောင်နေမိတယ်၊ စုထားက သူများလိုရယ်ရင်း ရှူးမထွက်ဘူး၊ ငယ်ငယ်ကတည်းက ဖြဲခနဲငိုရင်း ရှူးပေါက်ချတတ်တဲ့အကျင့်လေ၊ သူကလွမ်းလွမ်းနင့်နင့် ငိုရင်း ဆိုနေတော့. . ခဏနော်. . ပြောရင်းဆိုရင်း . . ဟင်းဟင်း. . ကိုကို့ကို လွမ်းလာလို့ အယ်. . အယ်. . ထွက်တော့မယ်”

ပြောရင်းဆိုရင်း ရှုံ့မဲ့ဖျစ်ညှစ်ထိန်းဟန်နှင့် နောက်ဖေးဘက်





သို့ တွန့်လိမ်တွန့်လိမ်နှင့် ဝင်ပြေးပါလေသည်။ လမ်းမှာထွက်မကျပါစေနဲ့. . .။

ဪ. . ဇာတ်ရှိန်က မတက်သေးဘူး ရှူးပေါက်ခန်း တင်တရမ်းရမ်း ကြော်ငြာက ဖြတ်ဝင်နေရသေး။

အင်း. . Recording ခလုတ် ပိတ်ထားဦးမှ. . ။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၅)

"ကိုကိုက ဇေယျာကျော်အတွက် အေးအေးဆေးဆေး သီချင်းလာရေးတာမှန်း သိရတယ်၊ ဇေယျာကျော်က စင်ကာပူက ပြန်လာရင် စီးရီးထုတ်မယ်တဲ့. . တစ်နှစ်ပဲကြာမယ်တဲ့. . ဒါဆို အဲ့ဒီ အိမ်မှာ ကိုကို တစ်နှစ်လောက်တော့ သေချာအောင်ရှိနေမှာပဲ. .၊ ကာဟ. . . ကံကြမ္မာဇာတ်ဆရာကြီးကို ကျေးဇူးတင်ရမယ်၊ ခြောက် ႔သွေ့အထီးကျန် အရုပ်ဆိုးလေး ချောင်းကြည့်ဖို့နဲ့ အပျင်းပြေ သီချင်း လတ်လတ်ဆတ်ဆတ်တွေ နားထောင်ဖို့. . ကိုကိုဆိုတဲ့ ခပ်ပေပေ



www.burmeseclassic.com

www.burmeseclassic.com



ခပ်တေတေ လူသားတစ်ယောက်ကို လက်တစ်ကမ်းမှာ လာချပေးထားလို့လေ. . .

ဇေယျာကျော်က အထဲမှာရှင်းလင်းပြီး နေရာချစရာတွေချပြီးတော့ ကိုကိုဂီတာတီးနေတဲ့ ဒန်းလေးနားမှ စားပွဲလေးတစ်လုံးလာချတယ်၊ စားပွဲဆိုကတည်းက သောက်စရာ စားစရာတွေအပြည့် လာတင်တာပေ့ါ. . စားရင်းသောက်ရင်း စာရွက်နဲ့ဘောပင်လည်း လာချပေးထားတယ်"

"ကိုကို အဲ့ဒီသီချင်းကို တိုင်တယ်လ်ဆောင်း(ခေါင်းစီး) လုပ်ချင်တယ်ဗျာ၊ လူနိုင်လာလို့ဆိုပြီးတော့ ရောင်းမစားပစ်နဲ့နော်" တဲ့။

"ဒီအိမ်မှာ မင်းငါ့ကို ပြည့်ပြည့်စုံစုံသာထားပေး. . ငါဘာမှမရောင်းဘူးဇေယျာ၊ အေး. . မပြည့်စုံရင်တော့ ဒီခြံနဲ့အိမ်ပါ လက်ညှိုးထိုးပြီး ငါရောင်းစားနိုင်တယ်ဆိုတာ. . ယုံ. ."

"ထား. . ပေး. . ဦး. . မှာ. .၊ ပြည့်စုံစေရမယ် ရေမီးအစုံအလင်နဲ့ လိုလေသေးမရှိကို ပြည့်စုံစေရမယ်၊ သုံးခွေစာလောက်ကိုရေးထား. . လိုအပ်ရင် အခွေကြမ်းသွင်းဖို့ ကျွန်တော် ရှစ်လိုင်းသွင်းစက်တစ်လုံး ဆင်ပေးခဲ့မယ်. . ."

"ကောင်းတာပေ့ါကွာ. . မင်းအခုနပြောတဲ့ ရေမီးအစုံအလင်က ဘာတွေလဲ"

"ကိုကိုကလည်းဗျာ. . ရေမီးအစုံအလင်ပါဆို"

"မင်းအထုပ်ရှုပ်တွေတော့ ငါ အိမ်ထဲအဝင်မခံဘူးနော်"

ကိုကိုဟာ တစ်ခုခုကို အကြီးအကျယ် မကျေမချမ်းဖြစ်နေ





ပုံရတယ်၊ သူလည်း ထပြီးလုပ်မရတဲ့ ကိစ္စကြီးတစ်ခုဟာ မှားနေတယ်ဆိုတာကို သိသိကြီးနဲ့ ဝမ်းနည်းယူကျုံးမရ ထိုင်ကြည့်နေရသလိုပဲ၊ ကိုကိုနဲ့ ခင်မင်ရင်းနှီးလာတော့ ကိုကိုကိုယ်တိုင် အဘက်ဘက်က အကူအညီလိုနေသူဆိုတာ သိလာတယ်. . .၊

ဩော်. . ဟုတ်လား၊ ဘယ်လိုရင်းနှီးသွားလည်းဆိုတော့ အေးသီတာလေးတို့ ပန်းစိုက်တယ်လေ၊ ကိုကိုက ပန်းဝယ်တယ်. .

ဘုရားတင်တာတော့ မဟုတ်ဘူး၊ သူ့စားပွဲပေါ်မှာ ပန်းထိုးတယ်၊ အနုပညာမှော်သားနတ်ကို ပန်းပူဇော်တာတဲ့၊ ဒေါ်ဝိုင်းလို့ခေါ်တဲ့ အေးသီတာတို့အမေကလည်း ခြံချင်းကပ်ဆိုတော့ ကိုကို့အဝတ်တွေ ယူလျှော်ပေး၊ မီးပူတိုက်ပေးနဲ့ မိသားစုလိုဖြစ်လာတယ်၊

ကိုကိုက အပေးအကမ်းလည်း ရက်ရောတာပါတာပေ့ါ. .၊ အေးသီတာကို ကပ်ရတာပေ့ါ. . နော၊ မုန့်ဘိုးပေးတာနင်ယူ. . သူလျှော်မယ့်အဝတ်တွေ ငါ့ဆီယူလာခဲ့. . လုပ်ရတာပေ့ါ။

အိမ်ကြီးထဲမှာ အဝတ်လျှော်စက် ရှိတယ်လေ၊ မီးမလာရင်လည်း စေတနာပါပါနဲ့ ကိုယ်တိုင်လျှော်ပေးမိတယ်၊ မီးပူတိုက်ပြီးမွှေးကြိုင်နေအောင် လုပ်ပေးလိုက်တယ်၊ ဒေါ်ဝိုင်းလက်ရာနဲ့ အကွာကြီးပါ၊ အေးသီတာ. . သူဘာမေးသေးလဲဟင်. . ဆိုတော့၊ အားရစရာပါပဲ ဘာမှမမေးဘူးတဲ့. . .၊

အရင် ဒေါ်ဝိုင်းလုပ်ပေးနေတာထက် သန့်ပြန့်ကော့ရော့မွှေးကြိုင်နေတာကို သိပုံတောင်မရဘူးတဲ့၊ ကိုကို ဖြစ်သလိုစားသောက်နေတာလည်း အေးသီတာဆီက သိလာတယ်၊ ဟင်းချိုပို့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ နှစ်ပန်းကန်လေ. .၊ အေးသီတာတို့ဖို့ နာမည်ခံခဲ့ တစ်ပန်းကန်ပေးမှ ကောင်းမယ်လေ. . သူတို့ပို့တယ်ပေါ့။

အဖေ့သူငွေးနဲ့ အမေ့ဘောစိမပေးတဲ့ မုန့်အကောင်းစားတွေလည်း စုထား ဒေါ်ဝိုင်းနာမည်နဲ့ပဲ ပို့ပို့ပေးနေခဲ့တယ်၊ စုထားတောင် မစားဘူး. .၊

ဩော်. . . ပေးဆပ်တာတောင်မှ လူသိမခံရဲတဲ့ အရုပ်ဆိုးမလေးဘဝကို. . ရိုးရှင်းစွာ. . ကြင်နာစွာ. . မြင်ရပါသည်လေ။

ဟာ. . ဟ. . ဒေါ်ဝိုင်းကပြောတယ်၊ မိစုရယ်တဲ့ နင့်ကျမှ လူကြီးကို မုန့်ပေးကြိုက်ရတယ်လို့. . တဲ့၊ ရယ်နေလိုက်ပါတယ်. . ကိုယ်ရှိနေမှန်းတောင် သိမယ့်လူကြီးမှ မဟုတ်တာ. . နော်. . .

စုထား ကြားဖူးတယ်၊ အနုပညာသမားတွေဟာ သာမာန်လူတွေလို တွေးခေါ်နေထိုင်ကြလေ့ မရှိဘူးတဲ့၊ မမအင်ဂျလင်းတို့ဆိုင်မှာ အမေနဲ့သွားဝိုင်းလုပ်ရင်း မင်းသားမင်းသမီးတွေ ပြောတာကြားဖူးတာပါ. .၊

ကိုကိုလည်း အနုပညာသမားပဲလေ. . သာမာန်တောင်မဟုတ်ဘဲ အရုပ်ဆိုး အကျည်းတန်မလေးကို ဘယ်လိုလုပ် စိတ်ဝင်စားမှာလဲ၊ ကိုယ်က နောက်ကွယ်ကနေ သူမသိအောင် တစ်ခုခုဖြည့်ဆီးပေးနိုင်နေတာကိုပဲ ကျေနပ်နေတာပါ။ ပျော်နေတာ. . .

တစ်နေ့ခင်း အေးသီတာ အိမ်လေးထဲ ရောက်လာတယ်။

"လက်သည်းညှပ်ရှိလားတဲ့"

သူပြောတဲ့စကားကိုက ရှိလားမဟုတ်ဘူးလေ. . ရှိလားတဲ့၊





တဲ့ပါနေတယ်လေ. .၊ ဘယ်သူက တောင်းခိုင်းတာလဲလို့ ပြန်မေးလိုက်တော့ ကိုကို့နာမည်ပြောတယ် ရှေ့ကဦးတပ်လို့ပေါ့၊ ဦးဂီတာတီးလို့မရအောင် လက်သည်းတွေ ရှည်နေလို့တဲ့. . .

"ရှိတယ်. . ကိုယ်တိုင်လာယူရင် ညှပ်တောင်ပေးလိုက်ဦးမယ်"လို့. . စိတ်ထဲရှိတဲ့အတိုင်း ပြောပစ်လိုက်တယ်၊ ဟယ်. . တူးပြီးထင်တယ် ပြောပြီး ဟင်းအိုးတူးနဲ့ထွက်လာလို့ အိမ်ထဲပြေးဝင်ခဲ့တယ်. . .

ပြန်ထွက်လာတော့ အေးသီတာ မရှိတော့ဘူး၊ အေးသီတာပြန်ပြောလိမ့်မယ်လည်း ထင်မထားဘူးလေ. .၊ နေပူကြဲတဲကြီးထဲရောက်လာလိမ့်မယ်လို့ ဘယ်ထင်မှာလဲ. .၊ နေက ပူခြစ်နေတာ၊ ခဏနေတော့ စေ့ထားတဲ့သံပန်းတံခါးကို မြောက်လက်နဲ့ ခေါက်သံကြားတယ်၊ ဂျလောင်း. . ဂျလောင်း. . သံပေါ့၊ ခါတိုင်း အေးသီတာက တွန်းဝင်နေကျ၊ ဘယ်သူပါလိမ့်ပေါ့. . .

ဟယ်. . သံပန်းတံခါးရှေ့မှာကိုကို. . နေပူကြီးထဲရပ်နေတယ်၊ ဆံပင်ပြေးဖီး. . မျက်နှာကို Puff နဲ့ဖိပြီး ဖိနပ်တောင်မပါဘူး အပြေးပဲ ခြံဝရောက်သွားတယ်. . .

သူကပြုံးပြတယ်၊ ပြန်ပြုံးပြရင် ရုပ်ဆိုးတာ ပေါ်သွားမှာကို ပထမဆုံး ကြောက်ဖူးခြင်းပါပဲ. . .

"ဘာကိစ္စရှိလို့လဲ"

လို့ ထစ်ထစ်ငေါ့ငေါ့ မေးမိတယ်. . .

ဘယ်ဘက်လက်ကို ခပ်မြင့်မြင့်ထောင်ပြပြီး ခပ်အေးအေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောတယ်. . .

"လက်သည်းလာညှပ်တာ". . တဲ့၊

နေပူကြီးထဲ သူ့အသားတွေ နီစပ်နေတော့တယ်. . .

"လက်သည်းညှပ်ယူသွားလေ ဦးထုပ်လည်းမပါဘူး"

လို့ စိတ်ထဲရှိတဲ့အတိုင်း စိတ်ပူစကား ပြောလိုက်မိပြန်တယ်။

"ကိုယ်တိုင်လာရင်. . ညှပ်ပေးမယ်ဆို". . တဲ့၊

ဘီယာနံ့က ထောင်းခနဲ ထွက်လာတယ်။

"ဘီယာမူးနေလား"ဆိုတော့. . .

"ဘီယာနဲ့ မူးတတ်တဲ့လူစား မဟုတ်ဘူး". . တဲ့. .

ခပ်မာမာလေနဲ့. . .

ဖြတ်သွားဖြတ်လာ မြင်ကုန်မှာလည်းစိုးလို့ ဖွင့်ပေးလိုက်တယ်။ တီရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီတိုနဲ့ ဂျပန်ဖိနပ်နဲ့ သပ်သပ်ရပ်ရပ်ပါပဲ၊ စုထားတို့နေတဲ့ နောက်ဖေးအိမ်လေးကိုပဲ ခေါ်လာခဲ့တယ်။ ရင်ထဲ ကုလားဘုရားပွဲ လှည့်နေလား၊ တရုပ်နဂါးပွဲ လှည့်နေလား မသိတော့ဘူး. . တဒုန်းဒုန်းနဲ့. . ၊

တောက်. . ဒီနေ့မှ ငါကရေချိုးမထားမိဘူး၊ ဖီးလိမ်းဝတ်စားပြီး. . ရေမွှေးလေး ဆွတ်မထားမိဘူးလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသေးတော့တယ်. . ထင်တယ်၊

အဖေထိုင်တဲ့ ပက်လက်ကုလားထိုင်ကို လက်ညွှန်ပြတော့ သူ့အိုးသူ့အိမ်လိုပဲ ဝင်ထိုင်တယ်၊ ခေါင်းမော့ ကျောလှန်လို့. . ၊

အောင်မယ်. . မျက်စိတောင် မှေးနေလိုက်သေး၊ အိမ်လေး





ထဲ ဖွင့်ထားတဲ့ မတ်တပ်ပန်ကာ သူ့ဘက်လှည့်ပေးလိုက်တယ်. . .၊

ညာဘက်လက်ဖျံကို ကုလားထိုင်လက်ရမ်းပေါ် လက်ဝါးမှောက်ပြီး လက်ချောင်းလေးတွေက စည်းချက်ညီညီ ခေါက်နေတယ်၊ မျက်စိမဖွင့်ဘဲ လေသံနဲ့. . ဒါ. . ဒီ. . ဒီ. . ဒါ. . လို့ အော်နေတယ်၊ ဘယ်ဘက်လက်ဝါးကိုတော့ လက်ရမ်းပေါ် လှန်တင်ထားရင်း လက်ချောင်းတွေကို နည်းနည်းကားပြီး ကွေးထားတယ်၊

ဟုတ်ပါရဲ့ လက်သည်းတွေကရှည်လို့၊ သူ့လက်သည်း ပြထားသလိုပဲ. . မင်းအလုပ် မင်းလုပ်ပေး ငါ့အလုပ် ငါလုပ်နေတယ်ဆိုတဲ့ သဘောပါပဲရှင်၊ ကြည့်ရတာ သံစဉ်တစ်ခု ခေါင်းထဲပေါ်လာလို့ အရလိုက်ဖမ်းနေတယ်ထင်ပါရဲ့. . .၊

စုထားလည်း လက်သည်းညှပ်ယူတယ်. . ၊ ရေတစ်ခွက်နဲ့ ဂွမ်းစပါ ရှာရတယ်၊ သူ့ဘယ်ဘက်ဘေး ခပ်ကျို့ကျို့လေး ဝင်ထိုင်လိုက်တယ်၊ အိမ်တော်ပါ ကျေးကျွန်မလေးလို့ပဲ ခံယူလိုက်ပါတယ်။

လက်ချောင်းလေးတွေက ဖြူသွယ်ပြီးရှည်လိုက်တာ အနုပညာသမားလက်ဆိုတာ ဒါပဲထင်ရဲ့၊ အသာလေး မကိုင်ရဲကိုင်ရဲနဲ့ လှန်ထားတဲ့လက်ဝါးကို မှောက်လိုက်ပြီး ဂွမ်းစနဲ့ ရေနည်းနည်းဆွတ်တယ်၊ လက်ဝါးက နူးညံ့သလောက် လက်ချောင်းထိပ်တွေက ရွံ့စရာကောင်းအောင် ညစ်ပေနေတဲ့အသားမာ တက်နေကြတယ်. . .၊

ဘယ်လိုလဲဟပေါ့၊ ဟင်းဟင်း. . နောက်မှသိတာ. . ဂီတာတီးလို့ အဲ့လိုဖြစ်တာလေ၊ လက်သည်းတွေ ရေနဲ့နည်းနည်းနူးအောင် မနာအောင်ပေါ့ ရေစွတ်ရင်း ဘာပြောရမှန်းလည်းမသိဘူး၊ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လည်းကြောက်နေတယ်၊ ရင်ခုန်နေတာလည်းပါတယ်. . ပျော်လည်း ပျော်တယ်၊ သူ စည်းချက်လိုက်တာ အရပ်မှာ. . .

"တစ်ခုခုသောက်မလားဟင်. . စုထားကို သိလား"

"ရေသောက်ချင်တယ်၊ စုထားကိုလည်း သိတယ်. . ထက်ကောင်းဆွေ ညီမ"

"ကိုထက်နဲ့ခင်လား "

"သောက်ဖော်သောက်ဖက်တွေပဲ၊ နေပါဦး မင်းအခုနမေးတယ်နော် ဘီယာမူးနေလားလို့"

"ဟုတ်တယ် မေးတယ်လေ. . ဘီယာနဲ့မူးတတ်တဲ့ လူစား မဟုတ်ဘူးတဲ့ သူပဲပြန်ဖြေပြီးတော့ . . "

"အဲ့ဒါအမှန်ပြောတာ ဘီယာသောက်ထားတာမှ မဟုတ်တာ ဝီစကီသောက်ထားတာ မူးနေတယ်. . ဟ၊ သိရဲလား ဘီယာက မူးမှမမူးတာ၊ ကဲ. . ကိုယ်မေးအလှည့်. . မင်းဖြေအလှည့်ပဲ မေးပြီ"

"မင်းကော ကိုယ့်ကိုသိလား"

"သိတယ်လေ ရာစုသစ်မှာနေတာ တစ်လလောက်ရှိပြီပဲ"

"ဒီပြင် ဘာသိသေးလဲ"

"သီချင်းရေးတယ် အရက်သောက်တယ်"

"နောက်ဘာသိသေးလဲ"

"ဟင့်အင်း မသိဘူး"

စုထားကို သေသေချာချာ စိုက်ကြည့်လာတယ်။

ယှဉ်မကြည့်ရဲလို့ ငုံ့လိုက်ရတယ်။





"သီချင်းရေးတဲ့ အရက်သောက်တဲ့ သူစိမ်းယောက်ျား တစ်ယောက်ကို အရက်နံ့လည်းထွက်နေတာ သိသိကြီးနဲ့ မင်းဘာလို့ အိမ်ထဲခေါ်ခဲ့ရတာလဲ"

ကြည့်ဦး မေးပုံကြီးက ဘယ်လိုပြန်ဖြေရမလဲ. . ၊ ကိုကို့ကို ချောင်းကြည့်ပြီး ခင်နေတာကြာပြီ၊ အခုတော့ မီးပူတိုက် မုန့်ကျွေးနေတာလဲ များပဲလို့ ဘယ်လိုလုပ်ပြောမလဲ။

တော်သေးတယ် စကားရသွားလို့. . .

"အေးသီတာကို နောက်ပြီးပြောလိုက်တာ တကယ်ပြန်မပြောဘူးထင်လို့ ကိုယ့်စကားနဲ့ကိုယ်မို့ အိမ်ထဲခေါ်တာပေါ့၊ ပြီးတော့ ရမ်းရမ်းကားကားအစားမှုမဟုတ်တာ ကိုယ့်ထက်ကြီးတဲ့လူကို လက်သည်းညှပ်ပေးတာလည်း ကုသိုလ်ရတာပဲလေ၊ အကြိမ်ကျရင် အဘိုးအဘွားတွေကို ဒီလိုပဲ စုထားတို့ လုပ်ပေးနေကျပဲဟာကို. . "

ပြုံးတယ်၊ အသံထွက်အောင်ရယ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်တယ်။

"မင်း. . ကိုယ့်ကိုရေမတိုက်သေးဘူး"

"ဩော်. . မေ့သွားလို့ ခဏစောင့်နော်"

နောက်ဖေးတံခါးဖွင့်ပြီး အိမ်ကြီးထဲအပြေးဝင်ရတယ်၊ ရေသန့်ဗူးကြီး(ဆဲဗင်းအပ်)ကိုယူပြီး ဖန်ခွက်ပါယူခဲ့တယ်၊ အိမ်ကြီးထဲက ဖန်ခွက်က အကောင်းစားတွေမဟုတ်လား၊ ဖန်ခွက်ထဲထည့်ပြီး တရိုတသေပဲ ကမ်းပေးလိုက်ပါတယ်။

သူက တစ်ခွက်လုံးမော့သောက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ရေအကျိုး ဆယ့်တစ်ပါးပြည့်ပါစေ" တဲ့. . .

"အွန်. . ဆယ်ပါးပဲကြားဖူးပါတယ်"

"ရေခဲသေတ္တာထဲ စိမ်ထားတဲ့ရေလေ၊ ဟိုးအရင်က ရေခဲသေတ္တာ မရှိဘူးမဟုတ်လား"

ရယ်ရယ်မောမောနဲ့ ဟာသဖောက်တော့လည်း အနေရအထိုင်ရခက်နေတာတွေ၊ စောစောကအဆူခံထားလို့ ကောက်တောက်တောက်ဖြစ်ချင်နေတဲ့စိတ်တွေ ပျောက်သွားပါတယ်၊ စိတ်ထဲကပြောလိုက်မိတာပါ သူ့လက်သည်းတွေကို ကြည့်ပြီးတော့ပေါ့ ဒါပေမယ့် ဘယ်လိုအသံထွက်ကျသွားမှန်းမသိဘူး. . .

"ရုပ်လေး သနားကမားနဲ့ လက်သည်းက ဖြစ်နေလိုက်တာ စုတ်စုတ်ပြတ်ပြတ်. ."

"ကျွန်တော်မျိုးကလည်း အထက်တန်းစားမှ မဟုတ်တာဗျာ၊ မညှပ်ပေးချင်ဘူး စေတနာမရှိဘူးဆိုလည်း ပြန်ရုံပဲ၊ ရေပူးတော့ ယူသွားမယ်. . အိမ်မှာသောက်ရေကုန်နေတာ မနက်တည်းက"

ရေပူးကောက်ကိုင်ပြီး တကယ်ထမလို့လုပ်ပါလေရော. .

"နေပါ. . ဘယ်သူက မညှပ်ပေးဘူး ပြောနေလို့လဲ"

နေပါ. . ဆိုတာက အရပ်ထဲကဘန်းစကားလေ၊ နေ. . ပါ ကိုင်းကြီးကြီးမှာတို့. . အသိုက်ကောင်းကောင်းမှာတို့. . သိတယ်မဟုတ်လား၊ နေပါက ခပ်နွဲ့နွဲ့လေသံနဲ့ပဲ ထည့်ပြောရတာလေ. . .၊

စုထား'ပဲ'နဲ့ ပြောလိုက်မိတာပေါ့. .၊ ဇတ်ခနဲ သူ့လက်ကိုလည်း ဆောင့်ဆွဲပစ်လိုက်မိတယ်. . .





"ဖြေးဖြေးလုပ်နော် အသားကိုညှပ်မိလို့ကတော့ ရုပ်ကွက်ပျက်အောင် ထ,အော်မှာ". . . တဲ့၊

ကဲ. . ကြည့်. . နှစ်ယောက်သား ပြောဆိုဆက်ဆံနေပုံက ငယ်ပေါင်းကြီးဖေါ်တွေလိုပဲ အခုနလေးတင်ကမှ တွေ့တွေ့ဆိုင်ဆိုင်မြင်ဖူးတွေ့ဖူးကြတာကို မေ့နေကြတယ်၊ စုထားကတော့ မှန်ဘီလူးနဲ့သူ့ကို အနီးကပ်မြင်နေကျမို့ ခင်တွယ်ရင်းနှီးနေမိတာကြာပြီလေ. .

သူက ခုမှ စုထားကို ဆယ့်လေးငါးလက်မ လောက်ကနေမြင်ဖူးတာမဟုတ်ဘူးလား၊ ဒါပထမဆုံး စကားပြောဖူးတာ မဟုတ်ဘူးလား၊ အင်း. . အနုပညာသမားတွေဟာ အဲ့လိုပဲလားတော့ စွန်နိုင်ပေါင်ရှင်. . .

တွေးရင်း စဉ်းစားရင်း. . တကယ်ပဲ စေတနာပါပါ သူ့လက်သည်းတွေကို ညှပ်ပေးနေမိတယ်. . ကိုယ့်လက်ဆို အားလုံးညှပ်ပြီးမှ တံစဉ်းစားတာ၊ သူ့ကျတော့ တစ်ချောင်းညှပ် တစ်ချောင်းညှိပဲ၊ ဟဲဟဲကိုင်လို့လည်း ကောင်းတယ်လေ စုထားလက်ထက်တောင် နူးညံ့သေးတယ်. . .

"ကိုကိုက အသံကောင်းရဲ့သားနဲ့ ဘာလို့အဆိုတော် မလုပ်တာလဲ"

"ဟင်. . မင်း. . ငါ့အသံကို ကြားဖူးလို့လား. .၊ ငါ့ဟာငါတောင် တစ်ခါတလေ မကြားဘူး. . ညည်းရုံညည်းတာ"

သေလိုက်၊ စလောင်းနဲ့ဖမ်းနားထောင်ထားတာ သိလို့မဖြစ်ဘူး၊ ချက်ချင်းဘယ်လိုပြန်ပြောရမလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"အေးသီတာတို့အိမ် လာလည်ရင်း ကြားဖူးတာပါ တိုးတိုးလေးပဲ"

ဆက်မမေးအောင် အာရုံပြောင်းပစ်မှလို့တွေးရင်း. .

"သီချင်းတစ်ပုဒ်လောက် ဆိုပြပါလား"

"ဂီတာမှမရှိတာ ဂီတာနဲ့မှ ဆိုတတ်တာဟ"

"ဟင့်အင်း. . မရဘူး ဒီတိုင်းဆိုပြ"

"ဟာ. . အခြောက်တိုက်ကြီးကွာ ဘယ်လိုလုပ် မြိုင်မှာလဲ"

"စေတနာနဲ့ တုန့်ပြန်ရတယ်. . ဒီမှာ နှစ်ချောင်းကျန်သေးတယ် ဆက်မညှပ်ပေးတော့ဘူး၊ မြိုင်တာလေး. . ဆိုပြ. ."

ကိုယ်အင်မတန်နိုင်ရတဲ့ အစ်ကိုတစ်ယောက်ကို နွဲ့သလိုဆိုးသလိုမျိုး တကယ်လုပ်နေမိပုံ ပြောပါတယ်. .၊

သူ ဘာဆိုပြရမလဲ စဉ်းစားနေပုံပဲ. . တအောင့်နေမှ ရပြီနားထောင်တဲ့. . ဘာသီချင်း ပါလိမ့်ပေါ့၊ နားစွင့်နေတုန်း ထအော်တာ အသံပြကြီးနဲ့လေ. . .

"ရာဇဝင်...အလွမ်းပုံပြင်လည်းရှိရမယ်...
မော်ကျွန်းလည်း ထိုးလောက်တယ်
မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်... ". . . တဲ့။

ကိုကိုက မူးလို့ပျော်နေတာ. . စုထားက မြူးလို့ပျော်နေတာ။

နှစ်ယောက်သား သီချင်းတစ်ဝက်တစ်ပြက်နဲ့. . ရယ်လို့ကောင်းလိုက်တာလေ. .။ ရယ်ကောင်းနေတုန်းမှာပဲ. . .

"ဟယ်!. ."





စုထားဆံပင်တွေ ထောင်တက်သွားတယ်။

အဖေတော့ ခြံထဲရောက်နေပြီ၊ တံခါးပြန်ပိတ်နေပြီ၊ ဂျက်ဂလန့်ကို အသေအချာ ထိုးနေပြီ။

ပူထူသွားတယ်။ စုထား အမူအရာကြည့်ပြီး ကိုကိုလည်း ခြံဝကိုလှမ်းကြည့်တယ်။

"လာ. . ကိုကို. ."

သူလည်း အမူးပြေသွားပုံနဲ့ နောက်ဖေးဘက် စုထားလက်ဆွဲရာ လိုက်လာတယ်။

အိမ်ကြီးဘက်ပို့ထားရင် လွတ်တယ်၊ ဒါပေမယ့် ဖြတ်ကူးချိန်မရတော့ဘူး၊ ကူးတာနဲ့ လှမ်းမြင်သွားမယ်. . စစ်သားမျက်စိလေ၊ နောက်ဆုံး ခြံထောင့်က သွပ်ကာသွပ်မိုး အိမ်သာလေးထဲ တွန်းထည့်ပြီး အပြင်က ဂျလက်ချလိုက်ရတယ်။

အဖေက ဒီအိမ်သာကို မတက်ဘူး ဒီလောက်ပူတဲ့ အချိန်ကြီး၊ အိမ်နောက်ဖေးခန်းနဲ့ အိမ်သာက လေးငါးပေလောက်ပဲ ဝေးတာ. . . အသံတော့ မထွက်နဲ့ပေါ့ မမိလောက်ဘူး. . .။

"အဖေ ထမင်းစားပြီးပြီဘဲ ဘာလာလုပ်ပြန်တာလဲ"

"ငါ့ စိတ်ပုတီးပျောက်နေလို့. . ဒီမှာများ ကျန်ခဲ့သလားလို့"

"ထမင်းစား ပြန်လာတုန်းက အဖေ့လက်ထဲ မြင်းခွာရွက်တွေပဲ ပါလာတာလေ"

"ဟေ. . ဟုတ်လား၊ ငါထင်တော့ထင်သား တစ်ခုခုကိုင်လာပါတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် အထဲဝင်အပြင်ထွက် ဟိုဒီပတ်ရှာနေသေးတယ်

"ငါ သံဗူတ်တစ်ခုမှာ ချိတ်လိုက်ပါတယ်. . မီးဖိုထဲက သစ်သားနံ့ရလားပဲ"

မီးဖိုထဲတဲ့. . ။ အိမ်သာက နီးနီးလေး. . .

"ဟဲ့. . သမီး ဖယ်စမ်းပါဦး ဘာလို့ပိတ်ရပ်နေတာလဲ၊ ဒီရေကပြင်မှာလားလို့"

ကြည့်ဦး. . . အရေးထဲ အိမ်သာသွပ်ပြားကို သူစည်းခေါက်နေတယ်လေ. . တဒေါက်ဒေါက်နဲ့. . အဖေကြားသွားတော့မှာပဲ။ ယောက်မလှမ်းဆွဲပြီး အိမ်သာသွပ်တံခါးကို လှမ်းပစ်ထည့်လိုက်မှ ဂလုံးဂွမ်း. . ဆိုပြီး ရပ်သွားတယ်။ တုတ်တုတ်သံ မကြားတော့ဘူး။

"ဟဲ့!. . မိစုဘာဖြစ်တာလဲ"

"ရွှေဝါဖေဖေ. . သွပ်ပေါ်ခုန်ချတာ"

အဖေက မျက်စိလျှင်ပေမယ့် နားကတော့ နည်းနည်းလေးလို့ တော်သေး။ ဘာသံသယမှမရှိဘဲ ကုလားထိုင်ဝင်ထိုင်မယ့်ဟန်ပြင်ပြန်တယ်။

"အဖေ သမီးကုလားထိုင်ပေါ်မှာ အိပ်မလို့. . အဖေလည်းပြန်လေ၊ ဒီမှာ. . ထီးဆောင်းသွား"

မနည်းနှင်ရတယ်။ ဟူး. . . သံပန်းတံခါး လိုက်ဂလန့်ထိုးရင်း သက်ပြင်းချရတယ်။ အိမ်သာတံခါး ဂျက်ဖြုတ်ပြီး ဆွဲဖွင့်တော့ ဟာလာဟင်းလင်းကြီး. . .

"ဟယ်!. . . ကိုကိုဘယ်ရောက်သွားလဲ"





"ဒီမှာဟ. . အ. . ကျွတ်ကျွတ်"

"ဖြစ်ရလေ ကိုကိုရယ်"

အိမ်သာကျင်းထဲက ကုတ်ကက်တက်လာတာကိုကြည့်ပြီး စိတ်ထဲ မကောင်းလိုက်တာ၊ ကျင်းကဘာမှမရှိပါဘူး၊ အိမ်ဆောက်တုန်းက အလုပ်သမားတွေအတွက် ယာယီဆောက်ခဲ့တဲ့အိမ်သာပါ၊ သူတို့အားလုံး အိမ်ကြီးထဲက အိမ်သာပဲသုံးကြတာလေ. . ၊

စုထား ယောက်မနဲ့ပစ်လိုက်တော့ လန့်ပြီး. . တန်းနှစ်တန်းပေါ်ကနေ ဖင်ထိုင်လျက်သား လျှောကျသွားတာတဲ့၊ လက်ဖျံတော့ သစ်သားနဲ့ ပွန်းသွားတယ်၊ ညရေးညတာမှာ ကိုထက်တစ်ခါတလေ သုံးတတ်တော့ အိမ်သာနံ့တော့ရှိတာပေါ့။ မရွံသလို ခပ်ပြုံးပြုံးပဲ။

အိမ်ကြီးထဲက ရှယ်ရေချိုးခန်းမှာ ကိုကို့ကို ရေချိုးဖို့ တံခါးဖွင့်ဝင်ခဲ့ကြတယ်။ ဘိုးတော်ရဲ့ဘားကောင်တာမြင်တော့. . ဟာ. . သောက်လို့ရလားတဲ့၊ ရတာပေါ့. . ကိုထက်တောင် တစ်ခါတလေ သော့ခိုးဖွင့်ပြီး ကစ်နေကျပဲ၊ သော့ဖွက်ဖွက်ထားရတယ်. . .

"ဟိုမယ် ရေချိုးခန်း၊ ရုပ်ရှင်ထဲကလို ရေချိုးရင်းသောက်. . ကလပ်ခွက်နဲ့ ထည့်ခဲ့မယ်၊ ဒိန်ခဲပါရမယ်. . ဘာသောက်မလဲ"

စုံနဖာစေ့နေတဲ့ အရက်ပုလင်းတွေကို လိုက်ကြည့်နေတယ်၊ လက်ကျန်ပုလင်းကိုပဲ အလိုက်တသိ ပြပါတယ်. . .

(VALANTINE) 'ချစ်သူများနေ့'ဆိုတဲ့ အရက်ချိုပုလင်းပါ၊ စုထားလည်း မမအင်ဂျလင်းတိုက်လို့ သောက်ဖူးတယ်. . လွင့်နေအောင် မိုက်တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက တစ်မျိုးပဲဆိုတာ ပြောမလို့ပါ. . အဲ့ဒါကို အမိက ပြောချင်တာပါ။ အိမ်သာကျင်းထဲက တက်လာကတည်းက သူ့မျက်နှာပြုံးနေတာလေ. .၊ ချီးလည်း နည်းနည်းပေချင်ပေမှာပေါ့။

လက်ဖျံကလည်း သွေးစို့နေတာ၊ ခါးလည်းအီသွားပုံရတယ်၊ ခမ်းခမ်းနားနား အိမ်ကြီးထဲရောက်တော့လည်း ခုနအပြုံးပဲ၊ အရက်သောက်လို့ ရတယ်ဆိုတော့လည်း ပိုပြီးပြုံးမလာဘူး. . .

ဝိုင်သွားပို့ရင်း ကြွေဇလုံထဲ လေချွန်နေတဲ့ကိုကို့ကို ပခုံးလှုပ်ပြီး အဲ့ဒီအိမ်သာကျင်းထဲက အပြုံးအကြောင်း မေးကြည့်မှ. . .

"ဗျန်းခနဲ အပြင်ကအသံကြားတော့ သံစဉ်က စပြီလေ. . အိမ်သာကျင်းထဲအေးနေတာပဲ၊ အဲ့ဒီမှာ အကောင်းဆုံး ကောရပ်(စ်) အပိုဒ် သံစဉ်ရလာလို့ ကျေးဇူးပဲ". . တဲ့။

ဘယ်လိုမေ့ပစ်နိုင်မှာလဲရှင်. .၊ အရမ်းကောင်းတဲ့ သီချင်းအသစ်တစ်ပုဒ်ကို အစအဆုံး စိတ်နှစ်ပြီးဆိုနေတဲ့ ကိုကို့ကို ကလေးလေးတစ်ယောက်လို ကြွေအင်တုံထဲ ရေချိုးပေးခွင့်ရခဲ့တဲ့. . . နှစ်ယောက်သား တွေ့တွေ့ချင်းနေ့ကိုပေါ့. .

ကိုကိုကပြောတယ်. . အင်း. . လေ. . ပြောခဲ့တယ်. .

"ချီးကျင်းထဲကနေပြီး သီချင်းဆိုရင်း. . အရှင်လတ်လတ်နတ်ဘုံကို တန်းရောက်သွားတဲ့ လူသားဆိုလို့ လူ့ဘုံမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိမယ်ထင်တယ် အချစ်ကလေး". . တဲ့။

ကဲ. . ဘယ်လိုမေ့မလဲ. . .

ဘယ်လိုလုပ်. . မေ့. ပစ်. ရ. မ. လဲ. ရှင့်။ အဟင့်. .။





ကိုကို ရာစုသစ်ခြံထဲက. . စုံစမ်းလို့မရအောင် အစပျောက်မသွားခင် တစ်ညဦးမှာ အေးသီတာတို့အိမ်မှာ ပေးခဲ့တယ်၊ စုထားးကို နက်ဖြန်ကျမှ ပေးလိုက်ပါတဲ့. . အသေအချာ ထုပ်ပိုးထားတဲ့ ပန်းချီကားတစ်ချပ်. .၊

"FOR YOUR EYE ONLY"

"မင်းမျက်စိတစ်စုံအတွက်သာ". . တဲ့

ပဝါပါးပါးလေးပတ်ပြီး လှလှပပထိုင်နေတဲ့ စုထားးပုံ မင်ခြစ်ပန်းချီကားပါ။ ချွတ်စွပ်ပါပဲ. . လှလိုက်တာ၊ အံ့သြစရာကောင်းတာက လူမြင်ကွင်းမှာ ဘယ်သူမှမမြင်ဖူးတဲ့ စုထားရဲ့ခန္ဓာကိုယ်ပေါ်က လှို့ဝှက်တဲ့မှည့်သုံးလုံးကို နေရာအတိအကျ ထည့်ဆွဲထားတာပါပဲ၊ ကိုကိုအဲ့ဒါတွေရှိမှန်း ဘယ်လိုသိနေတာလဲ. . ကဲ. . ဘယ်မျက်လုံးနဲ့ မြင်ခဲ့တာလဲ. . ."

ကြုံကြုံပါအောင် စုထားလေးငိုလေသည်။

ဘယ်လိုနှစ်သိမ့်ရမှန်း မသိ။

ဇာတ်လမ်းအဆက်အစပ် ပြတ်တောက်နေခဲ့သည်များကိုလည်း ဘယ်လိုမေးရမှန်းမသိသေး။


Recording စက်ကလေးလည်း အားကုန်ခဲ့ပြီဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၆)

## နှင်းသီမမ

“မမ ဆုံးဖြတ်ပြီးပြီ. . အပြီးပဲထွက်သွားတော့မယ်၊ မထင်မှတ်တဲ့နေရာက ဝင်လာတဲ့ သံယောဇဉ်တစ်စ၊ အဲ့ဒီ . . သံယောဇဉ်အမျှင်လေးတစ်စပဲ ကျန်နေတာ၊ အဲ့ဒါလေးကို ရှင်းရှင်းလင်းလင်းပြတ်အောင်ဖြတ်ပြီးရင်တော့. . မမတကယ့်ကို အပြီးပဲထွက်သွားတော့မယ်. . သံယောဇဉ်အမျှင်ကြီးနှစ်ခုက ပြတ်ခဲ့ပြီပဲ၊

မမအချစ်ဆုံး သံယောဇဉ်အကြီးဆုံးက အမေပေါ့၊ အမေ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အသက်တောင်ပေးရဲတဲ့သမီးပါ အမေ၊ အမေရယ် အမေ့ကို လိုလေသေးမရှိအောင် သမီးထားနိုင်မှပဲ အမေက သမီးကို ထားရစ်ခဲ့တော့တယ်နော်. . .

အမေဟာ ဆင်းရဲလို့သေခဲ့တာပါ. ．၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့တဲ့အမေဟာ သူ့ပျိုရွယ်မှု၊ အလှအပနဲ့ ဘဝကို သမီးအနာဂါတ်နဲ့ လဲပစ်ရဲတဲ့ မဟာမိခင်ပါ၊ ချစ်သမီးလေးမှာ ပထွေးဆိုတာ ဘယ်တော့မှမရှိစေရဘူးတဲ့၊ လူမှန်းသူမှန်း မသိသေးတဲ့ မမကို အဲ့ဒါအဖေပဲဆိုပြီး. ． အမေ လက်မွေးခြေမွေး မီးမလောင်ရုံမကဘူး ကိုယ့်ထမင်းပန်းကန်တောင် ကိုယ်မဆေးရတဲ့ဘဝနဲ့ အမေ ရှေ့ မားခနဲရပ်မယ့်ယောက်ျားတွေ ဒုန့်ဒေးပါ၊

မမဆိုတဲ့သမီးလေးသာ မရှိခဲ့ရင် အမေခေါင်းခေါက်ရွေးလို့ရခဲ့ပါတယ်၊ အမေက အရမ်းလှတယ်. ． မာနကြီးတယ်. ． တယူသန်တယ်. ． အသိတစ်ခု ဝါဒတစ်ခုကို အသေဆုပ်ကိုင်တတ်တဲ့ညဉ့်နဲ့ပဲ အသက်ရှင်သွားတယ်၊ လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေ အပြောင်းအလဲလုပ်ရမှန်း သိကိုမသိသွားတာ သေတဲ့အထိ. . .၊

သူ့ဝါဒကပဲ သူ့ကို အရာရာနိမ့်ကျအောင် ဒုက္ခပေးတော့တာပါပဲ၊ အမြင်မကျယ်တော့. ． အဖေထားခဲ့တဲ့ စီးပွားရေးလည်း ပျက်တာပါပဲ၊ ယုံအောင်. ． အထင်ကြီးအောင်ပြောရင် ယုံလွယ်တဲ့ ခလေ့ကလည်း ရှိတယ်ဆိုတော့ မမတက္ကသိုလ်ပထမနှစ်မှာပဲ ရှိသမျှ ဓနအင်အားကုန်ပြီး အမေလည်း ရုပ်ခန္ဓာပါ ပုံကျသွားတော့တယ်၊

မမ အထကကျောင်းသူဘဝထိ အမေ့ကိုတင့်တောင်တင့်





တယ်ထားမယ့် သူဌေးလူပျိုလူလွတ်တွေ၊ တစ်ခုလပ် ဘောစိတွေ ချဉ်းကပ်နေကြသေးတာ မမ အမြင်ပဲလေ၊ အမေရယ် အမေပင်ပမ်းလှပါပြီ၊ အဲ့ဒီလူကြီး ယူလိုက်ပါလား ဆိုတော့. . . အရမ်းကို လှနေပြီဖြစ်တဲ့ မမကိုကြည့်ပြီး. ． ယောက်ျားဆိုတာ ကျားတွေချည်းပဲတဲ့. ． နွားဆိုရင်တောင် မြက်နုနုလေးပဲစားတာဟဲ့. ． တဲ့၊ အမေ အဲ့ဒါပဲ သိရှာတယ်လေ၊ နွားဆိုတာ နဖါးကြိုးထိုးလို့ရမှန်း. ． ကျားဆိုတာ ကြာပွတ်နဲ့ ခိုင်းချင်ရာခိုင်းလို့ရမှန်း အမေ မသိရှာဘူး. ．၊

မမတို့ ဆင်းရဲမွဲတေသွားလိုက်တာ ပြောတောင်မပြောချင်ဘူး၊ အမေ့ကိုအပြစ်ပြောနေတဲ့စကားတွေ မဟုတ်ပါဘူး၊ ကရုဏာဒေါသောစကားတွေပါ၊ ပဲပြုတ်တောင်း ခေါင်းပေါ်တင်ရတယ်၊ ညဘက် ဆေးလိပ်လိပ်ရတယ်. ．၊ ငါးခြောက်တစ်ဖတ်နဲ့ ထမင်းစားတတ်လာတယ်၊

အိပ်ရေးပျက်၊ အဟာရခါတ် နည်းလာတဲ့အပြင်. ． သူ့ဇိမ်ခံပစ္စည်းက ဆေးပေါ့လိပ်ဖြစ်လာတယ်၊

အိမ်တကာလိုက်ပြီး နေ့ခင်းဘက်အဝတ်လျှော်တော့ လက်တွေခြေတွေ ပဲကြီးခွံလိုက်လာတယ်၊ ရေဝဲပါစွဲလာတယ်. ．၊ နေ့ခင်းဘက် တရေးတမောတောင် ယားလို့အိပ်လို့မရ၊ ည ဆေးလိပ်လိပ်၊ မနက်အစောကြီး ပဲထပြုတ်၊ ဘယ်လိုလုပ် ဒီရုပ်ကြီး ခံနိုင်ရည်ရှိတော့မှာလဲ ကျတော့တာပေါ့၊

သမီး တက္ကသိုလ်ကျောင်းသူကိုတော့ ကော့ရော့နေအောင်ပဲ အမေထားခဲ့ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



“နှင့်သမီးလေး ငါကျောင်းထားပေးမယ် မိစံပယ်ရယ်”ဆိုတဲ့ ဘုရားတကာတွေ၊ ကျောင်းတကာတွေကိုလည်း အမေ ငြင်းပယ်ခဲ့ပါတယ်၊ မြို့မျက်နှာဖုံးတွေပဲ. . နာမည်ပျက်တော့ ဘယ်ခံမှာလဲနော်၊ အမေကတော့. . ဟင့်အင်းပဲ. . ၊

မမ မာစတာတန်း(အက်ဖ်ဝမ်း)မှာ အမေ ဘုန်းဘုန်းလဲ ပါတော့တယ်၊ ပန်းနာရင်ကြပ်ရောဂါနဲ့ လဲတာ စမ်းသပ်တော့ တီဘီလည်းမဟုတ်ပြန်ဘူး၊ မမ မြို့ပြန်ရတော့တယ်. . .

မြို့က မီနီမားကက်မှာ အရောင်းစာရေးမ ဝင်လုပ်တယ်၊ အမေ့ဆေးဘိုးနဲ့ လက်ရှိကုန်ဈေးနှုန်းနဲ့ ရပ်တည်မှုမှာ မမရဲ့ အဝတ်အစားကောင်းကောင်းလေးတွေပါ လုံခြုံတဲ့နေရာမှာ ပြန်မလာကိန်းဆိုက်ရတော့တယ်၊

အမေပေါင်ထားတဲ့ ခြံနဲ့အိမ်ကိုရောင်းပစ်ရတယ်၊ အိမ်လခသက်သာတဲ့ အခန်းလေးတစ်ခန်းမှာ ဝမ်းကွဲညီမတစ်ယောက်နဲ့ အမေ့ကိုထားခဲ့ပြီး မြို့တက်ခဲ့ရတယ်၊ မမကိုပိုးနေတဲ့ မြို့မျက်နှာဖုံးသူဌေးသား တရုတ်ဆေးသမားကိုတော့ ပြီတီတီလုပ်ပြီး အမေနဲ့ညီမ အပ်ခဲ့ရတာပေါ့၊ ဟင်းဟင်း. . .

နဖါးကြိုးအပေါက်ဖေါက်ဖို့ လျာထားခဲ့တာနဲ့တင် တရုတ်ဘိန်းစား ပတ်ကြွားမဆုံးဘူးလို့ ပြန်ကြားတာပေါ့၊

အဆောင်မှာနေတယ် ဝင်ငွေကောင်းတဲ့ ဘီယာစတေးရှင်မှာ သီချင်းဆိုတယ်၊ မာစတာဘွဲ့အတွက် ကျူရှင်လည်းတက်ရတာပေါ့၊ အသံကသိပ်မကောင်းပေမယ့် ရုပ်ခံနဲ့ပဲ လုပ်ကြံရင်း ဝပ်ကျင်း





ရှာရတာပေါ့၊

နာမည်အရင်းက အမေ ဒေါ်စပယ်ပေးတဲ့ နှင်းဆီပါ၊ အမေက နှင်းဆီမလို့ ခေါ်လေ့ရှိတယ်၊ ဆန်းအောင် ‘မ’တစ်လုံး ထပ်ထည့်လိုက်တယ်၊ ‘နှင်းဆီမမ’ ဖြစ်လာတာပေါ့၊ အဲ့ဒီမြို့သစ်က ဘီယာဆိုင်မှာတော့ စတားပါပဲ. . နှင်းဆီမမ. . နှင်းဆီမမနဲ့။

အခုနပြောခဲ့တဲ့စကားတွေထဲမှာ နွားဆိုတာ နဖါးကြိုးထိုးလို့ရတယ်. . ကျားဆိုတာကြာပွတ်နဲ့ ခိုင်းလို့ရတယ်. . အမေဟာ ယောကျ်ားတွေကို အသုံးမချတတ်ခဲ့ဘူး၊ မြို့ကသူဌေးသားကို ပြီတီတီလုပ်ခဲ့တယ်. . ဘာညာတွေက မမ အခုမှ ဘဝအတွေ့အကြုံရင့်လာလို့ ပြန်ပြီးပြောနိုင်တဲ့ စကားတွေပါ၊

အဲ့ဒီဘီယာဆိုင်မှာ စတားဖြစ်နေတဲ့အထိ မမဟာ ပီဘိသိုးငယ်လေးပဲ ရှိပါသေးတယ်၊ ဆင်းဆင်းရဲရဲ ကျောင်းထားရရှာတဲ့ အမေ့ကြောင့် စာပဲဖိလုပ်ခဲ့တာလေ၊

အချစ်အကြောင်း. . ယောကျ်ားအကြောင်း ခေါင်းထဲဝင်လာရင် ရအောင်ထုတ်ထားခဲ့တာလေ၊ ဘာအတွေ့အကြုံမှ မရှိသေးပါဘူး၊ ဘဝက ပစ်ချလိုက်လို့သာ လူအထင်သေးလေ့ရှိတဲ့ ဘီယာအဆိုသမဖြစ်ခဲ့တာပါ၊ အပျိုစင်အစစ်လေးပဲ ရှိပါသေးတယ်၊

ယောကျ်ားတွေကို မကြောက်ချင်ယောင်ဆောင်နေခဲ့ရပေမယ့် ကြောက်ပါတယ်၊ မမလို မိန်းကလေးတွေလည်း အများကြီးသွားတွေ့ပါတယ်၊ တချို့လည်း အဆိုတော်ပိုးကြောင့် လေ့ကျင့်ကွင်းနဲ့ ထုတ်ဝေသူရှာရင်း စင်ပေါ်ရောက်လာတာတွေပါ၊ ဆင်းရဲကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝတူတွေ များပါတယ်။

လင်ကောင်းသားကောင်း ရသူတွေလည်း တကယ်မြင်ဖူးပါပါတယ်။

'လင်း'ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ဆို သူ့ယောက်ျားနဲ့ ကိုယ်တိုင်ကားမောင်းပြီး ဘီယာလာသောက်ရင်း သီချင်းတောင် တက်ဆိုသွားသေးတယ်၊ အဆောင်မှာတုန်းက မမ ဘောင်းဘီငှား ဝတ်ခဲ့ရတာလေ. . ဆိုဒ်တူတွေပဲမို့လို့ပေါ့။

ဘဝကတော့မတူဘူး မမက တိုက်နဲ့ကားနဲ့ဖြစ်ပြီးမှ ကိုယ့် ဘဝဟာ 'ကံပင်'ပါလားဆိုတာ သိတော့တာ. . ဟင်းဟင်း. .

အတွေ့အကြုံ မရှိတာရယ်၊ အ,တာရယ်ပေါ့. . ။

ကိုကိုကတော့ တုန်နေအောင် ချစ်ပါတယ်၊ ချစ်လွန်းလို့ လိုချင်လွန်းလို့. . လိမ်ခဲ့တာပါတဲ့၊ သူ့မိန်းမကြီးဘက်က အရှိန်အဝါနဲ့ သူလည်းအဝယ်ခံခဲ့ရသူပါတဲ့၊ လေ့လာကြည့်တော့ အဲ့ဒါဟုတ်နေ တယ်. . ၊

ရုပ်သန့်ပေမယ့် ကိုကို့ကိုလည်း မမချစ်ခဲ့တာ မဟုတ်ပါဘူး၊ အမေ့ကိုကုဖို့ အမေ့ကိုကယ်ဖို့ပါပဲ၊ အပျိုရည်ကို ရောင်းစားပစ်လိုက် ရတဲ့သဘောပါပဲ၊ အပျိုရည်ပျက်ရလေခြင်းလို့ ဝမ်းနည်းပက်လက် မဖြစ်ခဲ့ပါဘူး၊ အမေ့အတွက်မို့ ဂုဏ်တောင်ယူနေမိခဲ့သေးတယ်၊

ပျော်လည်းပျော်ခဲ့ပါတယ်. . ဘဝက အကောင်းဆုံးတွေနဲ့ ပြုန်းခနဲ တွေ့လိုက်ရတာလေ၊ တစ်သက်လုံးမရနိုင်တဲ့ အဆင်ပြေ ချောမွေ့မှုတွေ ချက်ချင်းရောက်လာတာကိုး၊ ကိုကို့ကို ရင်မခုန်ပါဘူး





ရွံ့သလိုလိုကြီးတောင် ဖြစ်မိသေး. . .

ဒါပေမယ့်. . . စွဲလန်းအောင် စွမ်းဆောင်နိုင်လို့ စွဲလန်းမိ ကြောင်း ဝန်ခံပါတယ်၊

အဲ့ဒါအချစ်မဟုတ်တာတော့. . .

သိပ်သေချာပါတယ်၊

အရှင်းဆုံးပြောရရင်. . .

စကားလုံး နှစ်လုံးထဲပါ

'လိင်'နဲ့ 'ငွေ' ပါပဲ။

ဒါပါပဲ. . . ။

အင်း. . ခြေဆင်းက များနေတယ်၊ သီချင်းက ခုမှစမှာ. . ဟုတ်တယ်လေ အချစ်အကြောင်း ပြောကြမှာဆိုတော့ အချစ်က ခုမှစမှာ. . .

အဲ့ဒီညဉ့်က (၁၁၅)မိုင်စခန်းက အကောင်းဆုံးစားသောက် ဆိုင်ရဲ့ ထောင့်ကျကျစားပွဲမှာ မမတစ်ယောက်တည်းရယ်၊ နေပြည် တော်ကနေ ဝုန်းဒိုင်းကြပြီးပြန်လာတာ၊ ကားကိုလည်း မိုင်ကုန်နင်းချ လာတာ. . သေချင်လည်းသေစဟ ဆိုပြီး. . မီးနီနီ ကားဖင်မြင်သမျှ အကုန်ကျော်တက်လာခဲ့တာ. . .

မနေ့က နေပြည်တော် အသွားခရီးနဲ့ ခုအပြန်ခရီးက မမ အခြေအနေ ပြောင်းပြန်ကြီးလေ. . .

ညီမလေး မိချိုဆီက သတင်းဖုန်းရတယ်။ မေမေကြီးအရမ်း ကျန်းမာနေလို့ တရားစခန်း တစ်လတောင် စဝင်နေပြီတဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီဖုန်းကို ဝမ်းသာအားရ ချအပြီးမှာပဲ. . ကိုကိုက သူတို့ကုမ္ပဏီတွေကို ဝန်ကြီးက ညဥ့်စာစားပွဲနဲ့ ဂုဏ်ပြုမယ်တဲ့. . . မမ နေပြည်တော်ကို ဆက်ဆက်လာခဲ့ပါတဲ့၊ ကိုကိုအားတက်သရော ဖုံးဆက်တယ်၊ ဖိတ်စာတောင် အီးမေးလ်နဲ့ လှမ်းပို့လိုက်သေးတယ်၊

ဟာဟ. . နှင်းဆီမမကို ပထမဆုံး ကိုကိုပွဲထုတ်တာလေ. .

ပွဲတက်'ကိပင်' လှလှလေးကို ကိုကိုလူကြားကြွားချင်နေတာ ကြာပြီတဲ့၊ တစ်ကိုယ်လုံးပေါင်းတင်ပြီး စိတ်ကြိုက်ဝတ်စုံတွေနဲ့ ချီတက်ခဲ့တာပေါ့၊ တစ်လမ်းလုံးသီချင်းဖွင့်ပြီး အော်ဆိုသွားတာပေါ့၊ ကိုကိုကလည်း ဝမ်းသာအားရ ပွေ့ဖက် ကြိုခဲ့တာပဲ၊ ညဥ့်စာစားပွဲ သွားဖို့ ဗီးလိမ်းပြင်ဆင်နေမှ. . ကိုကို့ဘီလူးမကြီး ခုနစ်သံချီ ဘီလူးဆိုင်းနဲ့ ရောက်လာတာ. . .

"တရားဝင် ပွဲတက်မယားက ဘယ်သူလဲဦးကောင်းသော်" တဲ့ မေးစေ့နှစ်ထပ်ကိုပင့်ပြီး မေးလာတဲ့ ပါးရိုးကြီးကို ဖေါင်းခနဲအသားကုန် ပစ်တီးလိုက်ချင်လိုက်တာလေ. . ၊ ဟင်း. . အကြောင်းကြောင်းကြောင့် ချုပ်တီးပြီး ပြန်ခဲ့ရတာပေါ့. . .

ipod နဲ့ အချစ်အတွက် တစ်ဖန်မွေးဖွားခြင်းကို နားထောင်နေမိတယ်၊ စိတ်က ဝိုင်ချိုကြောင့် အားသစ်မာန်သစ် ပြန်ဝင်လာနေတယ်၊ ပိုလန်းလာတယ်ပေါ့၊ လူချမ်းသာမ တစ်ယောက်ရဲ့ဖွံ့စည်းပုံအပြည့်နဲ့ ညဥ့်ဦးမှာ လွတ်လွတ်လပ်လပ် ဝိုင်အကောင်းစား ရီဝေယစ်မူးနေရတဲ့ ကိုယ့်အဖြစ်ကိုယ် ကျေနပ်လာတယ်. . .

စီးကရက်သောက်ရင်း သီချင်းတောင်လိုက်ညည်းဖြစ်နေ





သေး၊ အီတလီဒေါက်မြင့်ကြိုးသိုင်းဖိနပ်နဲ့ ခြေသည်းလှလှနဲ့စည်းကလေးတောင် တခွပ်ခွပ်လိုက်နေမိသေး၊

(အသားကပ်အင်္ကျီ) လွတ်လပ်အောင် အပေါ်ကလည်သာ ဂျာကင်အညို ခါးပြတ်ကို ချွတ်လိုက်တယ်၊ အဝါအနက်ဆိုတာ တွဲဖက်ရင် ရှင်းပြတ်နေတတ်လေ့ရှိတယ်၊ သိတယ်. . ချာတိတ်လေးတွေတောင်လှမ်းငေးရင်း. . .

"ဟိုမှာ တို့ကားကို မြားလိုကျော်သွားတဲ့ ဟိုက်ဝေးစတား မမကွ"တဲ့. . . ဂီတနားပဲ ကြားတာပေါ့. . .

မသိချင်ယောင်ဆောင်နေလိုက်တယ်၊ ကိုယ်လုံးအလှပိုပြီး ပေါ်အောင် ခါးလည်လောက်ရှိတဲ့ မဟော်ဂနီရောင် ဆံပင်အကြေကောက်တွေကို နဖူးလှန်စုစည်းပြီး ကျောမှ သာသာယာယာပဲ ချပြထားလိုက်တယ်. . . ရှိုးကြစမ်း. . .

မန်နေဂျာကိုယ်တိုင် ဘာလိုသေးလဲ လာလာမေးနေလို့. . ကောင်လေးတွေဖြုံပုံရတယ် ဘယ်သူမှလာမကပ်ရဲဘူး. . ဟင်းဟင်း Coke ဗူးနဲ့စီးကရက်ကို တော်တော်ကြာကြာပါပဲ ဖိမ်ဆွဲပြီး သောက်နေလိုက်တယ်၊

"မမ ကျေးဇူးပြုပြီး ကျွန်တော်ကို သုံးမိနစ်လောက် စကားပြောခွင့်ပြုမလားခင်ဗျာ၊ နှောင့်ယှက်တာမဟုတ်ပါဘူး"

တည်တည်ငြိမ်ငြိမ် လေအေးအေးနဲ့ ဂီတလိုအသံမျိုးနဲ့ ပြောလာတယ်၊ တိုတိုကပ်ကပ် သပ်ရပ်နေတဲ့ဆံပင်နဲ့ ရှင်းသန့်နေတဲ့ မျက်နှာနုနုလေးမှာ ပြုံးပြနေတဲ့သွားတွေက အဖွေးသားပါ၊ စကား



www.burmeseclassic.com

www.burmeseclassic.com



စပြောလာကတည်းက ခဏာချင်း ဆံပင်ကနေ ရှူးဖိနပ်အဖျားအထိ ကြည့်လိုက်ပြီးသားပါပဲ၊ အလိုလိုပဲ ပြန်ပြုံးပြမိလောက်အောင် သူ့ အပြုံးက ကူးစက်ပါတယ်. . .

“ထိုင်လေ”

ပြောရင်း. . ခပ်တည်တည်ပဲ နာရီကို သိသိသာသာပြပြီးမှ ကြည့်လိုက်တယ်. . ၊ ကျွတ်ကျွတ်ကြကြတော့မဟုတ်ဘူး ခပ်တည် တည်ပဲ ဝင်ထိုင်တယ်၊ လက်ထဲမှာ ပြက္ခဒိန်လို စာအုပ်တစ်အုပ် ကိုင်ထားတယ် အပြားလိုက်ပါပဲ. . .

“ကျွန်တော် ခွင့်မတောင်းဘဲ ဈာန်ဝင်လာလို့. . . မမကို စကတ်(ချ်)ရေးလိုက်မိတယ်၊ အဲ့ဒါ လာခွင့်တောင်းတာပါ။ ခွင့်မပြု ရင်လည်း ဖြဲလိုက်ပါ၊ ဟိုအမှိုက်ပုံးထဲ ကျွန်တော်ပဲ သွားထည့်ပေးပါ့ မယ်”

သူကလည်း ဖီးလ်ဝင်လို့၊ မမကလည်း ငြိမ်နေလို့ ခဲပုံကြမ်း လှမ်းရေးလိုက်တယ်ဆိုပါလား. . ။

“မင်းကပန်းချီဆရာလား”

“ဝါသနာရှင်ပါ. . ပန်းချီခရီးသည်ပေ့ါ”

“ပြပါဦး”

အကောင်းစား ပုံဆွဲစက္ကူစာအုပ် ဖြစ်ပုံရပါတယ်. . ပထမ ရှုခင်းတွေ၊ ဘုရားနဲ့ စုလစ်မွန်းချွန်တွေ၊ ဈေးသည်တွေ၊ တိုင်းရင်း သားပုံတွေ အတော်များများပါပဲ၊ ဒီကားစခန်းအဝင်တောင် ပါသေး တယ်. . .



“အဲ့ဒီနောက်မှာမမ. . .”

သူ့လက်ရာ တော်ရုံပညာရှင်မဟုတ်တာ သိသာပါတယ်။

မမ အင်္ကျီမချွတ်ခင်ပုံ ဘွားခနဲမြင်လိုက်ရတယ်။

ကြည့်စမ်းပါဦး. . . ဒီအခန်းထဲလှမ်းဝင်လာတဲ့ပုံပါလား။

ပုံကြမ်းတဲ့. . .

ဒီအခန်းထဲက ဘယ်သူ့ပြပြ မမပုံမှန်းသိသာနေတယ်။

အကြမ်းခြစ်ထားတဲ့ မျက်နှာကပါ တူနေတော့. . .

“အို. . . တူလိုက်တာ၊ ခပ်သေးသေးရေးထားတဲ့ မျက်နှာ ပေါက်ပါ တူနေတာတော့ တကယ်ပါပဲ. . အံ့ပါရဲ့”

နောက်ထပ်လှန်တော့ အေးအေးဆေးဆေးထိုင်နေတဲ့ မမ ရဲ့စတိုင်လှလှပုံတွေ၊ ပီပြင်လိုက်တာ. . . ပုံကြမ်းပေမယ့် မျက်နှာနဲ့ ဆံပင်ကို ခဲရှိတ်ခပ်ပါးပါး တင်ထားတယ်၊ အလင်းအမှောင်နဲ့ ကြွရွ နေတာပဲ. . သုံးပုံတောင်မှပဲ၊

“ဟာ!. . ကောင်းလိုက်တာမောင်ရယ်၊ ဒီစာရွက်တွေကို ဖြုပစ်မယ့်သူကတော့ လောလောဆယ် မမရဲ့ရန်သူပဲ၊ ရန်သူမှ နပမ်း ထသတ်ရမယ့် ရန်သူပဲ”

မမဖေါက်တဲ့ဟာသစကားကြောင့်. . (မောင်လို့ခေါ်တာ လည်း ပါမှာပေ့ါ) သူဝမ်းသာကျေနပ်စွာပဲ ပြုံးနေပုံလေးက ချစ်စရာ လေးပါ. . .

“မင်း ဝါသနာရှင်မဖြစ်နိုင်ဘူး၊ ကျောင်းဆင်းလား. . ပရော် ဖက်ရှင်နယ်လ်လား”

www.burmeseclassic.com

www.burmeseclassic.com



"တကယ် ဝါသနာရှင်ပါ. . ခင်ဗျာ"

"ကဲ. . ဘာဖြစ်ဖြစ်ပါ၊ မင်း စားပွဲပြောင်းနိုင်ရင် ပြောင်းခဲ့ပါလား၊ မမလည်း တစ်ယောက်တည်းပဲ"

အိတ်တစ်လုံး ဂီတာတစ်လုံးနဲ့ မောင်စားပွဲပြောင်းလာတယ်၊ နည်းနည်းပေရေနေတဲ့ တီရှပ်အဟောင်းနဲ့ ဂျင်းဘောင်းဘီ တမင်ပြဲနဲ့ ရှူးဖိနပ်ကတော့ အကောင်းစားမှန်း သိသာပါတယ်၊ အအိပ်အစား သိပ်မမှန်ခဲ့ပုံပေါ်တယ်. . မျက်ကွင်းလေးချောင်လို့. . .

"မင်းဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ"

"ပျဉ်းမနားကလာတာ. . ရန်ကုန်ပြန်မလို့"

"ဘာကားနဲ့လဲ"

"လမ်းမှာကြုံသလို sketch ရေးရင်း လမ်းလျှောက်လာတာလေ"

"ရန်ကုန်ထိ လမ်းလျှောက်ပြန်မလို့လား. . ဟုတ်လား"

"ကားကြုံရရင်လည်း ရသလိုပေါ့"

"ဟိုစားပွဲမှာ ရှင်းခဲ့တဲ့ စပါကလင်ဘိုးက. . နောက်ဆုံးနေအင်အားပဲ"

"ဖြစ်ရလေကွယ်. . ကဲ. . မင်းကြိုက်တာမှာ ကြိုက်တာစားဘယ်လိုများ ဖြစ်လာတာလဲကွာ"

သူခေါင်းလေးငုံ့သွားတယ်။

တစ်ခုခုစဉ်းစားနေသလိုပဲ. . ပြီးမှ သက်ပြင်းရှူသွင်း ပြန်မှုတ်ထုတ်ရင်း ခေါင်းမော့လာတယ်. . .





"ပျဉ်းမနားက အပေါစားတည်းခိုခန်းတစ်ခုမှာ ကျွန်တော့်ပိုက်ဆံအိတ် အခိုးခံလိုက်ရတယ်၊ ဝန်ခံရရင် မမကို ပန်းချီပုံတူရေးပေးပြီး ရောင်းစားမလို့၊ အပြန်စရိတ်ရအောင်ပေါ့. . . "

မမစိတ်ထဲ နင့်ခနဲ ဖြစ်သွားတယ်။

"ကဲ. . မောင် အခုအချိန်ကစပြီး မောင်ကြုံဆုံခဲ့ရတဲ့ စိတ်ပျက်မှုတွေ၊ အဆင်မပြေမှုတွေ၊ သိမ်ငယ်မှုတွေ၊ အိုကွယ် မောင့်ဒုက္ခတွေ ဟူသမျှ ငြိမ်းသွားပြီလို့ မှတ်လိုက်ပေတော့၊ ကဲ. . ဘာသောက်မလဲ"

"စည်ဘီယာ တစ်ခွက်လောက်တော့ သောက်ချင်ပါတယ်"

"ကမ္ဘာ့အကောင်းဆုံး ဘီယာဟာ ဘာလဲသိလား"

"ဘတ်(ဒ)ဝိုင်ဇာလို့တော့ ကြားဖူးတာပဲ"

"ဒီမှာရတယ် တစ်တွဲမှာလိုက်မယ်"

"ဗျာ!"

ဟုတ်တယ်. . အဲ့ဒီမှာ စတွေ့တာ. . .

မောင်နဲ့စတွေ့တာ နှင်းဆီမမတစ်ယောက် အချစ်နဲ့စတွေ့တာလို့ပဲ ပြောပါရစေတော့ရှင့်။

"လွတ်လပ်လဟာ ကြယ်တာရာတွေအောက်မှာ ဘတ်(ဒ)ဝိုင်ဇာ သွားသောက်မယ်လေ၊ မောင်က ဂီတာတီးပြပေါ့ လိုအပ်လာရင် ကားမီးနဲ့ မီးပုံပွဲတောင် လုပ်လို့ရသေးတယ်၊ ဟော့. . ဝန်ထမ်းလေး ဒီဝိုင်းရှေ့မယ်ဟော့"

"ဟုတ်ကဲ့ ဘယ်ကိုရှေ့ပေးရမလဲ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးက တပြန့်တပြူး ကားပါကင်မှာ ရပ်ထားတဲ့ ဝက်ဂွန် အဖြူလေး. . မြင်လား. . "

"ဟုတ်ကဲ့ခင်ဗျ"

"အဲ့ဒီနား. . . "

ကားပေါ်က ကူရှင်နှစ်လုံးက ဖြုတ်လို့လွယ်တယ်၊ ကူရှင်နှစ်လုံးကို ကွန်ကရိကြမ်းပြင်ကျယ်ပေါ် ချပြီး ပါတီပွဲခင်းလေး ကျင်းပ တယ်. . .

ဂီတာတီးရင်း သီချင်းဆိုနေတဲ့ မမရဲ့ မိုးကျရွှေကိုယ်လေးက ခပ်စောင်းစောင်းကျနေတဲ့ ကားမီးတန်းအောက်မှာ ခေါမကျောက် ရုပ်လေးလိုပါပဲ၊ ရောင်နီလာမှပဲ ကားထဲဝင်ပြီး တစ်ရေးအိပ်ကြတယ်၊ အိပ်ရာကနိုးမှပဲ ရေမိုးချိုး အဝတ်အစားလဲ မနက်စာကောင်းကောင်း တဝတပြဲစားကြပြီး သီချင်းတကြော်ကြော်နဲ့ နှစ်ယောက်သား ပြည် တော်ပြန်ခဲ့ကြတယ်၊ ပျော်လိုက်တာလေ. . .

"ဒီမှာ ညဥ့်က မမမူးပြီးကားထဲမှာ ကလေးတစ်ယောက်လို အပူအပင်မဲ့ အိပ်နေတဲ့ပုံ" တဲ့. . .

"အိုး. . မိုင်ဂေါ့ဒ်!. . "

ကော့ကော်ကီကား. . .

နည်းနည်းတောင် ရှက်သွားမိပါရဲ့။

ဒီလိုနဲ့. . ၊ အဲ့. . သလို. . နဲ့. . ။

မြို့သစ်က 'ရှုးသွပ်ခြင်း'လို့ ဘာသာပြန်လို့ ရစကောင်းတဲ့ မော်တယ်အကောင်းစားလေးဆီ ကားမောင်းဝင်ခဲ့ကြတယ်။





ဥယျာဉ်မြို့တော်က သော့ပိတ်ထားတဲ့ မမတိုက်ခန်းကိုမြန်မြန် ဖို့ စဉ်းစားသေးတယ်၊ ကိုကို့မော့ဆက်အဖွဲ့သားတွေ ပတ်ဝန်းကျင် မှာ ရှိမနေဘူးလို့ ဘယ်သူမှ အာမ,မခံနိုင်ဘူးလေ. . ၊ ရှုးသွပ်ခြင်းပဲ ကောင်းပါတယ်၊ ရောက်ရောက်ချင်းပဲ နှစ်ယောက်အိပ်ခုတင်ပေါ် ကန့်လန့်ဖြတ် ပက်လက်လှန် အိပ်ချလိုက်တယ်. . .

ခရီးပမ်းလာလို့ အမောပြေလှဲချလိုက်ကြတာပါ။

မေးခနဲကို နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားကြတော့ တယ်၊ ငြိမ်သက်တိတ်ဆိတ် အေးချမ်းလွတ်လပ်နေတာကိုး၊ မမ အရင်နိုးတယ်. . ညနေစောင်းနေပြီ၊ လန်းလန်းဆန်းဆန်းပဲ နိုးလာ တာပါ. . .

မောင်ကတော့ မမထက် ပိုပင်ပမ်းခဲ့တဲ့သူဆိုတော့ အတိုး ချပြီး တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတုန်းပါပဲ၊ အားရှိ အောင် အိပ်ပါစေ. . . နဖူးကိုနမ်းမိတယ်. . .

သီချင်းတအေးအေးနဲ့ ရေပူရေအေး နှစ်မျိုးလုံးနဲ့ စိန်ပြေ နပြေကို မမရေချိုးနေမိတယ်၊ ပေါင်းတင်ထားတဲ့ ကိုယ့်အလှကို လည်း ကိုယ့်ဟာကိုယ် အားရကျေနပ်ရုံအပြင်. . အလို. . အပျိုဖြန်း လေးတစ်ယောက်လို ရင်တွေဖိုလို့ပါလားလေ. . .

ရေချိုးခန်းထဲ စိတ်ကူးယဉ်နေတာကပဲ အတော်ကြာအောင် ရင်ခုန်ဖို့ကောင်းနေတော့တယ်၊ တဘက်အသေးတစ်ခု တဘက် အကြီးတစ်ခုသာ ဆင်မြန်းပြီး. . လန်းလန်းဆန်းဆန်း ရေချိုးခန်းက ထွက်လာတော့. . မောင် မရှိတော့ဘူး. . ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အိတ်. . သူ့ဂီတာပါ မရှိတော့ဘူး. .

ဟယ်!. . ဘယ်လိုဖြစ်တာလဲ. . .

စားပွဲပေါ်ကို မှတ်မှတ်ရရ တင်ထားခဲ့တဲ့ဟန်းဖုန်းက အိပ်ရာပေါ်ရောက်နေတယ်. . ဗုဒ္ဓေါရေ. .

ဖွင့်ကြည့်လိုက်တယ်. . .

ကျွတ်!. . သွားပြီကွာ. . သေလိုက်!. . ။

ပို့သေချာတာက. . . .

မှန်ပေါ်မှာ မမနှုတ်ခမ်းနီတောင့်နဲ့ ခပ်သေးသေးလေးတွေ အသော့ရေးသွားတယ်။

မမ

ကျွန်တော်

ဗုဒ္ဓဘာသာဝင်စစ်စစ်ပါ

မောင်....တဲ့လေ။

ကမန်းကတန်း အကျႌဝတ်ပြီး မန်နေဂျာဆီစုံစမ်းတော့. . ခရက်ဒစ်ကဒ်နဲ့ မောင်အခန်းခ ရှင်းသွားတယ်တဲ့. . . ။

ကဒ်နံပါတ်နဲ့ ဘဏ်စာရင်း တောင်းကြည့်ဖို့ ကြိုးစားတော့ ကာယကံရှင်ကိုယ်တိုင်က ပိတ်ပင်ခဲ့လို့ပါတဲ့။

အခန်းထဲပြန်လာပြီး အာခေါင်ခြစ် မအော်မိအောင် စိတ်ထိန်းထားရတယ်။

နေပြည်တော်မှာ ကိုကိုက တိုက်ခန်း၊ ကား၊ ဘဏ်ငွေစာရင်းအားလုံး မမနာမည်နဲ့ လွှဲပေးပြီး နောက်ဆုံးမှာလိုက်တာက. .



"မမ ချစ်တဲ့သူတွေ့လာရင် လွတ်လွတ်လပ်လပ် လက်ထပ်ယူနိုင်အောင်ပါ" တဲ့. . . ။ ပွဲကပြတ်နေပြီ. . . ။

"ခုမှ ဇာတ်လမ်းအသစ်စက်စက် ဘဝအသစ်စက်စက်စမှာ မောင့်ရေ. . . " လို့ အာခေါင်ခြစ်ပြီး အော်ပစ်လိုက်တော့တယ်။

ရှုးသွပ်ခြင်း မိုတယ်ထဲမှာ. . .

တကယ့်ကို ရှုးသွပ်နေတဲ့ အချစ်ရှုးမတစ်ယောက်. . .


အဲ့ဒီခဏမှာ သွက်သွက်ခါအောင်ပဲ

ရှုး. . နေ. . ပါ. . တော့. . တယ်။

သံယောဇဉ် အမျှင်တန်းမိတဲ့ နှင်းဆီမမ ရှုးခန်းပါရှင့်။



www.burmeseclassic.com








# အခန်း(၇)

## ချိုဝတ်ရည်

ပြိုင်ပွဲနာမည်က. . .

'ဆီမီးတစ်ထောင် ပန်းတစ်ထောင်'. . . တဲ့။

သမီးတို့မြို့ကလေးမှာ အလွန်စည်ကားတဲ့ ပွဲတော်ပေါ့. . ။

သမီးတို့မြို့က လမ်းဆုံရွာကြီးပါ၊ အ. ထ. ကရှိတယ်၊ ရဲစခန်းရှိတယ်၊ တိုင်းမြို့ကြီးနဲ့ ဆယ်မိုင်ပဲဝေးတယ်. . . ။

မြန်မာပြည်က အဓိကမြို့ကြီးလေးမြို့ကို ကားလမ်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . ။

အင်မတန်ကြီးမားတဲ့ ဘုရားစေတီကြီးတစ်ဆူ ရှိတယ်. . ။

မဟာဝိဇယစေတီလို့ သမုဒ်တွင်ပါတယ်၊ တပို့တွဲလပြည့်နေ့မှာ အဲ့ဒီမဟာဝိဇယစေတီကြီးရဲ့ ဘုရားပွဲကျင်းပတယ်၊ အဲ့ဒီဘုရားပွဲမှာ ဆီမီးအလှ၊ ပန်းအလှပြိုင်ပွဲ ကျင်းပလေ့ရှိတယ်၊ ရွာထဲကရပ်ကွက်ပေါင်းစုံမှာရှိနေတဲ့ ကုမာရီဝတ်အသင်းတွေရဲ့ ပြိုင်ပွဲဖြစ်ပါတယ်၊ ပန်းအလှကတော့ ပန်းအလှထိုးပြိုင်တာပါ၊ ဆီမီးအလှပြိုင်ပွဲအကြောင်းကို သမီးပြောပြချင်တာပါ. . . ။

အဲ့ဒီဆီမီး အလှပြိုင်ပွဲကြောင့် 'ဦး'နဲ့သမီး ဆုံဆည်းကြတာမို့ပါ၊ သမီးက ရပ်ကွက်ဝတ်အသင်းမှာ အငယ်ဆုံးပါ၊ ဆယ့်ခြောက်နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်. . . ။

သမီးတို့ဝတ်အသင်းမှာ ဒီနှစ် ခေါင်းဆောင်အသစ် ဖြစ်လာတာက 'မမနိုင်နေနွယ်'ပေါ့၊ သူက ရပ်ကွက်မျက်နှာဖုံး သူဌေးသမီးဆိုပါစို့ရှင်၊ အလွန်လှပြီး ဖျတ်လတ်တက်ကြွပါတယ်. . . ။

ပိုက်ဆံရှိတော့ နည်းနည်းမောက်မာသလို ထင်ရပေမယ့် ဟော့ဟော့ဒိုင်းဒိုင်းနဲ့ အတွင်းသဘောကတော့ ကောင်းပါတယ်၊ လူတိုင်းကို ကူညီချင်တဲ့စိတ် ရှိပါတယ်၊ ပြီးတော့ လူတိုင်းကိုတော့ မှတ်ဘူးပေါ့နော်. . . သူ့အကူအညီလိုအပ်လို့ တောင်းရင်လည်း စိတ်ပါလက်ပါ သူ့ကိုကူညီမှ ကြိုက်သူပါ. . . ။

"ဒီနှစ် ငါတို့ဝတ်အသင်း. . ဆီမီးကော ပန်းကော ပထမရကိုရစေရမယ်"တဲ့၊ သူကတော့ အိမ်စီးပွားရေးတဖက် ရှိနေတော့





ငွေအားနဲ့ ဩဇာအာဏာအား အပြည့်စိုက်မယ့်သူပါ. . .

ဆီမီးထွန်းတာက ဒီပြင်ရပ်ရွာတွေတော့ သမီးမသိဘူး. . သမီးတို့ပြိုင်ပွဲမှာက ဒီလိုပါရှင်. . .

ဘုရားရင်ပြင်ကျယ်ပေါ်မှာ ဆရာတော်နဲ့ဂေါပကအဖွဲ့က ဆယ်ပေပတ်လည် စတုရန်းကွက်တွေချပြီး ရပ်ကွက်အလိုက် မဲနှိုက်ရတယ်၊ ဘယ်အကွက် ဘယ်ရပ်ကွက်ပေါ့. . . ။

အဲ့ဒီအကွက်ထဲမှာ ပန်းချီဆွဲရတယ်၊ ပန်းချီပုံကို စာရွက်နဲ့ဆွဲပြီး ကြိုတင်ရတယ်၊ ဘုရားပုံတော်တွေ ဘာတွေတော့. . ရင်ပြင်ကြမ်းခင်းနဲ့ မသင့်တော်လို့ မဆွဲရဘူးပေါ့. . . ။

လက်အုပ်ချီပြီး ကြာပန်းကပ်နေပုံတို့၊ ဆီမီးခွက် လင်းဖြာနေပုံတို့၊ ကြာပန်းပွင့်ကြီးပုံတို့၊ အောက်ချင်းငှက်တို့၊ ရှမ်းအိုးစည်တို့၊ ကြေးစည်တို့. . အဲ့လိုပုံမျိုးတွေပေါ့နော့. . ကြိုတင်ရတယ်။

ခွင့်မပြုရင် အကြောင်းပြန်တယ်၊ နောက်တစ်ပုံထပ်တင်ပေါ့၊ ခွင့်ပြုရင်တော့ ဘာမှအကြောင်းမပြန်ဘူး ပြိုင်မယ့်နေ့ နေ့ခင်း ဘုရားရင်ပြင်ပေါ်က ကိုယ့်အကွက်ဆီကို စားသောက်စရာတွေ၊ ခင်းဖို့ထိုင်ဖို့ ယိုးဒယားဖျာ၊ သင်ဖြူးဖျာတွေ၊ ပန်းတွေ၊ ဖယောင်းတိုင်တွေနဲ့အတူ ဆန်ကွဲအိတ်နဲ့ ဆေးရောင်အမှုန့်အိတ်လေးတွေ၊ လင်ဗန်းတွေ၊ ရေပုံးရေခွက်တွေနဲ့ တပျော်တပါး ရောက်ရှိလာကြရတယ်. . ။

ကိုယ့်အကွက်မှာ ခွင့်ပြုတဲ့ပုံကို မြေဖြူနဲ့အရင် ရေးရတယ်၊ ပြီးမှ ဆန်ကွဲတွေကို ရောင်စုံဆေးဆိုးပြီး လိုအပ်သလို စိတ်ကူးရှိသလို ပန်းချီပုံဖော်ရတယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအပေါ်မှာမှ ဖယောင်းတိုင် ဒါမှမဟုတ် မြေကွက်ဝိုင်းလေးတွေထဲ ဂေါ်ပကပေးတဲ့ ဆီနဲ့မီးဇာထည့်ပြီး မလှုလှုအောင် ထွန်းပြီး ပြိုင်ကြရတာ. . .။

ပွဲလာဘုရားဖူးတွေက လုပ်နေကိုင်နေကတည်းက လှည့်ပတ်ကြည့်ပြီး. . . ဘယ်ရပ်ကွက်က ဘာဖြစ်တယ် ညာဖြစ်တယ်၊ ဘယ်သူကဖြင့် တစ်ရနိုင်တယ်၊ ဘာညာ. . လေသံတွေပစ်တယ် ဝေဖန်တယ်. . .။

ဒီလိုလုပ်ပါလား၊ ဟိုလိုလုပ်ပါလား၊ ဒါကစောင်းနေတယ်၊ ဒီအရောင်ကြီးက ဒါနဲ့မလိုက်ဘူးနဲ့. . ဝေဖန်ကြ၊ ရန်ဖြစ်ကြ၊ စကားနာထိုးကြ၊ စကြနောက်ကြ. . အရမ်းပျော်စရာကောင်းပါတယ်. . ။

ဒီနှစ်တော့ တို့နိုင်ရမယ်ဆိုတဲ့ အဖွဲ့တွေချည်းပါပဲ။

ဟူး. . ဆက်တိုက်ပြောရတာ မောလိုက်တာ၊ ဒါပေမယ့် မောနိုင်ပါဘူးလေ. . နော. . 'ဦး'အကြောင်း ပြောရတာပဲဟာ. . .

ပွဲတော်ရက်မတိုင်ခင် တစ်ပတ်အလိုကတည်းက မမနိုင်နေနွယ် ပန်းချီဆရာ ရှာနေတယ်၊ ဆွဲတတ်ရေးတတ်တဲ့သူတွေကို ဆွဲဖို့ စာရွက်တွေဝယ်ပေးပြီး ပုံစုနေတယ်လို့ ကြားတာပဲ. . .

ရပ်ကွက်ခမ္မရုံက ရန်ပုံငွေတောင် မသုံးဘူးတဲ့၊ သူပဲအကုန်စိုက်မယ်တဲ့၊ ပြိုင်ရင်နိုင်ရမှဆိုတာ သူ့ဆောင်ပုဒ်တဲ့၊ သမီးတို့ကို ဘာတာဝန်မှ မပေးသေးပါဘူး. . .။

စုဆောင်းရသမျှ ပန်းချီပုံတွေလည်း တစ်ခုမှသဘောမကျဘူးလို့ ငြီးသံတော့ ကြားနေရတယ်. . .။





တစ်နေ့ညနေပေါ့ သမီးရယ်၊ မမခိုင်ရယ်၊ ဇင်မရယ်၊ ဘုန်းကြီးကျောင်းကို ပန်းသွားပို့ရင်း ရင်ပြင်တော်ပေါ်က ဖြတ်ပြန်ကြတယ်၊ ဘုရားလည်းဖူးရင်းပေါ့. . .။

တောင်ဘက်စောင်းတန်းနားမှာ ပန်းချီဆွဲနေတဲ့ လူတစ်ယောက်၊ ပန်းချီကားကို ထောက်တွေဘာတွေ အသေအချာထောက်ပြီး ဆွဲနေတာ၊ ဆေးတွေပေရေစွန်းထင်းနေတဲ့ ပန်းချီဆွဲတဲ့ ဝတ်ရုံဖားဖားကြီးနဲ့၊ မုတ်ဆိတ်ကျင်စွယ်နဲ့၊ ဆံပင်ကြီးကလည်း ကျောလယ်ကို ချထားတယ်. . .။

အဲ့ဒါ သမီးရဲ့ဦးပဲ. . .။

အဝေးကကြည့်ရင် အရူးကြီးတစ်ယောက်လိုပဲ. . ။

မမနိုင်က အရမ်းစပ်စုတယ်လေ. . သွားကြည့်ရအောင်တဲ့၊ ဇင်မကတော့ ဘာမှမပြောဘူး၊ သူကတော့ ဘယ်သူဘယ်သွားသွားလိုက်မယ့်သူ၊ ပြေးဟော့ဆို. . ပြေးမယ့်သူလေ. . .။

"ကြောက်စရာကြီး မမခိုင်ရဲ့၊ ဘယ်ကမှန်းလည်း မသိဘဲနဲ့ မတော်အော်ငေါက်နေမှ ခက်နေမယ်"

"ငါသိတယ် ဝေါလမ်းကအန်တီကျင်တို့အိမ်မှာ လာနေတာ၊ သူတို့အမျိုးတော်တယ်တဲ့၊ နိုင်ငံခြားသားတွေ သူ့ပန်းချီကားတွေကို လာဝယ်တာတွေ့ဖူးတယ်၊ ဘိုလိုလည်း မွှတ်နေအောင်ပြန်ပြောနေတာ ငါကြားဖူးတယ်၊ လာပါ အနုပညာသမားဆိုတာ နေချင်သလို နေတတ်သလို နေပေမယ့်. . နူးညံ့သိမ်မွေ့ပါတယ်တဲ့"

ဒီလိုနဲ့ နောက်နားက တိတ်တိတ်လေးကပ်သွားပြီး ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့. . .

ဟာ. . လှမှလှပဲ၊ နေရောင်တစ်ခြမ်းကျနေတဲ့ စေတီကြီးနဲ့ အနောက်ဘက်မုဒ်ကြီး အဲ့ဒီပိတ်စပေါ် တကယ်ရောက်နေတော့တာလား၊ သမီးတို့စေတီကြီးဟာ သူ့ပန်းချီကားထဲမှာ ပိုပြီးသပ္ပါယ်နေတယ်လို့ သမီးတော့ထင်တာပဲ၊ အဝါရောင်တွေ လွှင်နေတာကိုက ရွှေအဆင်းလို လင်းနေတာပဲ. . .॥

သူ စုတ်တစ်ချက်တို့ပြီး နောက်လေးငါးလှမ်းဆုတ်ရင်း ကြည့်တယ်၊ အဲ့ဒီမှာ သမီးတို့ရပ်ကြည့်နေတာ မြင်သွားပုံရတယ်. . ဖွေးနေတဲ့သွားတန်းတွေ မုတ်ဆိတ်ကျင်စွယ်ကြားမှာ စီစီရီရီရှိနေတာကိုး၊ မျက်လုံးကပါ ပြုံးတယ်ဆိုတာ ဒါပဲဖြစ်မယ်၊

သမီးတို့လည်း ပြန်ပြုံးပြလိုက်ရင်း. . .

"တော်လိုက်တာနော် အဲ့လိုဆွဲတတ်ချင်လိုက်တာ"

အလိုလိုပြောလိုက်မိတဲ့ စကားပါ. . .

"ကလေးက ပန်းချီဝါသနာပါလို့လား"တဲ့

သူ့ပြောပုံနဲ့ သူ့အသံက အဝေးကြီးက လာသလိုပေမယ့်. . နားနားကပ်ပြောသလိုပဲ. . သမီးလည်း အဲ့လိုပဲ ပြောတတ်တယ်၊

ချက်ချင်းပြန်ဖြေမိတယ်။

"ပါတာပေါ့"

"သင်ရင်တတ်ပါတယ် လေ့ကျင့်ရင် တော်လာတာပေါ့"

"အလကား. . မိချိုက တီကောင်တောင် ဖြောင့်အောင်ဆွဲတတ်တာမဟုတ်ဘူး"





မမခိုင်က ဟာသဝင်ဖေါက်တာလေ. . .

ဦးက ရယ်ရင်း. . စီးကရက်မီးညှိတယ်။

"ဟင်းဟင်း. . . တီကောင်ဆိုတာ ဖြောင့်အောင်ရေးရင် ဘယ်တူတော့မှာလဲ၊ သူ့သဘာဝကိုက ကွေးကွေးကောက်ကောက်နေတတ်တာလေ. . ကောက်အောင်ရေး၊ တီကောင်ကို အထီးနဲ့အမကော ခွဲတတ်ရဲ့လား"

"ဟင်!. . . ဘယ်လိုခွဲမလဲ ဘယ်လိုရေးမလဲ"

ဦးက လက်သန်းလောက်ရှိတဲ့ စုတ်တံတစ်ချောင်းကို ခွက်ထဲက ဆွဲထုတ်လိုက်တယ်၊ ဆေးအညိုအနီကို အမြန်တို့ပြီး စပ်ပြားပေါ် ဆေးစပ်တယ်၊ ဖျတ်ခနဲ သူ့ပန်းချီကားထဲက ရင်ပြင်တော်ပေါ်မှာ တစ်ချက်ဆွဲလိုက်တယ် အနီးမြင်ကွင်းပေါ့နော့. . .

"ဟယ်!. . ရင်ပြင်ပေါ် တီကောင်တက်နေတယ်ဟယ်"

ဇင်မက ထအော်တာလေ. . သမီးကတော့. . .

"ဟယ်. . ပန်းချီကား သမီးတို့ကြောင့်ပျက်ပြီ "

"မပျက်ပါဘူးကွယ် အဲ့ဒီနေရာကို တန်ဆောင်းအရိပ်ကျလာအောင် ရေးရမှာလေ"

ပြောရင်းဆိုရင်း စုတ်ပြားနဲ့ လိုက်ခတ်ပစ်လိုက်တာ ဘုရားအရိပ်, တန်ဆောင်းအရိပ်တွေ ရင်ပြင်ပေါ်ကျလာပြီး ပိုအသက်ဝင်သွားတယ်၊ ခုမှပဲ သမီးသက်ပြင်းချနိုင်တော့တယ်. . .॥

ဦးပါးစပ်က စီးကရက်ပြာတောင့်ကြီးက ရှည်နေလိုက်တာ မြင်တတ်တဲ့ သမီးက သူ့တည်ငြိမ်မှုကို မြင်လိုက်ရတာပါ. . .॥



www.burmeseclassic.com

www.burmeseclassic.com



"အခုနတီကောင် အထီးလား အမလားဟင်"

"အေး . . အဲ့ဒီမေးခွန်းကို မင်းလေး မေးမှမေးပါ့မလားလို့ ပညာလိုချင်တဲ့ကလေးဆိုတာ အဲ့သလိုဖြစ်နေရမယ်"

"အွန်း . . အထီးလားအမလားဆိုတာ ဖြေလည်းမဖြေသေးပဲနဲ့"

"အဲ့ဒါ . . အထီးရော အမရောပဲကွဲ့"

"အွန်း . . . တစ်ကောင်ထဲ ဆွဲတာပဲဟာ"

"အေး . . မှတ်ထား၊ တီကောင်မှာ အထီးမျိုးပွား အင်္ဂါရော၊ အမမျိုးပွားအင်္ဂါရော . . နှစ်ခုလုံးပါတယ်၊ သူ့တစ်ကောင်တည်း ဖင်နဲ့ခေါင်း ထိစပ်လိုက်ရင် မျိုးပွားနိုင်တယ်"

ကြည်းစမ်းနော်. . ဘယ်သူသိလဲအဲလို၊ စကားနည်းနည်းပဲ ပြောရသေးတယ် ဗဟုသုတရသွားပြီ . . ၊ မှတ်တာပေါ့ . . ။

"ကလေးက ဘယ်နှတန်းလဲ"

"ဆယ်တန်း . . ကလေးမဟုတ်ဘူး'

"ဟုတ်ပါတယ်ဗျာ . . လူကြီးပါ"

"ကလေး . . ကလေးလို့ ခေါ်ခေါ်နေတာကို ကြိုက်ပါဘူး"

သမီးဘောက်ဆတ်ဆတ်ပြန်ပက်တော့ ဦးကရယ်နေပါတယ်၊ သေသေချာချာ ကြည့်မိတော့မှ ဦးက သမီးထင်သလောက်မကြီးပါဘူး . . သုံးဆယ်လောက်ပါပဲ၊

သူ့ပန်းချီကားကိုသူ ငေးကြည့်နေတဲ့ဦးကို သမီးက ငေးနေမိတယ်၊ မုတ်ဆိတ်ကျင်စွယ်တွေကိုလည်း စိတ်ဘလိပ်ဓါးနဲ့ ရိတ်နေ





မိတယ်၊ အင်မတန် စပ်စုတတ်တဲ့ မမခိုင်လည်း ဘာစကားမှ ဝင်မပြောဘဲ ပန်းချီကားကို ဝိုင်းငေးနေတယ်. . .

သမီးခေါင်းထဲ အကြံတစ်ခု လက်ခနဲရသွားတယ်၊ မမခိုင်ကို တိုးတိုးလေးတိုင်ပင်ကြည့်တော့ နင်ပြောကြည့်လေ သူက ကြေးစားပန်းချီဆရာဟဲ့ ဈေးကြီးလိမ့်မယ် ထင်တယ်တဲ့. . .

"ဒီ . . ဒီမယ်ဦး . . သမီးတို့ကို တစ်ခုကူညီပါလားဟင်"

"ပြောပါ ဘာကူညီရမလဲ"

"ဟိုလေ . . . ဘုရားပွဲမှာ ဆီမီးတစ်ထောင်ပြိုင်ပွဲရှိတယ်၊ ပန်းချီဆွဲပြီး အောက်ခံပေါ်မှာ မီးထွန်းရတာ၊ ဆယ်ပေပတ်လည်ထဲပါ . . မမခိုင်ရှင်းပြလိုက်ပါဦး သမီးဘယ်လိုပြောရမှန်းမသိလို့"

"အို . . ကူညီမလား၊ မကူညီဘူးလားမှ မသိသေးတာ . . "

"ပြောပါဗျာ . . ကူညီနိုင်ရင် ကူညီရမှာပေါ့၊ ပန်းချီရေးတာပဲ ကောင်းကင်နောက်ခံကို ဒုံးပျံနဲ့ တက်ရေးရတာမျိုး ဖြစ်နေလို့လား"

မမခိုင်က လိပ်ပတ်လည်အောင် ရှင်းပြလိုက်ပါတယ်။

ဦးက ခေါင်းညိတ်နားထောင်နေတယ် . . ပြီးမှ . .

"စာရွက်ပေါ်မှာ အရင်ရေးပြရမယ်ပေါ့"

"ဟုတ် . . ဟုတ်ပါတယ် . . "

"ကောင်းပြီလေ အချိန်က ငါးရက်ပဲလိုတော့တာဆိုတော့ နက်ဖြန်ဘယ်ကို ပုံလာပို့ရမလဲ"

"ဟယ် . . ဝမ်းသာလိုက်တာ သမီးတို့လာယူပါ့မယ်၊ ဘယ်နှနာရီလာယူရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သိလို့လား"

"သိပါတယ် ဝေါလမ်းက အန်တီကျင်တို့အိမ် မဟုတ်လား"

"ဟုတ်တယ် မနက်ဖြန်ကိုးနာရီလောက် လာယူကြလေ"

နှုတ်ဆက်ပြီး ဝမ်းသာအားရ ပြန်ကြမယ်လုပ်တော့. . .

"ဒေါ်အတ္တာတို့ ကိုယ်နဲ့မတွေ့ရင်လည်း မမကျင်ဆီမှာ ယူသွားကြ၊ ကိုယ်က အဲ့ဒီအချိန် 'ရွှေတောင်ကြီး'မှာ ရောက်ချင်ရောက်နေတတ်တယ်၊ ကျောင်းအစ်မတို့ နာမည်တွေလည်း ပြောသွားသင့်တယ်ထင်ရင် ပြောခဲ့ကြဦးလေ မမကျင်ကို မှာထားဖို့"

"ဒါက သမီးတို့ဝတ်အသင်း လူကြီးပိုင်းက ဒေါ်မိခိုင်၊ ဒါက ဇင်မ. . သမီးက ချို့ဝတ်ရည်၊ သမီးတို့ဝတ်အသင်းခေါင်းဆောင်ရှိသေးတယ်၊ နောက်မှ မိတ်ဆက်ပေးမယ် သူကပန်းချီကားရွေးမှာ၊ ဒါပဲနော် နက်ဖြန်လာယူမယ်. . တာ့တာ"

သူ့ပစ္စည်းတွေ ဖြုတ်သိမ်းရင်း ဦးကျန်ခဲ့တယ်။

အနောက်ဘက်မုခ်ကျော်လာမှ. . မမခိုင်က. .

"သူပဲ ကြောက်လှချည့်ဆိုပြီး မိချိုတို့သွက်နေပုံများ. . ."

"အို. . ဦးကခင်ဖို့ကောင်းတာကိုး၊ သမီးကို ပန်းချီသင်ပေးဖို့ အပူကပ်ရဦးမယ်"

"နင် ကလေးမဟုတ်တော့ဘူးနော် ကောင်မ. . လန်းလန်းလန်းလန်း သွားမလုပ်နဲ့. . ဟယ်တော့ ငါတို့မေ့နေခဲ့ပြီတော့"

"ဘာလဲ မမခိုင်"

"ဘယ်လောက်ပေးရမလဲလို့ မမေးခဲ့မိဘူး၊ ဆရာမကြီး ဒေါ်





နိုင်နေနွယ်က အဲ့ဒါကိုတန်းမေးမှာဟ၊ လာ. . . သွားပြန်မေးမယ် ဟုတ်တယ် ဘုရားပုံ ထည့်မရေးမိဖို့လည်း မပြောခဲ့မိဘူး"

ရင်ပြင်ကို တစ်ပတ်ပတ်ပြီးမှ ဦးဆီပြန်လာကြတယ်။

ပစ္စည်းတွေသိမ်းပြီး ကတ္တီပါသီးပင်အောက်က အုတ်ခုံအဝိုင်းမှာထိုင်ရင်း စေတီကြီးကို မော့ဖူးနေတယ်၊ လက်ထဲမှာလည်း စီပလပ်ပုလင်းကလေးကို မော့သောက်နေတယ်။

သမီးကပဲ သူတို့ထက်တစ်လှမ်းဦးအောင် ကပ်သွားပြီး. . .

"ဦး သမီးတို့ပြောဖို့ မေ့နေခဲ့တာရှိလို့ . ."

"ပြောပါခင်ဗျ"

"ဟိုလေ. . . ရင်ပြင်မှာ ချဆွဲမှာဆိုတော့ ဆရာတော်က ဘုရားပုံတော်တော့ ဆွဲခွင့်မပြုဘူးတဲ့"

"ဟုတ်ကဲ့ ကျွန်တော်လည်း မရည်ရွယ်ထားပါဘူး၊ ဒါပဲလား"

"နောက်တစ်ခု အရေးအကြီးဆုံးကျန်သေးတယ်"

"ပြောပါခင်ဗျာ"

"ဘယ်လောက်ပေးရမလဲဟင် အားမနာနဲ့နော်. . သမီးတို့ဝတ်အသင်းက ဘောစိတွေချည်းပဲ"

ဦးသာသာယာယာရယ်ပါတယ်။ သူ့ရယ်သံက သစ်ရွက်လေတိုးသံလိုပဲ. . .

လက်ထဲက စီပလပ်ကိုမော့ရင်း. . .

"ဘယ်လောက်ပေးရမလဲဆိုတော့. . . အမိတို့ကြိုက်မရွေး



www.burmeseclassic.com

www.burmeseclassic.com



မှ ကြေးစကားပြောကြတာပေ့ါ၊ ဈေးကတော့ မြန်မာငွေနဲ့ဆိုရင် ဈေးကြီးမယ်. . နော”

ရပါတယ်လို့ပြောပြီး ပြန်လာကြတယ်။ ရင်ပြင်ပေါ် ပြေးတောင်ပြေးမိသေး။ အပြန်လမ်းမှာ သမီးပျော်နေပုံက. . အဲ. . အနီးစပ်ဆုံး ဘယ်လိုပြောရင်ကောင်းမလဲ. . ၊ သိပြီ အရမ်းလိုချင်လို့ ပူဆာခဲ့တဲ့ အရုပ်တစ်ရုပ်ကို အမေက ‘အေးဝယ်ပေးမယ်’လို့ ကတိပေးတုန်းက အပျော်မျိုးပဲ. . ဟင့်အင်း အဲ့လိုလည်း ဟုတ်သေးဘူး၊ ဘယ်လိုမှန်းလည်း မသိပါဘူး. . ဘာကို ပျော်နေမှန်းလည်း မသိကို မသိတာ. . .။

“ချိုမနော် ဂျိုကြွမနေနဲ့. . ဟိုက နင့်ကိုကလေး ကလေးလို့ ခေါ်ပြီး ကလေးလို့ပဲ သဘောထားနေတာကို နင်က သမီး ကလေးမှတ်ဘူးဆိုပြီး သွားခါပြလိုက်သေးတယ်၊ ငါမပြောလိုက်ချင်ဘူး”

“ဩော် ဒါကတော့. . မမခိုင်ပဲ နင်ကနော် ကြည့်နေရင်းနဲ့ကို အပျိုကြီးဖားဖားဖြစ်ပြီး ထွားလိုက်တာလည်း လွန်ပါရောလို့ ခဏခဏ ပြောနေပြီးတော့များ”

ဇင်မကလည်း ဝင်ပြောတယ်။ သူ့အမြင်ပေ့ါလေ. . .

“အေးလေး အသက်ချင်းအတူတူ မိချိုက ဇင်မထက် အပျိုဖြစ်မြန်. . အထွားမြန်. . အစားကြီး အသီးထွား”

“မျိုးကောင်းတာတော့ မနာလိုမဖြစ်နဲ့ ဇင်မရေ့”

ဈေးထိပ်ရောက်တော့ မမနိုင်နေနွယ်ဖွင့်ထားတဲ့ ‘မိုးနတ်သမီး’ စိုက်ပျိုးရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ကို အပြေးတစ်ပိုင်းဝင်





ပြီး ဝမ်းသာအားရ သံတော်ဦးတင်ကြတော့. . .

“အဲ့ဒီပန်းချီဆရာလား ဟိုဘက်က ကိုဝဏ္ဏဆိုင်မှာ အရက်လာလာသောက်နေတဲ့ အရက်သမားဟဲ့. . ငါပိုင်တယ် ငါကိုင်ပြမယ်”. . တဲ့။

ဝမ်းသာလုံး ဘယ်ကိုတက်ဆို့သွားမှန်းတောင် မသိဘူး. . ဂလုခနဲ ခိုးလုခုလုဖြစ်သွားတယ်။


မမနေနွယ် ဘာကိုပိုင်လို့. . အဲ. . ဘယ်လိုသွားကိုင်မလဲလို့ တွေးနေမိတယ်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၈)

မနက်ရှစ်နာရီကျော်လောက် ဖီးလိမ်းဝတ်စားပြီး ပန်းချီကား သွားယူကြမယ်ပေါ့၊ သမီးပြင်ဆင်နေတုန်း ဇင်မရောက်လာတယ်။

"တက်ကြွမနေနဲ့တော့. . ၊ မမနေနွယ်အိမ်ကို ပန်းချီဆရာကိုယ်တိုင် လာပို့သွားပြီ" တဲ့. . .

သေပဲ့နန္ဒိယ။

အိမ်နေရင်း ဟိုနားဒီနား ထွက်လာသလိုမျိုးပေါ့လေ၊ သန့်



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပြီး လှလည်းလှနေရမယ်၊ ကပိုကရိုလည်း ဖြစ်နေရမယ်၊ အဲ့လိုဖြစ်အောင် မနက်ခြောက်နာရီကတည်းက ရေမိုးချိုးပြီး မနည်းကို အဝတ်အစားရွေးပြီး ပြင်ဆင်ထားရတာ. . အလကားကို ဖြစ်တော့တာပဲ၊ ကြီးမေကတောင် သမီးအစောကြီး ရေမချိုးစဖူး ချိုးနေလို့. . တောင်ထေးလဲတော့ ဖိုးသူတော်ထူတယ်၊ ဖိုးသူတော်လဲတော့ တောင်ထေးက မထူနိုင်ဘူးတဲ့. . သမီးရဲ့. . လို့ ချောင်းတဟွတ်ဟွတ်နဲ့ ပြောသေးတယ်လေ. . ။

“အလကားလူကြီး ကတိလည်းမတည်ဘူး၊ သူပဲ လာယူတဲ့ဒီက လာယူပါ့မယ်ပြောထားတာကို”

“ခြေညောင်းသက်သာတာပေါ့ ချိုမရဲ့”

“ငါပြင်ထားတာ အလကားဖြစ်တာပေါ့ဟဲ့”

“လာ. . အလကားမဖြစ်ဘူး၊ ဈေးထိပ်က မမနေနွယ်ဆိုင်ကို ဝိုင်းဖွင့်ရင်း ပန်းချီကားသွားကြည့်မယ်”

“မမခိုင်ပါ ဝင်ခေါ်သွားမယ်လေ”

“ငါ ဝင်ခဲ့ပြီးပြီ မရှိဘူး၊ တောင်ယာထဲသွားပြီတဲ့”

“ဟယ်. . ပန်းချီကားသွားယူမယ် ပြောထားရက်နဲ့”

“စက္ကူတစ်ရွက်ကို သုံးယောက်သွားမပြီး သယ်ရမလားဟဲ့၊ တို့နှစ်ယောက်သွားယူလည်း ရတာပဲဟာ၊ သူ့အိမ်အလုပ် သွားမှာပေါ့”

“အေး . . ဟုတ်သား”

“ကြီးမေရေ ဆန်ပြုတ်အိုး မီးဖိုပေါ်မှာနော်. . သမီး ဈေးထဲ





သွားဦးမယ်”

ဆိုင်တံခါးဖွင့်စ မမနိုင်နေနွယ်က. . .

“ဟဲ့. . ဇင်မနဲ့ချိုမ စောစောစီးစီး ဖီးလို့လိမ်းလို့ လှလို့ပလို့ပါလား. . ဘယ်လဲ”

“မမနေနွယ်ကို ဆိုင်လာဖွင့်ပေးတာလေ၊ မုန့်ဟင်းခါး ကျွေးရမယ်”

“ဝိုင်းမဖွင့်လည်း ကျွေးနေကျပါအော၊ ဇင်မ. . ရော့ ပါဆယ်သွားဝယ်. . ဟိုမယ်ချိုင့် ဝါဝါတို့ညီအစ်မကို ငါကလို့ပြော”

“ဟုတ်”

ဇင်မပိုက်ဆံနဲ့ ချိုင့်ဆွဲပြီးထွက်သွားတော့. . သမီးဆိုင်ကိုတံမြက်စည်းလှဲရင်း မမနေနွယ် ငွေသိမ်းစားပွဲပေါ်က ဖိုင်တွေထဲမသိမသာ မျက်စိနဲ့ရှာနေမိတယ်။ မတွေ့တော့မှပဲ ဘာမှအရေးမကြီးသလိုလိုနဲ့. . .

“မမနေနွယ်. . ဟိုလေ ပန်းချီးကားရပလား၊ မရသေးရင်သမီးသွားယူပေးမလို့”

“လာပို့သွားပြီးပြီး. . နင့်ပန်းချီဆရာက၊ ဟောဟို သတင်းစာခေါက်အောက်မှာ”

ရင်တခုန်ခုန်နဲ့ ဆွဲယူကြည့်လိုက်တယ်၊ နင့်ပန်းချီဆရာကတဲ့လေ. . . ။

“ဟယ်. . ဖယောင်းတိုင်ကြီး. . လင်းဖြာနေလိုက်တာ”

တကယ်ပါပဲ ခဲနဲ့မင်နဲ့ပဲ ဆွဲထားတာပါ။ စကေးချရေးထားပုံ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ အကွင်းအကွင်းနဲ့ အလင်းစက်တွေ ဖြာထွက်နေတာလည်း အချိုးကျကျထောင့်ညီညီပါပဲ၊ အရောင်တွေမပါဘဲတောင် တဖျတ်ဖျတ်လင်းနေသလိုပဲ၊ ကြာကလပ်ခွက်ပေါ်က မီးစွဲလောင်နေတဲ့ ဖယောင်းတိုင်ပုံပါ၊ ရိုးရိုးရှင်းရှင်းနဲ့ တကယ်စွဲဆောင်နေပါတော့တယ်။

"အရောင်လည်း မပါဘူးနော် မမနေနွယ်၊ ဒီပုံကိုကြိုက်လား ရွေးလိုက်ပလား. . ."

"အေး. . ကြိုက်တယ်၊ ရိုးရိုးလေးနဲ့ဆန်းအောင် လုပ်မယ်တဲ့"

"ဟယ်. . သူပါလာကူလုပ်ပေးမှာလား"

"အေးလေ. . သူကလည်း ပြိုင်ရင်နိုင်ရမှ ဆိုတဲ့လူပဲဟ. . ငါ့လိုပဲ၊ အဲဒီမီးညွန့်ထဲ မီးလောင်နေတာမျိုး လိုချင်တယ်တဲ့၊ သံဖြူဆိုင်မှာ အဲဒီမီးညွန့်ပုံကြီးအတိုင်း အပ်ချင်တယ်တဲ့. . သွားပြောနေလေရဲ့"

သြော်. . သူကအဲ့သလောက်တောင် တက်ကြွနေပါရော့လား၊ သူဆိုတာ ဦးကိုပြောတာ၊ ဒါ. . ငါ့ကြောင့်တော့ မဖြစ်နိုင်ဘူး မမနေနွယ်ကြောင့်ပဲ ဖြစ်ရမယ်၊ အဲ့လိုတွေးပြီး အားကိုငယ်သွားတာပဲ၊ မမနေနွယ်ကလည်း ဒီနေ့မှ ခါတိုင်းထက် ပိုသ,ထားသလားလို့. . ဆံပင်တောင် မဟော်ဂနီရောင် ဘယ်တုန်းက ရိုက်လိုက်ပါလိမ့်။

ဝတ်ထားတာလည်း ပွဲနေပွဲထိုင်သွားလို့တောင်ရတယ်။ မိတ်ကပ်ပါးပါးနဲ့ နှုတ်ခမ်းနီနဲ့. . ကြည့်စမ်း တဘက်သတ် မနာလို ဖြစ်





နေမိတာ ပြောပါတယ်. . သူကျွေးတဲ့မုန့်ဟင်းခါးတွေ စားပြီး. . ။

ဇင်မနဲ့မမနေနွယ် ပိုးသတ်ဆေးပုံးတွေ ရွေ့နေတုန်း ဈေးဘက် မသိမသာထွက်ခဲ့မိတယ်။ မမနေနွယ် အလုပ်အပ်တတ်တဲ့ သံဖြူဆိုင်က ဈေးထဲမှာရှိတယ်လေ။

သမီးလေ ဒိတ်ခနဲ ဝမ်းသာသွားတယ်။ ဆံပင်ရှည်ကြီး ကျောမှာစည်းပြီး အနွေးထည်တီရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီနဲ့ ရှူးဖိနပ်နဲ့သံပြားပေါ် ကိုယ်တိုင်စကေးကိုက် ပုံဆွဲပေးနေတဲ့ ဦးကို လှမ်းမြင်လိုက်ရလို့ပေါ့။

သံဖြူဆရာ ကိုပန်းအေးက သမီးကို အရင်လှမ်းမြင်ပုံရတယ်။

"ဟဲ့. . ချိုမ. . ဘာကိတ်"

"ပလိန်းကိတ်. . ဖရုကိတ် "

သမီးရဲ့ဦးက မှတ်ဆိတ်ကျင်စွယ်တွေ ရိတ်ထားပြီး ရှင်းသန့်နုဖတ်နေတဲ့ မျက်နှာနဲ့လေ. . . ။

ကြည့်ဦး. . ဦးက တစ်ချက်လှမ်းကြည့်ပြီး. . မသိသလိုဘဲ သူ့အလုပ်သူ ဆက်လုပ်နေတယ်လေ။

"ဦး ပန်းချီဘယ်မလဲ၊ ပန်းချီကား အိမ်ကိုသွားယူမလို့"

အဲ့သလိုပဲ ထည့်ပြောလိုက်တော့မှာပဲ အလုပ်ကိုအရပ်ပြီး ပြုံးရင်း. . .

"သြော်. . ဖြစ်ရတယ်၊ ကိုယ်. . မင်းကို မှတ်ကိုမမှတ်မိတာ မင်းက မနေ့ကလို ကလေးလို ဝတ်စားလာတာမှ မဟုတ်တော့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်အသိထဲ သုံးယောက်ထည့်မှတ်ထားတာဆိုတော့. . မင်းနာမည်လည်း မပြောခဲ့တာလား ကိုယ်မေ့နေတာလားပဲ ဆောရီးနော်"

ပြောပုံက ထုရိုက်ပစ်လိုက်ချင်စရာတောင် ကောင်းတယ်။

"နာမည်ပြောခဲ့ပါတယ်နော်၊ သမီးနာမည် ချိုဝတ်ရည်လို့၊ ဦးက ပန်းချီဆရာဖြစ်ပြီး မှတ်ဉာဏ်လည်းမကောင်းဘူး"

"မင်းက ဒီနေ့အရမ်းလှနေပြီး ဒီသံဖြူဆရာ လှမ်းခေါ်လိုက်တာကလည်း ချိုဝတ်ရည် မဟုတ်ဘူးလေ. . ဘာတဲ့"

"ကျွန်တော်တို့က သူနှပ်ချေးတွဲလောင်း ဖင်ပေါင်းလောင်းထဲက. . ချိုမလို့ ခေါ်နေကျလေ"

"ဦးပန်းအေးကြီးနော်. . ဘာဖင်ပေါင်းလောင်းလဲ သူများကို. ."

ဘေးဆိုင်က ကြားသူတွေပါ ဝိုင်းရယ်တယ်။ ဦးကလိုက်မရယ်ဘူး၊ သမီးရှက်သွားမှာစိုးလို့ ထင်တယ်၊ အဲ့ဒါတွေဟာ အမှတ်တွေပဲ၊ ပြီးတော့. . ဦးစကားထဲမှာ မင်းကဒီနေ့အရမ်းလှနေပြီးတဲ့၊ ဟာဟ. . အဲ့ဒါနဲ့တင် မမှတ်မိတာတွေဘာတွေ ကြေတယ်။

"ဒီမှာလေ. . မင်းတို့တွေ ဝတ်အသင်းပြိုင်ပွဲဝင်ဖို့ ကိုယ်အလုပ်လုပ်နေပြီ ကျေနပ်တော့"

"အဲ့ဒါက ဘာကြီးလဲဟင်"

"ဖယောင်းတိုင်မီးညွန့် ယိမ်းနွဲ့နေပုံလေ၊ သံဖြူခွက်ထဲထည့်ပြီး မီးတွေထတောက်နေအောင် ထွန်းထားမလို့၊ ဒီလိုဘယ်သူပြိုင်





ဖူးလဲ"

"ဟင့်အင်း. . မတွေ့ဖူးဘူး"

"ဒီပုံစံခွက်လုပ်ပြီးရင် ဆန်ကွဲနဲ့ဆိုးဆေး ဝယ်ရမယ်၊ အိမ်မှာစမ်းသပ်စရာရှိတယ်. . မီးရှို့ကြည့်မလို့ မင်းတို့ လုပ်အားပေးဖို့ လိုက်ခဲ့ရမယ်"

အဲ့သလိုနဲ့ ဇင်မနဲ့သမီး ဆန်ကွဲတွေ ဆိုးဆေးရောင်စုံတွေဝယ်ပြီး ဦးနဲ့အိမ်ကို ပါသွားကြတယ်။ အန်တီကျင်ကလည်း သဘောကောင်းပါတယ် လက်ဖက်သုပ်တွေ၊ မုန့်တွေနဲ့ လုပ်အားပေးတွေကို ဧည့်ခံတယ်။

တစ်ပေ-တစ်ပေခွဲလောက် မီးညွန့်ပုံခွက်ထဲ စောင်အစုတ်ကို ပုံစံအတိုင်း ညှပ်ထည့်တယ်၊ ဒီဇယ်နဲ့ ဓါတ်ဆီနည်းနည်းရောပြီး အဲ့ဒီစောင်စ စိုအောင်စွတ်တယ်၊ အဝါရောင် ဆေးဆိုးထားတဲ့ ဆန်ကွဲတွေ ထပ်ခင်းဖြန့်တယ်. . .။

"မီးစွဲလောင်ရင် ဒီဆန်ကွဲအဝါတွေ အရောင်မပြောင်းရင်တော့ အောင်မြင်ပြီ၊ ဓါတ်ဆီပါလို့ အပေါ်ယံပဲ လောင်နေဖို့ မှန်းထားတယ်". . . တဲ့။

အိမ်ရှေ့မြေတလင်းမှာ တကယ်မီးရှို့ကြည့်ကြတယ်။

ဟုတ်ခနဲ မီးလောင်ပါတယ်။ အဝါရောင် အပေါ်ယံမှာ. . အပြာနု မီးတောက်တွေနဲ့ လှလိုက်တာလေ။

ဝမ်းသာနေကြရာက မီးက အရောင်ပြောင်းသွားတယ်။

ဓါတ်ဆီငွေ့ကုန်ပြီလေ. . ၊ ဒီဇယ်တောက်ရမယ့် အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်၊ မီးတောက်ဝါသွားပြီး မီးခိုးမည်းမည်းတွေ အူထွက်လာတယ်၊ ပိုပိုပူလာတော့ ခဲတို့ထားတဲ့ မီးညွန့်ဘေးပေါင်ကာ ကန်ထွက်သွားတယ်၊ ဖေါင်းခနဲပဲ. . . ။

ဆန်ကွဲတွေ အပူကြောင့် စီးပြဲပြီး အံထွက်လာတာပေါ့။

ဖုံတွေသဲတွေနဲ့ ဝိုင်းကြုံးပက်ပြီး မနည်းငြိမ်းယူရတယ်။

အရေးထဲ ဂွမ်းစောင်အစက ဒီဇယ်ဝနေတော့ လောင်မဆုံးဘူး၊ အန်တီကျင်က ကြောက်အားလန့်အားနဲ့ တုတ်နဲ့ထိုးကလော်ပြီး အိမ်ရှေ့ရေမြောင်းထဲ သွားပစ်ချလိုက်ပါလေရော. . . ။

ရေမြောင်းကလည်း ခေါင်းရင်းဝပ်ရှော့က အင်ဂျင်ဝိုင်အဟောင်းတွေ သွန်ထားတာ မကြာသေးဘူး၊ တဟုန်းဟုန်းထလောင်ပါလေရော၊ တော်သေးရဲ့ ဝပ်ရှော့မှာရှိတဲ့ မီးသတ်ဆေးဘူးလက်ကျန်က မီးတောက်ငြိမ်းအောင် ကျန်နေသေးလို့ ဦးကလည်း အဲ့ဒီဗူးသုံးတတ်လို့၊ မီးငြိမ်းမှပဲ သက်ပြင်းပြိုင်တူချရင်း. . .

အိုးမည်းတွေ စက်ဆီတွေ မီးသတ်ဆေးဘူးကစင်တဲ့ အမြှုပ်ဖြူဖြူတွေနဲ့ ပေရေပွပြနေတဲ့ ဦးခမျာ မျောက်ဖြူမျောက်မည်းစပ်ကျထားသလို ဆောင့်ကြောင့်ထိုင်ချပြီး မျောက်မှိုင်လေး ထိုင်နေလို့ အန်တီကျင်က စရယ်မှ ဝိုင်းရယ်ကြရတာ. . ပျော်စရာကြီး၊ ခုမှ. . ရယ်နိုင်ကြတာလေ၊ ဖြစ်ပုံတွေ ပြန်လုပ်ပြ၊ ပြန်ပြော တဝေါဝေါပေါ့။

"တော်သေးတယ် အိမ်မှာစမ်းရင်း ငြိမ်းလိုက်နိုင်လို့ပေါ့၊ ရင်ပြင်ပေါ်ကျမှဆို. . နင် ဘုရားပွဲဖျက်မှု မီးဆော့မှုနဲ့ အချုပ်ထဲတန်းရောက်တယ်ငါ့မောင်". . တဲ့။





ပုံစံခွက်ကို ခဲပြန်တို့ပြီး မီးအပူခံအောင် လုပ်ရတယ်၊ ရိုးရိုးဆီမီးခွက်ဆီနဲ့ မီးစာနဲ့ပဲ လှအောင်ပတ်ရှို့ကြည့်ကြတော့ အဆင်ပြေသွားတယ်၊ အောင်မြင်သွားတယ်. . စမ်းသပ်ရကျိုးနပ်ပါတယ်။

အကျိုးအမြတ်ကတော့ ဦးနဲ့သမီး အရမ်းခင်သွားကြတယ်လေ. . . ။

ပြိုင်ပွဲနေ့ကျတော့ ကံမကောင်းခြင်းက စတာပဲ၊ ရင်ပြင်ပေါ်မှာ နေထိုးတဲ့ဘက်အကွက် မဲပေါက်တဲ့အပြင်၊ မနှစ်ကလို ကြွေပြား၊ ကျောက်ပြားရင်ပြင်ပေါ်မှာဆိုတော့ မြေဖြူခဲနဲ့ ပုံကြမ်းရိုက်ကတည်းက ဦးမှာ ဒုက္ခနဲ့လှလှတွေ့တော့တာပဲ၊ ဖြစ်ချင်တော့ ဦးကိုကူညီမယ့် ယောက်ျားလေးတစ်ယောက်မှ ရှိမနေဘူးလေ။

ပုံဆွဲပေးပြီးရင် ဆန်ကွဲဆေးဆိုး နေလှမ်းထားရမယ်၊ အရောင်မျိုးစုံလေ၊ ဘယ်အရောင်ဘယ်နေရာဆိုတာ လက်ညှိုးထိုးနိုင်းရမယ့် ဦးခမျာ ဆေးဆိုးတာကအစ ကိုယ်တိုင်ဝင်ကြရတော့တာပေါ့။

ပထမ ပလတ်စတစ်လက်အိပ်နဲ့ သာသာယာယာပါပဲ. . နောက်တော့(အန္တေးထည်)အကျႌပါကျွတ်၊ လက်အိတ်ကျွတ်၊ ပယ်ပယ်နယ်နယ် အစအဆုံး ကိုယ်တိုင်လုပ်ရပါတော့တယ်၊ သမီးတို့ကပန်းကိစ္စ လုံးပမ်းနေရတော့ ဦးကိုဝိုင်းမကူညီနိုင်ဘူး၊ မမနေနွယ်ကိုယ်တိုင်ပါ ဝင်ကြရတော့တာပေါ့၊ ဆန်ကွဲမလောက်လို့ ပြေးဝယ်ရဈေးထဲ ဆေးရောင်ပြေးဝယ်ရ၊ ဆေးက ဈေးပိတ်သွားလို့ ဆိုင်ကပိတ်တော့ အိမ်အထိလိုက်ရ။

ဘေးကလည်း ပရိသတ်တွေများလာပြီး ဟိုဟာဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာဝင်ပြော၊ ချိုးကျူးသံ၊ ကဲ့ရဲ့သံ၊ နောင်ပြောင်သံတွေနဲ့ ဖတ်ဖတ်မော၊ ခါးကျော့အောင့်နေအောင် လုပ်ပေးနေတဲ့ဦးကို သမီးသနားလိုက်တာလေ၊ သူ့လမ်းသူ့ရပ်ကွက်လည်းမဟုတ် သူနဲ့လည်းဘာမှမဆိုင်ဘူး. . ဟိုကအော် ဒီကငေါက်၊ တစ်ယောက်တစ်ပေါက်တွေကြား သူ့ခမျာ ချွေးတလုံးလုံးနဲ့၊ ဒီကြားထဲ. . ဆရာမကြီးက မပြီးမှာစွတ်ပူနေတယ်လေ။

ဆန်ကွဲစောင့်ရ၊ ဆေးရောင်စောင့်ရင်းနဲ့ စောစောကတည်းက ပြည့်ပြည့်စုံစုံ မလုပ်ခဲ့ရကောင်းလားလို့. . လုပ်နေတဲ့သမီးကိုပဲ အပြစ်ပုံချပြီး ဒေါ်တွေပွနေသေး. . .

"ကျွန်တော်အတွေ့အကြုံမရှိလို့ မမှန်းတတ်တာပါ၊ ကျွန်တော့်အပြစ်ပါ"တဲ့. . .

ဒါပေမယ့် အမှတ်ပေးဒိုင်တွေ မလာခင်မှာပဲ ပြီးသွားပါတယ်၊ မီးထွန်းလိုက်တော့ ဟာခနဲ ပရိသတ်တွေ ဖြစ်သွားကြတော့တယ်။

လှတယ်ဟေ့ဆိုပြီး လူတွေကိုအုံလာတာပဲ၊ အကောင်းဆုံးပဲ အလှဆုံးပဲ၊ ဖတ်စ်ပဲ၊ ပထမပဲဆိုတဲ့ သောသောညံ တစ်ပေးသံတွေကြားမှာ အားရဝမ်းသာပဲ သမီးတို့ ဦးကိုလိုက်ရှာနေမိကြတယ်။

ဦးမရှိတော့ဘူး။

ကျန်တဲ့အဖွဲ့တွေ ဖွဲ့နဲ့ဆန်ကွဲပဲဟေ့. . ၊ ဒီအဖွဲ့ ဗိုလ်စွဲမှာသေချာတယ်ဆိုတဲ့ သတင်းစကားကို အမောပြေ ဦးကြားစေချင်ပါတယ်၊ သမီး ရင်ပြင်ကိုဘယ်နှပတ် ပတ်နေမိမှန်းတောင် မသိအောင်





ဦးကိုရှာခဲ့ပါတယ်။ အတိုချုပ်ပြောရရင်. . .

သမီးတို့ ဘာဆုမှ မရလိုက်ပါဘူး၊ ကျန်တဲ့ရပ်ကွက်တွေက ဝိုင်းကန့်ကွက်ထားတယ်တဲ့၊ ရပ်ကွက်သားမဟုတ်တဲ့ အပြင်က ပညာရှင်ကို ခေါ်လုပ်တဲ့အတွက်တဲ့၊ ပယ်တယ်တဲ့၊ နောက်မှသိရပါတယ်၊ အဲဒီသတင်းကို ဦးကအရင်ကြားလို့ သူရှောင်ထွက်သွားတာတဲ့၊ သိပ်ပင်ပမ်းသွားပြီလေတဲ့။ နောက်တော့. . .

သမီးနဲ့ဦး အရမ်းချစ်တဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်။ မချစ်ဖူးသေးတဲ့ သမီးအချစ်ဦးလေ။ အရှူးအမူးပါပဲ၊ အသက်ကွာဟမှု တစ်ခုတည်းနဲ့ ဦးနဲ့သမီးကို ဘယ်သူကမှ မထောက်ခံကြပါဘူး။

ချစ်ခြင်းမေတ္တာတရားနဲ့ အသက်အရွယ်အပိုင်းအခြားဟာ ဘယ်လိုများ ပတ်သက်နေရတာလဲရှင်။

သမီးပတ်ဝန်းကျင်က သမီးကို ဆန့်ကျင်တိုက်ခိုက်ကြသလို ဦးပတ်ဝန်းကျင်ကလည်း ဦးကို တိုက်ခိုက်ကြတာပါပဲ။

သမီး အားလုံးပြန်ကြားနေရပါတယ်။

ဦးအစ်မ အန်တီကျင်ကပါ ဦးကို. . သမီးအရွယ်လောက်လေးကို ဘာညာ နင်ဘဲဆေပြောလို့. . ဦး အရက်တွေချည်း လှိမ့်သောက်နေတယ်တဲ့။ နောက်ဆုံး. . .

စာတိုလေးတစ်စောင်နဲ့ ဦးပျောက်ခြင်းမလှ ပျောက်သွားတယ်။ ဦး သမီးကို ဘယ်လောက်ဖြူဖြူစင်စင် ပြတ်နိုးခဲ့တယ်ဆိုတာ သမီးပဲသိပါတယ်လေ၊ ချိန်းတဲ့ညတုန်းက လက်ဖမိုးလေးပဲ တစ်ခါနမ်းခဲ့တယ်လေ၊ သူ့ခိုးဆိုပြီး ရပ်ကွက်ကဝိုင်းလိုက်တဲ့ ဦးနဲ့နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတဲ့ ညဥ့်ပါပဲ. . . ။

သူခိုးမဟုတ်ဘူး. . အဲ့ဒါ ကျွန်မချစ်သူလို့ ဆွေမျိုးတွေ မိဘ မောင်ဘွားတွေ ရပ်ကွက်လူကြီးတွေရှေ့မှာ မားမားမတ်မတ် ကြေငြာနေခဲ့တဲ့. . ရူးသွပ်နေတဲ့. . အချစ်သူရဲကောင်းမလေးကို ဦးမြင်စေချင်စမ်းပါတယ် ဦးရယ်. . ။

ပါးတွေနားတွေ ဝိုင်းရိုက်နေတာကို ခေါင်းမော့ အံကြိတ်ခံနေခဲ့တာကိုတော့ ဦးကိုမမြင်စေချင်ပါဘူး ကြေကွဲသွားမှာ စိုးပါတယ်၊ သမီးပတ်ဝန်းကျင်က အဟောင်းကြီးလေ၊ စံနှုန်းအဟောင်းတွေနဲ့လေ၊ သူတို့စံနှုန်းပေတံကြီးတွေက ဆွေးမြေ့နေပေမယ့် ဘယ်လိုမှလည်း မကျိုးမပဲ့သေးတော့ ဘယ်အချိန်ထိများ ဆက်သုံးနေကြဦးမလဲမသိဘူး. . ။

ဦးပေးခဲ့တဲ့ စာလေးကရိုးရှင်းပါတယ်။

"မနမ်းရက်တဲ့
ပန်းကလေးရေ
ပန်းဆိုတာတစ်နေ့နွမ်းမှာပဲ
ဒါကိုလည်း
မကြည့်ရက်လို့" တဲ့။

ဦးအတွက် သမီးရင်ထဲကအချစ်ပန်းဟာ ဘယ်တော့မှ. .





www.burmeseclassic.com

ဟိုဟာကျပျောက်
ဒီဟာကျပျောက်နဲ့...
အိပ်သွန်ဖါမှောက်
တစ်ဘဝလုံးပျောက်ခဲ့...။
ပြန်ကောက်ရဖူးတာ
ဒီတစ်ခါတည်းရယ်...
အချစ်ဆိုတဲ့..ပူကြွပ်နေတဲ့
ပုံးတစ်လုံး...
ပြန်လွှတ်ချရင်လည်း
အုန်းခနဲ...။ ။







# အခန်း(၉)

ထုတ်ဝေသူက မထင်မှတ်လောက်အောင် စာမူခ ပေးသွားသည်။ သူမရောက်ဖူးသော စားသောက်ဆိုင်၌ နေ့လည်စာကျွေးရာ မထင်မှတ်သောစကားများကို ပြောသွားသည်။

"အစ်ကိုရေးတဲ့ 'မိန်းမသူတို့ရဲ့ စိတ်နေစိတ်ထား အတွင်းသား'စာအုပ် မထင်မှတ်လောက်အောင် စွံတယ်ဗျ၊ ဟဲ. . ဟဲ. . အမှာစာတွေ ထပ်ရောက်လာတယ် ထပ်ရိုက်နေရတယ်၊ စာမူခကတော့ စာချုပ်ထဲကအတိုင်းပဲ ပေါ့ဗျာ၊ ဒါက ဘွန်းနပ်(စ်)သဘော



www.burmeseclassic.com

www.burmeseclassic.com



မျိုးပါ”

“ဝမ်းသာပါတယ်ဗျာ၊ အဲ့ဒီစာအုပ်က internet ပေါ်က. . . သုတေသနပြုချက်တွေနဲ့ ကျွန်တော်ကိုယ်တိုင် ဖြတ်သန်းထိတွေ့ခဲ့တဲ့ မိန်းကလေးတွေ မိန်းမလှတွေရဲ့ စိတ်နေစိတ်ထားတွေကို ရောမွှေထားတာပါ”

“နောက်တစ်အုပ် အခြေအနေကော အစ်ကို”

“ရေးနေပါတယ်ဘောစိရာ၊ ဒီကအပြန် ဇာတ်သိမ်းရေးမယ်၊ ဒီအပတ်အတွင်း ခင်ဗျားလက်ထဲ စာမူရောက်လာစေရမယ် စိတ်သာချနေ၊ ကျွန်တော့်ညီနှစ်ယောက်ကို မင်းတို့မြည်းကြည့်စမ်းလို့ ဒီကို မလာခင် ပေးဖတ်ထားခဲ့တယ်”

ဖေါင်းလန်အောင် စားသောက်ပြီးသောအခါ ထုတ်ဝေသူက လမ်းထိပ်အထိ သူ့ကားနှင့်လိုက်ပို့သည်။ သူက. . ငွေအိတ်ကြီးလွယ်၍ လမ်းထဲမြောက်ကြွမြောက်ကြွ ဝင်လာရင်း သည်ကနေ့ကံကောင်းနေသော တွတ်ပီအဖြစ် သူ့ကိုယ်သူ ရှိသေလေးစားစွာ ဂုဏ်ပြုရင်း စားမြုပ်ပြန် တွေးလာခြင်းဖြစ်သည်။

အဝေးကပင် အိမ်တံခါးနှင့် ပြူတင်းရွက်တွေ ပွင့်နေတာမြင်ရသမို့ ဟိုနှစ်ကောင် ရှိနေသေးကြောင်း သိရသည်။ တစ်ကောင်က ဓမ်းကွဲညီ ‘ဇင်သူ’ဖြစ်သည်။ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်တက်နေသည်။ စာအလွန်ဖတ်သည်။ နောက်တစ်ကောင်က ဇင်သူထက် စာဖတ်အားကောင်းသော ဇင်သူ့ငယ်ပေါင်း တိုးဇော်ဆိုသည့် ကဗျာဆရာလေးဖြစ်သည်။





သူ့ကိုဝေဖန်စရာရှိလျှင် ပျစ်ပျစ်နှစ်နှစ် ဝေဖန်သူများမို့ ရေးလက်စ စာမူကို ဝကွက်၍ အပ်နှံခဲ့ခြင်းဖြစ်သည်။

အိမ်ဝရောက်ရောက်ချင်းပင်. . .

“ငါ့ညီတို့ ဟောသမယ် မင်းတို့ဖို့ ခရုခေါက်ဆွဲနဲ့ ယိုးဒယားဟင်းချို၊ ကြက်ကြွပ်ကြော်ကတော့ ဘောစိနဲ့ငါ စားမကုန်လို့ ပါဆယ်ထုပ်လာတာ”

“ဗိုက်ဆာနေတာနဲ့ကွက်တိပဲ. . ကိုလတ်စာမူကို ခေါက်ဆွဲစားပြီးမှ အားမနာပါးမနာ ဝေဖန်တော့မယ်၊ ဟေ့ကောင်. . တိုးတိုးအဲ့ဒီစာမူချထား. . အဲဒီစားပွဲရှင်း ဝါးကြမယ်”

သူကတော့ မီးပျက်နေသော ရေခဲသေတ္တာ အစုတ်လေးထဲက အအေးဆုံးရေပုလင်းကို ဆွဲထုတ်၍ ကောက်မော့နေသည်။

ပိုက်ဆံအိတ် ကုတင်ပေါ်ပစ်တင်ရင်း ကျောဆန့်၍ ကန့်လန့်ဖြတ် အိပ်ချလိုက်သည်။ ဇာတ်သိမ်းပိုင်း စဉ်းစားသည်။

တိုးတိုးခေါ် တိုးဇော်က ဘာမှမပြောဘဲ ဇင်သူက. . .

“ကိုလတ် အစ်ကို့စာမူက အခန်း(၉)သာ ရောက်လာတယ် ဇာတ်လိုက်မင်းသား ပါမလာဘူး၊ ဒီခေတ်က ဇာတ်လိုက်မင်းသားခေတ်ဗျ၊ မင်းသားကာရိုက်တာကို ထင်းနေအောင်ရေးရတာ. .၊ ပြီးတော့. . မင်းသမီးလေးယောက်ကလည်း ခပ်ရေးရေးပဲမြင်ရတယ်၊ သူတို့ကိုအဆုံးသတ်ထားတာကလည်း ဟတ်ကော့တွေချည်းပဲ”

သူကပက်လက်အနေအထားမှ ခြေထောက်မိုးပေါ် မြှောက်



www.burmeseclassic.com

www.burmeseclassic.com



၍ ပြန်အချနှင့် ခန္ဓာကိုယ်ကိုပါ ဆတ်ခနဲကုတင်ပေါ် ထထိုင်လိုက်သည်။

"အေး. . အဲ့လို ဟတ်ကော့ဖြစ်နေအောင် တမင်ရေးထားတာကွ၊ ငါ့စာဖတ်တဲ့သူရဲ့ စိတ်ကို mind trap လို့ခေါ်တဲ့ စိတ်ထောင်ခြောက်ထဲ ငါဖမ်းထည့်ထားတာ၊ အဲ့ဒီမိန်းကလေး,လေးယောက်ဘာတွေဆက်ဖြစ်လာမလဲ၊ သူတို့ချစ်သူတွေနဲ့ ဘယ်လိုကံကြမ္မာကဘယ်လိုနေရာမှာ ပြန်ဆုံအောင်လုပ်ပေးမလဲ ဆိုတာကို ဖတ်ရင်းသိချင်လာအောင် ရေးထားတာကွ၊ မင်းဝေဖန်ချက်အရဆို ငါ့ဝတ္ထုအလားအလာ ကောင်းတယ် ငါ့ညီရေ. . ."

ဟင်းချိုဇွန်းကိုပြန်ချရင်း. . တိုးဇော်က လည်ချောင်းရှင်းချောင်းဟန့်သည်။

"အဟမ်း. . ကိုလတ်စကားထဲမှာ အဲဒီမိန်းကလေး,လေးယောက် ဘာတွေဆက်ဖြစ်လာမလဲ၊ သူတို့ချစ်သူတွေနဲ့ ဘယ်လိုကံကြမ္မာကလို့ ပြောလိုက်သလား"

"အေးလေ"

"ကောင်းပြီ အဲ့ဒီစကားထဲမှာ ကျွန်တော်သတိထားမိတာကိုပြောမလို့ပါ၊ ကိုလတ်ပြောတယ်နော် သူတို့ချစ်သူတွေတဲ့၊ သူတို့ချစ်သူတွေဆိုတဲ့ နာမ်စားဟာ ဗဟုဝုဒ် အများပိုင်နာမ်စား ဖြစ်နေတယ်၊ ကျွန်တော်အမြင်တော့ ဧကဝုဒ် တစ်ဦးတည်းပိုင်နာမ် ဖြစ်ရမယ်ထင်တယ်. . . ဘယ်လိုလဲကိုလတ်"

သူရယ်ချလိုက်သည်။ ချက်ချင်းမပြေသေးဘဲ ရေဘူးကို





အဖုံးဖွင့်၍ ရေမဆာဘဲ မော့သောက်ရင်း စဉ်းစားရသေးသည်။

"မင်း တော်တော်လျှင်တာပဲကိုတိုး၊ ပရိသတ်က ရိုးရိုးဖတ်သွားရင် ဘယ်လိုမှမရိပ်မိအောင် ရေးထားတာကွ၊ မင်းဘယ်လို ဖမ်းမိသွားတာလဲ"

ခေါက်ဆွဲပန်းကန်ကို လက်စသိမ်းရင်း တိုးတိုး ဟင်းချိုပန်းကန်ကို သူ့နားဆွဲယူသည်။ မွှေရင်းမှ. . .

"နှင်းဆီမမအခန်းမှာ ဇာတ်ကောင်ကို ရိပ်မိမှာစိုးလို့ ဆံပင်ဖြတ်ပစ်လိုက်ပြီး အတိုအကပ်ဆံပင်နဲ့ ရုပ်သန့်ပစ်လိုက်သေး. . . ဟေးဟေး. ."

"အဲ့သလောက် ဖမ်းမိတာနဲ့ ချစ်သူတွေဟာ ဧကဝုဒ် မဖြစ်သေးပါဘူးကွာ"

သည်တစ်ခါ တိုးတိုးက ရယ်အလှည့် ဖြစ်တော့သည်။

"ကိုလတ် မနှစ်ကထွက်တဲ့ အနုပညာကုန်ကြမ်းရှာ ခရီးစဉ်ကို ကျွန်တော်သိနေတာရယ်၊ ကိုလတ်ပန်းချီရော ဂီတာရော ဟိုစပ်စပ်ဒီစပ်စပ်မကအောင် နှံ့စပ်တာရော ပေါင်းလိုက်တော့ ဧကဝုဒ်ဖြစ်သွားတာပေါ့ဗျ၊ ဒီထက်သေချာတာက ပျဉ်းမနားက ကိုလတ်ကြီးတော်ကြီးက ဆံပင်ညှပ်မှ သေတမ်းစာမှာ အမွေလွှဲလက်မှတ်ထိုးပေးမယ်ဆိုလို့ ဆံပင်ညှပ်လာခဲ့ရတယ်ဆိုတာ ကျွန်တော် ဇင်သူ့ဆီကသိနေတယ်လေ. . . ဟင်းဟင်း. . .

ဒါကြောင့် အဲဒီဇာတ်လမ်းထဲက မချောလေးယောက်ဟာ ကိုလတ်တစ်ယောက်တည်းနဲ့မှန်း တန်းပေါ်တာပေါ့၊ ကဲ. . ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးမလဲ”

သူက ရယ်ကြဲကြဲလုပ်ရင်း မာဗိုရှိ စီးကရက်ဘူးကို ထုတ်သည်။ တစ်လိပ်မီးညှိသည်။

တိုးဇော်ရှေ့ စီးကရက်ဘူး ပစ်ချပေးရင်း. . .

“ဇာတ်လိုက်က ငါတစ်ယောက်လုံးတော့ မဟုတ်ရပါဘူးကွာ၊ ငါကတစ်ခြမ်းပါတာပါ. နောက်တစ်ခြမ်းက ငါခရီးရေးရှင်းလုပ်ပြီး ဖန်တီးထားတာပါ. . ဟဲဟဲ. . ”

ဇင်သူကစားပွဲပေါ်က CHICKEN SOUP FOR THE SOUL ဆိုသော စာအုပ်မြှောက်ပြရင်း. . .

“ဒီအထဲက Cookie thief ကို ဆွဲယူပြီး ဇာတ်လမ်းဖွင့်လိုက်တာလေးကတော့ တကယ်လှပါတယ်၊ ကိုလတ်ကို ချီးကျူးစရာလည်း နည်းနည်းပြောပေးဦး ကိုတိုးရ၊ သူကျွေးထားတာက ချေး,မဖြစ်သေးဘူးဟ”

“ဟုတ်ပ အဲ့ဒီအဖွင့်ခန်းက တကယ်လှပါတယ်၊ စားကောင်းအောင်ပြောတာ မှုတ်ဘူးနော်. . ၊ ကဲ. . တို့အခု သိချင်နေခဲ့ကြတဲ့ မေးခွန်း မေးရအောင် ဇင်သူ”

“မင်းပဲမေးပါ. . အဲ့လိုတကယ်မဖြစ်ခဲ့ဘူး၊ အဲ့ဒါ ကိုလတ်လုပ်ကြံရေးထားတာလို့ သေချာတဲ့ဘက်က လောင်းထားတာက ငါလေကွာ”

“ကဲ. . ကျွန်တော်မေးပြီနော် ကိုလတ်၊ မေဖူးမော်နဲ့ အဲ့လိုတကယ်ဖြစ်ခဲ့လား၊ အမှန်အတိုင်းဖြေနော် Cookie thief လို တကယ်





ဖြစ်ခဲ့တာလား. . ကဲ. . ဖြေ ”

သူပြန်သတိရသွားသည်။ သူ့ဘဝအတွက် အကယ့်အမှတ်တရ ဖြစ်စဉ်လေးတစ်ခုလည်း ဖြစ်ခဲ့သည်ပဲ၊ နေရာတိုင်းမှာ ရှာဖွေနေခဲ့မိသော မျက်နှာလေးကိုလည်း ပြန်မြင်လာသည်။

နာမည်က sitting plan မှာ ရေးထား၍ သိရခြင်းသာ။ ဘာလုပ်သလဲ၊ ဘယ်မှာနေသလဲမသိ၊ ကနေ့ထိ လွမ်းဆွတ်သတိရဆဲပါ မိန်းမလှလေးရေ၊ ကိုယ့်မာယာတွေကိုတော့ မင်းလေးနားလည်ခွင့်လွှတ်ပေးပါကွယ်၊ လက်ာချောအောင် မုသားနှောခဲ့ခြင်းသာပါ။

“ကိုလတ် ဘာငေါင်နေတာလည်းဗျာ. . ၊ ဖြေလေ. . အဲ့ဒါ တကယ်ဖြစ်ခဲ့တာလား”

“အေး. . တကယ့်အဖြစ်ပါကွာ၊ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်ပါ”

တိုးဇော်က လက်ဝါးမြှောက်လာ၍ သူလည်း ဘုမသိ ဘမသိမြှောက်ရင်း ဖေါင်းခနဲ လေထဲရိုက်လိုက်ရသည်။

တိုးဇော်က ဇင်သူ့ဘက်လှည့်၍. . .

“ငါနိုင်တယ်. . ညနေ မင်းဒကာပဲနော် ဇင်သူ”

“ဟာ. . ဒါလုပ်ကြံတာ. . ကိုလတ်လုပ်ကြံတာ၊ ဖြစ်ရပ်မှန် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး”

“တကယ့်ဖြစ်ရပ်မှန်ပါ ငါ့ညီရာ၊ အဲ့ဒီကွတ်ကီးကို ငါတကယ်နှိုက်စားခဲ့တာပါ၊ ဒါပေမယ့် အဲ့လိုဖြစ်လာအောင် ငါရည်ရွယ်ချက်ရှိရှိနဲ့ မျက်လှည့်ပြခဲ့တာကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!. . ဘယ်လိုမျက်လှည့်လဲ"

"ဒီလိုကွ. . မိုးတစ်ဖေါက်ဖေါက်နဲ့မို့ ကားစီးရင်း သောက်သွားဖို့ ငါက အဲ့ဒီမုန့်ဆိုင်ထဲ ဝီစကီ ပုလင်းပြားလေး ဝင်ဝယ်နေတာ၊ အဲ့ဒီ မေဖူးမော်စီးလာတဲ့ တက္ကစီကားက ငါနားလာထိုးရပ်တာလေ၊ သူငါ့ကိုမမြင်ပါဘူး. . သူနဲ့ကားသမားပြောနေတာတွေ ငါအကုန်ကြားတယ်၊ သူဟာ စာအုပ်ထဲ စိတ်ရောက်နေတာ ငါအကဲခတ်မိတယ်. . ၊

သူကွတ်ကီးဝယ်ပြီး ထွက်သွားတယ်၊ ငါလည်း သူဝယ်တဲ့ ကွတ်ကီးတစ်ထုပ်ဝယ်ပြီး နောက်ကလိုက်သွားတယ် လမ်းမှာကား တစ်စီးက ဆရာမ. . ဆရာမ မေဖူးထင်တယ် လမ်းကြုံလိုက်မလား ဘယ်သွားမှာလဲလို့ နှုတ်ဆက်တယ်၊ သူက ကျိုက်ထိုတဲ့ ဆယ့်နှစ်ခွဲ ကားတဲ့. . . ပျော်သွားတယ် ငါနဲ့တစ်ကားထဲပဲလေ လမ်းမှာမပျင်းတော့ဘူးပေါ့ကွာ၊ ဇာတ်လမ်းလည်းရပြီပေါ့၊ မုန့်ဝယ်မိတာလည်း ကိုယ်စောင့်နတ်က တိုက်တွန်းတာလား မြားပစ်လက်တည့်တဲ့ ဖူးစာရေးနတ်ပဲလားပေါ့. . .

ဂိတ်တဲထဲရောက်တော့ မုန့်ဖေါက်ပြီး သူစာထိုင်ဖတ်နေတယ်၊ ထိုင်ခုံဇယား မေဖူးမော် ခုံနံပါတ်(၂၀)နားမှာ ဦးအောင်ကြည်တဲ့(၁၉)၊ ငါ ဦးအောင်ကြည်ကို လက်မှတ်(၁၉)နဲ့ အခန့်သင့် တွေ့တယ်၊ အရက်သမားပုံပေါက်တယ် ဝီစကီပုလင်း အိပ်မည်းနဲ့ ထည့် လာဘ်ထိုးရင်း ခုံနံပါတ်လဲလိုက်တယ်. . . အိုကေပဲ. . .

သူမ စာဖတ်နေတဲ့နား သွားထိုင်တယ်၊ မထိုင်ခင်မှာပဲ





Cookie thief ကို သတိရလာတယ်၊ စာအုပ်ထဲ အာရုံရောက်နေတဲ့ မေဖူးမော်ရဲ့ မိုးကာဂျာကင်ထဲ ကွတ်ကီးထုပ်အသစ်ကို မသိအောင် ထည့်လိုက်တယ်. . ဘာခက်တာမှတ်လို့ကွာ၊ အဲ့ဒါပဲ. . မျက်လှည့်ဆိုတာ. . .

အမှုမဲ့အမှတ်မဲ့ သူစားနေတာ. . ငါပါဝိုင်းစားတာရော ကလေးဖွဲ့ကျွေးတာရော သူ့ကွတ်ကီးပဲကွ၊ သူ့ကို မျက်လှည့်ပြလိုက်နိုင်တာက သူ့အာရုံဘယ်မှာရှိတယ်ဆိုတာ သိနေလို့ပဲ၊ သူ့မျက်စိမှောက်ရုံမကဘူး အသိပါမှောက်သွားအောင် လုပ်လိုက်တာပဲ"

"နေပါဦး အစ်ကိုကားပေါ်ပါသားဘဲ ကားပေါ်ကို တက်တောင်မတက်ဘဲနဲ့. . အဲ့ဒီမမေဖူးမော် ကွတ်ကီးထုပ် ပြန်တွေ့ပြီး နောင်တရနေမှာကို ဟန်ချက်ပျက်နေမှာကို ဘယ်လိုသိတာလဲ"

"ဟိုဘက်အိမ်မှာ အောင်ဝင်းနေတယ်လေ ငါ့ဘော်ဒါလေးပဲ. . အဲ့ဒီကားစပယ်ယာလေးပေါ့၊ ငါကလည်း မှာထားတော့ သူ ကောင်းကောင်း အကဲခတ်နေတာပေါ့ကွ၊ ကွတ်ကီးထုပ် အိတ်ထဲ ကနေ ထွက်လာတော့ ဟယ်ခနဲ ငေါင်သွားပုံကအစ ကားမထွက်ခင် ငါ့ကိုတမျှော်မျှော်. . ကားအထွက်မှာ ငါကစာပေတိုက်က ကားပေါ် ပြေးတက် ဟိုမယ်တစ်ယောက်ကျန်သေးတယ် ထအော်တာကအစ အားလုံး ပြန်ပြောပြတယ်လေ"

ဇာတ်ရည်လည်သွားကြ၍ ထိုစဉ်ကဖြစ်စဉ်ကို ပြန်မြင်ယောင်ရင်း ခဏတာငြိမ်သက်သွားကြသည်။

ဇင်သူက. . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး အစ်ကိုလတ် ကျွန်တော်သိထားတဲ့ ဒီဇာတ်လိုက်ရဲ့ ကာရိုက်တာက အဲ့ဒီမှာ ယိုင်ထွက်သွားတယ်"

"ဘာကိုလဲကွ"

"ဒီလောက်အဆင်ပြေ ချောမွေ့အောင် ခင်းကျင်းထားပြီးမှ ဇာတ်လိုက်က အဲ့ဒီဇာတ်လမ်းထဲ ခွေ့ခနဲဝင်မထိုင်ဘဲနဲ့ ဘာလို့ကျန် ခဲ့ရတာလဲ၊ မိန်းမလှမြင်ရင် ငမ်းငမ်းတက်ကာရိုက်တာ ပျောက်ပြီး ဖတ်ရတဲ့သူလည်း ဟတ်ကော့ကြီး ဖြစ်သွားတာပေါ့ ကိုလတ်ရေ"

"အေး. . အဲ့ဒါကတော့ အဓိကနဲ့ သာမညကိုရွေးလိုက် ရတာပဲ၊ ငါက စာရေးဖို့ ကုန်ကြမ်းရှာရင်း ဘုရားဖူးသွားမှာလေ. . ငါ့ထုတ်ဝေသူနဲ့ပေါ့။ ဒါမှ စရိတ်မကုန်မှာလေ၊ ကားလက်မှတ်နှစ် စောင်ဝယ်ပြီး သူ့ကိုစောင့်နေတာ ကြာနေလို့ ဖုန်းဆက်ကြည့်တော့ အစီအစဉ်ပြောင်းလိုက်တော့ အစ်ကိုရေတဲ့ ဘိုးတော်ပါ ဘုရားဖူး လိုက်မယ်တဲ့၊ အိမ်ကကားနဲ့လာနေပြီတဲ့ နောက်ငါးမိနစ် ဆယ်မိနစ် ဆို ဝင်းထဲက အဲ့ဒီဂိတ်ရှေ့ကိုရောက်ပြီတဲ့၊ စာအုပ်ဖြစ်လာဖို့က ဘိုး တော်နဲ့ဘောစိက အဓိကလေ၊ ဘောစိအဖေ ဘိုးတော်နဲ့ခရီးသွားရ မှာလေ၊ ဗဟုသုတ အများကြီးရမှာလေ၊ ရတောင့်ရခဲ အခွင့်အရေး ကြီးလေ၊ လွမ်းမောနှမြောတသစွာနဲ့ပဲ ကွတ်ကီသူခိုးမလေးကို စွန့် လွှတ်လိုက်ရတာပေါ့ကွာ၊

ဖြစ်ချင်တော့ အရေးပေါ် ကျိုက်ထိုပြန်ကြွမယ့် ဆရာတော် တစ်ပါးကလည်း ကြွလာတယ်ကွာ၊ နို့မို့ ကင်မွန်းစခန်းကစောင့်ပါ ကျွန်တော်ဒီဘတ်စ်ကားနဲ့ပဲ လိုက်ခဲ့မယ် လုပ်ဦးမလို့ပဲ၊



ဆရာတော်ကိုပဲ လှူလိုက်ပါတယ်၊ အဲ့သလို လွဲခဲ့ရတယ်ကွာ ကံကြုံရင် ပြန်ဆုံကြဦးမယ်ပေါ့ကွာ. .၊ ကမ္ဘာကြီးကကျဉ်းတယ်ဆိုပဲ ခုထိမဆုံဘူးလေ. ."

"ဒါဆို စုထားဆွေအခန်း ဆွေးနွေးစရာ ရှိလာပြန်ပြီဗျ"

"အဲ့ဒါလည်း တကယ့်အဖြစ်ပဲကွ. . ဇေယျာကျော်ဆိုတာ ဖဆပလက ကျော်ဇေယျသွန့်လေကွာ အခု စင်ကာပူက ပြန်ကိုမလာ သေးတာ"

"ကောင်မလေးနဲ့ တကယ့်ကို ဘာမှမဖြစ်ခဲ့ဘူးလား. .၊ ဒီ လောက်လွှတ်လပ်နေတာ ကိုလတ်က ဝတ္ထုထဲမှ အရိယာသူတော် စင် လုပ်နေတာလား"

"အဲ့ဒီဝတ္ထုထဲကအတိုင်းလို့ပဲ ထားလိုက်ပါကွာ"

"ဒါဆို ကိုလတ်အိမ်သာကျင်းထဲ တကယ်ပြုတ်ကျတာလား"

"ငါက တမင်ဆင်းလိုက်တာ"

"ဗျာ!"

"မင်းကွာ . . သွပ်ကာသွပ်မိုး နှစ်ချက်ထိုးနေပူကြီး. . အဲ့ဒီ နှစ်က အပူလှိုင်းဖြစ်လို့ ကန်တွေချောင်းတွေ ခမ်းတဲ့နှစ်လေ၊ အိမ် သာထဲ ဆက်ထိုင်နေရင် ငါသေတော့မယ်၊ အိမ်သာကျင်းကလည်း သန့်နေတယ်၊ နောက်ပြီး အဘိုးကြီး မတော်တဆ ဝင်လာမှာလည်း လန့်နေလို့ တမင်လျှောဆင်းလိုက်တာ"

"ဝင်လာပြီး. . အီးပါမှ ပိုဟာသမြောက်မှာလေဗျာ"

"မင်းကလည်း ဟာဟဇာတ်တွေလို ငါက အတင်းအလိ

www.burmeseclassic.com

www.burmeseclassic.com



ထိုးပြီး ရယ်အောင်လုပ်ရမလားကွ၊ ငါဝိုင်သောက်ရတယ် ရေစိမ်ချိုးရတယ်. . အေးဆေးပဲ”

“အဲ့သမှာလည်း လွဲနေတယ် ရေချိုးခန်းထဲ တစ်ခုခုဖြစ်ရမယ်ဗျာ”

“ဘာမှမဖြစ်ပါဘူးဆိုနေကွာ”

“ဒါဆို ကောင်မလေးရဲ့ လှို့ဝှက်အပ်သောနေရာက မှည့်တွေကိစ္စက ဘယ်လိုကြောင့် ထည့်ရေးနိုင်တာလဲ”

သူ စီးကရက်တစ်လိပ် မီးညှိပြန်သည်။ မီးခိုးမှုတ်ရင်း. .

“ဒီကောင်မလေး ငါ့ကိုချောင်းနေခဲ့တာ ငါသိတယ်၊ သူအဝတ်လျှော်ပေး. . ဟင်းတွေမုန့်တွေ ပေးနေတာလည်း သိတယ်၊ ဒါကြောင့် နည်းနည်းရဲဆေးတင်ပြီး လက်သည်းသွားညှပ်ရဲတာပေါ့”

“ဘယ်လိုသိတာလဲ”

“သူ့အစ်ကို ငထက်က မူးရင်အကုန်ပြောတယ်လေ၊ သူ့ဆီက မဟုတ်ရင်လည်း မုန့်ဘိုးပေးရင် အေးသီတာက အကုန်ပြောတာပေါ့ကွ၊ ဘယ်သူမှ မသိလိုက်တဲ့အချက်က ငါ့မှာလည်း ငှက်ကြည့်ရော၊ ညဥ့်ကြည့်ပါကောင်းတဲ့ အမေရိကန် MARINE မှန်ပြောင်းရှိနေခဲ့တယ်ဆိုတာပဲ၊ အိမ်ကြီးထဲမှာ ရေချိုးရင်. . ပြတင်းလိုက်ကာဖွင့်ချိုးတဲ့ စုထားကို မကြည့်ချင် မြင်လျက်သားကြီးပဲ. . . နေ့ရောညဥ့်ရောပဲ. . ဟင်းဟင်း. . ”

“အို့ဟိုး. . ဒါ့ကြောင့်ကိုး”

“နှင်းဆီမမကလည်း အမှန်အကန်ဇာတ်လမ်းပဲလား”



“အဲ့ဒါကလည်း ယောက်ျားမာယာတွေ ပါတယ်ကွ. . ၊ ငါ့ဆောင်းပါးတွေဖတ်တဲ့ ချာတိတ်တွေက ငါ့ကို ကြီးတော်ကြီးရဲ့ အမွေစားအမွေခံတူမှန်း သိနေကြတယ်၊ သူတို့လေးလေးက ကြီးတော်ကြီးရဲ့ ရှေ့နေလေ ပျဉ်းမနားမှာခင်သွားတာ၊ ဒီကောင်လေးတွေ ငါ့ကိုတကယ်ဟီးရိုး ထားကြတာကွ၊ မိတ်လာဆက်ပြီး တစ်လှည့်စီကိုပြုစုကြတာ ဘီယာတောင် ဝယ်မသောက်ခဲ့ရဘူး၊ မိန်းကလေးတွေနဲ့ သူတို့အကြောင်းတွေ တိုင်ပင်ဆွေးနွေးရတာလည်း ငါရေးမယ့် ကုန်ကြမ်းတွေပဲပေါ့၊ ငါသူတို့ကားနဲ့ ပျဉ်းမနားကပြန်လာတာလေ. . ”

“ဟင် sketch ပုံကြမ်းရေးရင်း လမ်းလျှောက်လာတာဆို”

“ဇာတ်နာအောင် လုပ်တာပေါ့ကွ၊ မိန်းမဆိုတာ မိခင်စိတ်လေ. . သနားတတ်တဲ့စိတ်က ပါပြီးသား၊ လမ်းမှာတို့ကားကို အဲ့ဒီနှင်းဆီမမ တစ်ယောက်တည်း ကျော်တက်သွားကတည်းက (၁၁၅) မှာ အဲ့ဒီကားတွေ့ရင် ကိုလတ်အရည်အချင်းကို ပြစမ်းပါဗျာ ကျွန်တော်တို့ အားကျချင်လို့ပါတဲ့၊ တစ်ယောက်တည်းဗျ လှလည်းလှတယ်၊ လန်းလည်းလန်းတယ်၊ သဘောကောင်းမယ့်ပုံပဲတဲ့ ကိုလတ်ဝင်လုံးဗျာတဲ့. . .

သမားဂုဏ် ပြချင်နေတာနဲ့ အတော်ပဲလေ၊ ပန်းချီကျောင်းသွားတက်မယ့် ဇော်ဝင်းတင်ဆိုတဲ့ ချာတိတ်ကလည်း ပါတယ်၊ သူ့ပုံဆွဲစက္ကူစာအုပ်ကလည်း ဆွဲပြီးသား sketch လည်း လေးငါးပုံ ပါနေတော့ ခွင်ဆင်လိုက်တာလေ”

တိုးတိုးက ဝင်ထောက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဝင်လာချင်းပုံကို အဲ့လောက်တူအောင် လှမ်းဆွဲလိုက်နိုင်တာတော့ နည်းနည်းများသွားလို့. . ."

"အဲ့ဒါကတော့ စိုင်းလားရှိုးနည်းကွ၊ ဟဲဟဲ. . သတိရသကွာ သူပိုးနေတဲ့ချာတိတ်မကို ဓါတ်ပုံခိုးရိုက်ထားပြီးမှ မင်းကို ကိုယ်ငါး မိနစ်ပဲ စေ့စေ့ကြည့်သွားမယ် နက်ဖြန်ကန်တော်မင်္ဂလာ ပန်းခြံမှာ မင်းပုံတူ လာယူဆိုတာမျိုးပဲ၊ သူလည်း သိန်းရွှေကြည်ဆီက အဲဒီနည်းရတာတဲ့ ဓါတ်ပုံကြည့်ပြီး စကေးချဆွဲတာလေ ချွတ်စွပ်ပေါ့. .

ထိုင်နေတဲ့မမကို လှမ်းရိုက်တယ် ဝင်လာတဲ့ဘော်ဒီကို ဇော်ဝင်းတင့်က ဆွဲပြီးသား ဓါတ်ပုံကြည့်ပြီး ခေါင်းတပ်တယ်၊ အဲ့ဒါနဲ့ ဖမ်းစားလိုက်တယ်၊ ချာတိတ်တွေနဲ့ တစ်ဝိုင်းစီဝင်ထိုင်ပြီး ဘိုင်ကျနေတဲ့ ဇာတ်လိုက်လေး လုပ်ပစ်လိုက်တယ်. . ဒါပါပဲကွာ. . ."

"မဟုတ်သေးဘူး ချက်ပြုတ်ကြော်လှော် စားပွဲပေါ် အကျအန ပြင်ဆင်ပြီးမှ ဇာတ်လိုက်က မစားဘဲ ဘာလို့ထွက်ပြေးရတာလဲ၊ ခရေဇီမော်တယ်ထဲက နေပြီးတော့လေ. .

အပြင်မှာ အဲ့လို ဖြစ်ကိုမဖြစ်နိုင်ဘူးဗျာ၊ မယုံဘူး ကိုလတ်ဝတ္ထုထဲမို့ တမင်ဆင်ဆာလွတ်အောင် ရေးတာမှတ်လား၊ ဒိုင်မလို့နဲ့ဗျာ ဆင်ဆာမဖြတ်ဘဲ အသေးစိပ်ပြောပြ"

"အသေးစိပ်အခန်းက ကားစခန်းကမီးပုံပွဲညဥ့်မှာ ကျန်ခဲ့ပြီကွ၊ ခရေဇီမှာ ငါနိုးလာတာ သူ့ဟန်းဖုန်းမြည်လို့ပဲ၊ ငါ ဖွင့်နားထောင်လိုက်မိတယ်. . အဲ့ဒါကံကောင်းသွားတာ. .၊

မင်း ခရေဇီမိုတယ်မှာဆိုတာ ငါသိတယ်နှင်းဆီ၊ ကိုကို့ဆီ





ကိုယ့်တပည့်က ဖုန်းဆက်တယ်. . ဘွားတော်ရှေ့မို့ ကိုကိုပြောဆိုခဲ့တာတွေ မင်းတကယ် ယုံနေသလား၊ အေး. . . ကိုကိုလာနေပြီ သေနတ်ပါတယ် ကျည်အပြည့်နဲ့. . တဲ့၊

ဒေါသသံကြီးကွ. . ငါမပြေးရင် ဘယ်သူပြေးမလဲ၊ မန်နေဂျာဆီက ငါ့လိပ်စာနဲ့ မှတ်ပုံတင်ကို နှုတ်ပိတ်ခပေးပြီး လစ်ခဲ့ရတယ် ဟော့ကောင်တွေ. . ခွေး. . ပြေး. . ဝက်. . ပြေး. . ပဲ"

"နွားတွေကတော့ မြိုင်ထမှပြေးတယ် ကြားဖူးတာပဲ"

"အေပေးလေး. . . အစ်ကိုကို ဒီလိုပဲ ပြောရလားကွ"

"ကိုယ်ဘရာသာ မြိုင်ကို သိနေလို့ပါဗျာ၊ ဒါဆို နောက်ဆုံး ဟိုမြီးကောင်ပေါက်မလေး ချိုဝတ်ရည်ကကော"

"အဲ့ဒါလေးကတော့ တကယ်အသန့်လေးမို့ တကယ်လည်း ချစ်သွားလို့ပါ ညီတို့ရာ၊ တကယ့်ကို ရိုးသားဖြူစင်တဲ့ အချစ်သမလေးကွ၊ သူ့စိတ်ကလေးကိုက ငါ့ကိုအရမ်း တန်ဘိုးထားတဲ့ လေးစားမြတ်နိုးတဲ့ စိတ်ကလေးဆိုတာ ငါဖတ်လို့ရတယ်၊ ငါ ဒီထက်အောင်မြင်ရင် ကိုယ်ပိုင်ကားနဲ့ သွားတင်မယ့် မိန်းကလေးကွ၊ သူခိုး. . သူခိုးနဲ့. . ပြေးလိုက်ရတာကွာ၊ ဒီတစ်ခါ တကယ့်သူခိုးဗျလို့အော်ပြီး. . ဝူးခနဲ ကားပေါ်တင်ပြေးလာခဲ့မယ်"

"အသီးကလည်း သီးကင်းအလှဖြစ်မှာကိုး သဘာဝမြေဩဇာနဲ့ ထွားချင်တိုင်းထွား သန့်ချင်တိုင်း သန့်နေမှာကိုး၊ ဒါမျိုးခိုးလို့ကတော့ ကျွန်တော်တို့ပါ အမှုတွဲပါပလေ့စေ လိုက်ခိုးပေးမယ်ဗျာ"

"ငါ့ကိုဘယ်လောက်ချစ်လည်း ဘယ်လောက်သတ္တိရှိလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆို သူဦးလေးပါးရိုက်တာတောင်. . အဲ့ဒါသူခိုးမဟုတ်ဘူး. . သမီး ချစ်သူတဲ့၊ သမီးချစ်သူကို ထိရဲထိကြည့် အသက်နဲ့ လဲပစ်မယ်တဲ့၊ လူကြီးသူမတွေ ကာလသားတွေရှေ့မှာနော် ငါလှမ်းမြင်နေရတယ် နွားစားခွက်ထဲကနေ၊ ငါအတော်ကို ကြွေခဲ့တဲ့. . တကယ့်အဖြစ်ပဲ၊ ဟာဟ. . ကြီးတော်ကြီးဆီက အမွေလည်းရ၊ စာပေတိုက်ကလည်း မကြာခင် ငါ့ကို တိုက်ခန်းနဲ့ ကားဝယ်ပေးတော့မှာကွ. . ”

“အခုရေးနေတဲ့ ဇာတ်လမ်းက ဘယ်လိုဇာတ်ရှိန်တင်မှာလဲ ဘယ်လိုသိမ်းမှာလဲ. . ”

“ငါချာန်မဝင်ေသးဘူးကွ တင်ပိုတင်ရတော့မယ်၊ ဇာတ်သိမ်းလည်း လှစေရမယ်၊ ဒီဇာတ် လူကြိုက်များရမယ်ကွာ. . . ငါ စဉ်းစားနေပါတယ်. . . ”

“ဇာတ်သိမ်းကိုတော့ ဟတ်ကော့ကြီး မလုပ်လိုက်နဲ့နော်. . ဖတ်ရတာ ဖတ်တင့်ငုံ့ကြီးဖြစ်နေရင် ပရိသတ် ကျိန်ဆဲနေလိမ့်မယ်”

“အေးပါကွာ”

ထိုစဉ် စာပေတိုက်မှာ အရေးကြီးမှဆက်လေ့ရှိသော ဖုန်းဝင်လာခြင်း ဖြစ်ပါသည်။

ဘောစိ၏ ညီမငယ်က လှမ်းဆက်ခြင်းဖြစ်သည်။

“ဦးကိုလတ်. . ဦးကိုလတ်ကို အရမ်းတွေ့ချင်လို့ပါတဲ့၊ ဦးကိုလတ် ပရိသတ်ပါတဲ့၊ (ခပ်တိုးတိုးအသံနှင့်) တော်တော်ချောတယ် အဲ့ဒါ အိမ်လိပ်စာတောင်းနေတယ်”

“ဟတ်လား ညီမလေး၊ နာမည်က ဘယ်သူလဲ၊ တို့နဲ့တွေ့ဖူး





လားလည်း မေးကြည့်ပေးပါဦး”

(ခဏကြာနေသည်။)

“ဟဲလို. . ဦးကိုလတ်နဲ့ တစ်ခါတွေ့ဖူးပါတယ်တဲ့ အနှုန်းအညွှတ် တောင်းပန်စရာ ရှိလို့ပါတဲ့၊ သူ့နာမည်ကို သိမယ်မထင်ဘူးတဲ့ နာမည်က မေဖူးမော်တဲ့”

“ဟာ. . ပေးလိုက်. . ပေးလိုက်၊ အိမ်လိပ်စာပေးလိုက် . . ဆက်ဆက်စောင့်နေကြောင်းပြောလိုက်၊ ကားမပါရင် တက္ကဆီပါ ငှားပေးလိုက်ပါ ညီမလေး. . ဦးကိုလတ်ရှင်းမယ်”

“ဖြည်းဖြည်းလုပ်ပါ ဦးကိုလတ်ရယ်၊ ဦးကိုလတ် ဝမ်းသာလုံးကြီးက ဖုန်းထဲဝင်လာပြီး ဒီမှာ နားထဲတောင် လာစို့နေတယ်၊ တက္ကစီငှားပေးစရာ မလိုပါဘူးရှင်၊ နောက်ဆုံးပေါ် Alphard ကားကို ကိုယ်တိုင်မောင်းပြီး မကြာခင်ရောက်လာပါလိမ့်မယ်၊ ဂွတ်လဒ်စာရေးဆရာရေ. . ”

“ရဟူး. . အနှုန်းအညွှတ်တောင်းပန်မလို့တဲ့. . ဟာဟ၊ ကဲ ညီတို့ အိမ်သန့်ရှင်းရေး လုပ်အားပေးကြပါဦးကွာ၊ မင်းတို့ မြင်ဖူးချင်နေမှာ သေချာတဲ့ ဒီဇာတ်လမ်းထဲက ငါ့မင်းသမီး မေဖူးမော် ခဏနေ ရောက်လာလိမ့်မယ်၊ ကဲ. . အားလုံး. . မော်ဖူးစေ”





www.burmeseclassic.com

www.burmeseclassic.com







# ဇာတ်သိမ်း

ချစ်လှစွာသော ပရိသတ်တို့ရေ. . .

ဒီနေရာမှာ စာရေးသူ ကျွန်တော်မျိုး 'နတ်ရွာမိုး'ကိုယ်တိုင် မဝင်မဖြစ် ဝင်ရပါတော့မယ်ခင်ဗျာ. . .။

ဝင်ရတဲ့ အကြောင်းရင်းကလည်း ရှိနေလို့ပါ။ ကျွန်တော် ဇာတ်ကောင် 'ကိုလတ်' အပျော်ကြီးပျော်ပြီး အိမ်သန့်ရှင်းရေးနဲ့ ရှိသမျှပရိဘောဂလေးတွေနဲ့ အိမ်ခန်းပသာဒလှအောင် တကျတကကြွကြွ ဖန်တီးနေတာကို လှမ်းမြင်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စာမူထဲ စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ မင်းသမီး မေဖူးမော်ကို မကြာခင် အရှင်လတ်လတ် အနီးကပ်ကြည့်ရှုအားပေးရတော့မယ့် ညီနှစ်ကောင်လည်း ကိုလတ်နဲ့အတူ ပျော်ရွှင်ကြွတက်နေကြတာကို လည်း ကျွန်တော်လှမ်းမြင်နေရပါပြီ။

စာရေးဆရာဆိုတာ ဟိုးအပေါ်စီးကြီးက ခြုံငုံပြီး လှမ်းကြည့် နိုင်တဲ့ လှမ်းမြင်နိုင်တဲ့ ဈာန်အဘိဉာဉ်တစ်မျိုးလည်း ရှိနေတာဆို တော့ကာ. . နောက်ဆုံးပေါ် အဲလ်ဖတ်ကားလေး ကျွန်တော့်ဇာတ် ကောင်ဆီ မောင်းလာနေတာကိုလည်း လှမ်းမြင်နေရပါတော့တယ်။

ဟုတ်ကဲ့. . မေဖူးမော်ကိုယ်တိုင် မောင်းလာနေခြင်းဖြစ်ပါ တယ်. . ခြယ်သထားလိုက်တာလည်း မှုန်ထနေတော့တာပါပဲခင်ဗျ။

အဲ့. . . ကားထဲမှာ သူတစ်ယောက်တည်း မဟုတ်ပါခင်ဗျ၊ အဲ့ဒါကို လှမ်းမြင်လို့ ကျွန်တော်ဝင်လာရခြင်း ဖြစ်ပါတော့တယ်။

မေဖူးမော်ဟာ ခရီးသည်သုံးယောက်ကို တင်ဆောင်လာပါ တယ်။

တစ်ယောက်က. . .

မမအင်ဂျလင်းရဲ့ဘိုးတော်နဲ့ မမအင်ဂျလင်းကိုယ်တိုင်က ပတ်စပို့ဗီဇာ၊ ဟိုမှာနေရေးထိုင်ရေး အကုန်တာဝန်ယူ အကုန်အကျ ခံပြီး ချီးမြှင့်မြှောက်စားခံရတဲ့. . . "စုထားဆွေ"။

နောက်တစ်ယောက်က. . .

ခရေဇီမိုတယ်ထိ လိုက်လာပြီး 'ဘယ်မလဲမင်းကောင်လေး ငါသတ်ပြီး ကြိုးစင်တက်မယ်၊ အခု ထုတ်ပေး'ဆိုပြီး ပွဲကြမ်းနေတဲ့





ကိုကို့ကို. . . နောက်ကနေ သူ့ဘွားတော်က သုတ်ခနဲ ကုပ်ဆွဲခေါ် သွားအပြီး ဒီမြေ ဒီလောကကြီး ညည်းငွေ့လှပါပြီ. . စင်ကာပူမှာပဲ အခြေချတော့မယ်. . အပြီးပဲဆိုတဲ့ "နှင်းဆီမမ"။

နောက်ဆုံးတစ်ယောက်က. . .

သမီးပတ်ဝန်းကျင်က အပေါင်းကြီး. . . သူတို့စုံနှုန်း ပေ တံကြီးတွေက ဆွေးမြေ့နေပေမယ့် ဘယ်လိုမှလည်း မကျိုးမပဲ့သေး တော့ ဘယ်အချိန်ထိများ ဆက်သုံးနေဦးမလဲမသိဘူး ဆိုတဲ့. . မချို အောင် ခံစားခဲ့ရသူလေး. . အချစ်ရှုံးသမားလေး "ချိုဝတ်ရည်"။

ချိုဝတ်ရည်က နှင်းဆီမမရဲ့ ညီမဝမ်းကွဲ. . မိချိုခေါ် ချိုမ ဖြစ်နေခဲ့ပါတယ်။ ထာဝရယောဂီကြီး မိခင်ဆုံးရှာပြီမို့ ချိုမပါ စင်ကာပူ ခေါ်သွားမည်လေ။

လင်းဆိုပြီး နှင်းဆီမမနဲ့ ဘီယာဘားမှာ သီချင်းသည်ဘဝ အတူဆိုခဲ့ကြ အဆောင်နေဘဝနဲ့ အတူနေခဲ့ကြတာက. . "အင်ဂျ လင်း" ဖြစ်နေခဲ့ပါတယ်ခင်ဗျ။

ကံကြမ္မာအရ(စာရေးဆရာမဖြစ်အောင် ကြိုးစားရင်း) အင် ဂျလင်းရဲ့ဘိုးတော် နိုင်ငံခြားအလုပ်ရှာဖွေရေး အေဂျင်စီမှာ အင်္ဂလိပ် စာကောင်းလို့၊ စကားပြောလည်းကောင်းလို့၊ အင်္ဂလိပ်စကားပြော ဆရာမအဖြစ် အလုပ်လုပ်နေသူက ဘယ်သူရှိဦးမလဲဗျာ. . .

"မေဖူးမော်"ပေါ့. . .။

အဲ့သလိုတွေ ချိတ်မိကုန်တာလေ. . ၊ ဆရာမ မေဖူးမော်က သူမတို့ဘဝတွေကိုသိချင်လို့ စာရေးချင်လို့ တစ်ဦးချင်း ဗျူးထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်(ရှေ့အခန်းများမှာရှုပါ)။

လေးယောက် မျက်နှာချင်းဆိုင်ခဲ့၊ ပြောဆိုရင်ဖွင့်ခဲ့တာမျိုး တော့ မရှိပါဘူး။ ကဲ. . . အဲ့သလိုဖြစ်ခဲ့တယ်ဗျာ. . အဖြစ်မှန်ပါ။

ခုဘာလို့ ပါလာကြသလဲဆိုတော့ကာ နှင်းဆီမမ၊ စုထား ဆွေနဲ့ ချိုဝတ်ရည်တို့ကလည်း သူတို့ချစ်တဲ့ဗျူးဆရာမကို ပြန်ဗျူးထား ကြဖူးတော့ ကွတ်ကီးဇာတ်လမ်းကို သိနေကြတယ်။

ရယ်ကြ. . ဟားကြ. . မချင့်မရဲ ဝိုင်းဖြစ်ကြပေါ့ တွေ့ဖူးချင် လှသပေါ့။

“နက်ဖြန် ရှင်တို့မြင်ဖူးချင်နေသူကို အရှင်လတ်လတ် မြင်ရ မယ်၊ ကျွန်မကံကောင်းတယ်၊ သူလည်း စာရေးဆရာပဲကွဲ့ face-book မှာ တအံ့တသြ သူ့ပုံကိုတွေ့လိုက်တာ၊ သူ့စာပေတိုက်မှာ သူ့လိပ်စာသွားမေးမယ်၊ ရအောင်တောင်းမယ်၊ ရအောင်တွေ့မယ် အလန်းစားသာ. . ဝတ်ခဲ့ကြ”

“ဟေး” “ဟေး” “ဟေး”

ဆရာမဘဝမှာ အတွေ့ချင်ဆုံးလူဟာ သူပဲကွယ်. . .

ညက အိပ်လို့တောင် မပျော်ဘူးလို့ဆို. . .

ဆရာမချစ်ချစ်ကိုတွေ့ဖို့ တက်ကြွစွာ ချီတက်လာနေကြပါ ပြီ. . ။ ဟုတ်ကဲ့ မလွဲမသွေတွေ့ပါတော့မယ်။

တွေ့ရင်တော့ ပွဲကြီးပွဲကောင်းပဲ။

တွေ့ရင် ဘာတွေဖြစ်ကြမလဲ ခင်ဗျားတို့မသိချင်ဘူးလား?

မ,ဘက်ဆိုင်ရာပညာရှင်နဲ့. . မ,ကျမ်းလည်းကျေတယ်ဆို





တော့. . . ဘယ်လိုဇာတ်သိမ်းမလဲ မသိချင်ကြဘူးလား?

ဟုတ်ကဲ့. . .

ကျွန်တော်လည်း အဲ့ဒါပဲသိချင်နေတာ။ ။

**လို၍မရခြင်း ကင်းပါစေ**

စာရှုသူခင်ဗျား. . .

ကျေးဇူးပြုပြီး

ခေါင်းစဉ်ကို ပြန်ဖတ်ကြည့်ပါ၊

အဲ့ဒီခေါင်းစဉ်အတိုင်း ဖြစ်မသွားဘူးလားဟင်. .

ကျွန်တော့ရည်ရွယ်ချက် အောင်မြင်ပါတယ်နော၊

ကျိန်ဆဲကြလည်း

ပျော်ပျော်ပဲ အဆဲခံပါ့မယ်။

(နှတ် ရှာ မိုး)



www.burmeseclassic.com